PDF Compressor Free Version

နိုင်ငံတော်သမ္မတမြို့ သဘာဝပတ်ဝန်းကျင် ဆိုင်ရာကြိုး

သစ်တောကြေးမုံ

၂၀၂၄ ဇွန်လ နိဂုံးအာလ









မြေငြိမ်ဆိုင်ဆိုင် လတန်ဆောင်တိုင်

PDF Compressor Free Version

မာတိကာ

"နှင်းငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့"

မျက်နှာဖုံး

✧ မာရဝိဇယပုဒ္ဓရုပ်ပွားတော်မြတ်ကြီးတွင် စိမ်းလန်းမြေ မီးပုံးပျံအား လွှတ်တင်ပူဇော်ခြင်း - ဓါတ်ပုံ - ခင်ချိုလင်း (အကြီးတန်းစာရေး)၊ တိုးချဲ့ပညာပေးရေးဌာနခွဲ — မျက်နှာဖုံး

ဒေါင်းကြီး

✧ သစ်တောဝန်ထမ်းဟူသည် — ၁

သတင်းများကဏ္ဍ

✧ သစ်တောသတင်းများ — ၂-၇

သစ်ငုတ်ကဏ္ဍ

✧ မျက်စိလည်သည့် ဖိုးသူတော် - အုန်းလွင်လေး — ၂၉-၃၁

✧ သစ်ပင်နှင့် ကုသိုလ် - ဦးစော်သိန်းထွဋ် (ဦးစီးအရာရှိ) — ၃၂-၃၄

✧ ရှင်မတောင်ဒေသအား စိမ်းလန်းစိုပြည်အောင် ကြိုးပမ်းခဲ့မှုများ - လင်းထက် (စိမ်း / စို မတ္တရာ) — ၄၅-၄၇

အခြားသောသိမှတ်ဖွယ်ရာဆက်စပ်ကဏ္ဍ

✧ စွမ်းရည်ပြည့်ဝ နှလုံးလှဖို့ - ဆင်းသိဟ — ၂၃-၂၄၊ ၂၈

ဘာဝတစ်ငလျှက်ကဏ္ဍ

✧ မြန်မာပြည်သစ်တောဌာန၏ သုတေသန နှစ် (၁၀၀) ကျော် ခရီး- အပိုင်း (၂) - ဝင်းချစ် (အမျိုးသားစာပေဆုရ) — ၁၄-၁၈

✧ မောင်ဖိုးထွန်း မုဆိုးဘဝ ဇာတ်သိမ်းခြင်း - ထွန်းလွင် (BFS 73-75) — ၄၈-၄၉

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍ

✧ ဂေဟစနစ်ဆိုင်ရာ ယဉ်ကျေးမှု (Ecological Civilization) - ဒေါက်တာသောင်းနိုင်ဦး — ၈-၁၃၊ ၁၈

✧ မြန်မာ့သယံဇာတထုတ်ယူခြင်းစီးပွားရေးလုပ်ငန်းများနှင့် သဘာဝ.... - ဦးစိန်သက်၊ ညွှန်ကြားရေးမှူး (ငြိမ်း) — ၁၉-၂၂

✧ ကမ္ဘာမြေရဲ့ နယ်နိမိတ်စည်း - လမင်းသန်း (ပတ်ဝန်းကျင်ထိန်းသိမ်းရေး) — ၂၅-၂၈

ဂီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးကဏ္ဍ

✧ သဘာဝပတ်ဝန်းကျင်ကို ကောင်းကျိုးပြုသော ခရရုပ်ငှက်များအကြောင်း- မသန်းလှ (ပညာရေး) — ၄၁-၄၃

ဂီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးကဏ္ဍ

✧ ဖရုံစုပ်ဂျုပိုး (သို့မဟုတ်) ဒေသအခေါ် ကျောက်ဂျုပိုး.... - အယ်လ်. ကေစိယွန် (တောအုပ်ကြီး)၊ ဝန်းကျင်/သားငှက်ဌာနခွဲ — ၃၅-၃၇

ကဗျာ / ကာတွန်း / ဟာသ

✧ ရှင်သန်ခြင်း - မင်းဇာနွယ် (အောင်လံ) — ၄၄

✧ ကာတွန်း - အော်ပီကျယ် — ၄၄

✧ အဘိုးလေးပြောတဲ့ မှတ်စရာ - အုန်းလွင်လေး — ၄၀

အင်္ဂလိပ်ကဏ္ဍ

✧ An Old Forester Looks Back. (50).... - U Sein Thet — ၃၈-၄၀

နောက်ကျောဖုံး

✧ ငြိစွာရာသီ တန်ဆောင်မုန်းလဖွဲ့ - ဖိုးသူတော် ဦးမင်း — နောက်ကျောဖုံး

စာတည်းမှူးချုပ်နှင့် ထုတ်ဝေသူ

ဦးသိန်းနိုင်ကြွယ်

ညွှန်ကြားရေးမှူး၊ တိုးချဲ့ပညာပေးရေးဌာနခွဲ

ရုံးအမှတ်(၃၉)၊ သစ်တောဦးစီးဌာန၊

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

နေပြည်တော်

ထုတ်ဝေခွင့်အမှတ် - (မြ-၀၀၄၀၀)

ဒုတိယစာတည်းမှူးချုပ်

ဦးအောင်နိုင်ဌေး - ဒုတိယညွှန်ကြားရေးမှူး

စာတည်းမှူး

ဦးအုန်းလွင်-၃ - လက်ထောက်ညွှန်ကြားရေးမှူး

စာတည်း

ဦးစော်လင်းသန်း ဦးစီးအရာရှိ

ဒေါ်မေမင်မြင့် ဦးစီးအရာရှိ (English Editor)

စာအုပ်အတွင်းအပြင်ဒီဇိုင်း

စောဇော်ဖြိုး၊ စောစောမွန်

ပုံနှိပ်သူ

ဦးရဲလွင်ဌေး(မြ-၀၁၁၅၅)

ပေါ်ပြူလာမိသားစုပုံနှိပ်တိုက်

(ပ-၁၈၃)၊ ပွဲရုံတန်း၊ မြို့မဈေး၊ ဓမ္မာသီရိမြို့နယ်၊

နေပြည်တော်

ဆက်သွယ်ရန် - ၀၆၇-၃၄၀၅၅၅၄

fdextension39@gmail.com

PDF Compressor Free Version

သစ်တောဝန်ထမ်းများသည်

၂၀၁၈ ခုနှစ် သစ်တောဥပဒေပါစကားရပ်တွင် သစ်တောဝန်ထမ်းဆိုသည်မှာ သစ်တောဦးစီးဌာန၏ တောကြပ်မှ ညွှန်ကြားရေးမှူးချုပ်အထိ အဆင့်ဆင့်သော သစ်တောစီမံခန့်ခွဲမှုဆိုင်ရာ ဝန်ထမ်းများကိုဆိုသည်ဟု ဖွင့်ဆိုထားပါသည်။

သစ်တောဝန်ထမ်းများသည် နိုင်ငံ့ဝန်ထမ်းများဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းသစ္စာအဓိဋ္ဌာန် (၆) ချက်ကို ဦးထိပ်ပန်ဆင်၍ နိုင်ငံတော်အစိုးရက ချမှတ်ထားသော မူဝါဒ၊ လုပ်ငန်းစဉ်များကို ဆောင်ရွက်သကဲ့သို့ ဌာန၏ သစ်တော မူဝါဒ (၆) ချက်ကို လက်တွေ့အကောင်အထည်ဖော်လျက်ရှိပါသည်။

သစ်တောဝန်ထမ်းများသည် မိမိတို့၏ သစ်တောဥပဒေပါ ပုဒ်မများအတိုင်း အလေးထားဆောင်ရွက်သကဲ့သို့ နိုင်ငံ့ဝန်ထမ်းဥပဒေကို လိုက်နာတတ်သူများလည်းဖြစ်သည်။

သစ်တောဝန်ထမ်းများသည် လူသားအပါအဝင်သက်ရှိများ ရှင်သန်ရေးအတွက်ရာသီဥတုမျှတစေရေး၊ ဂေဟစနစ်ဖွံ့ဖြိုးစေရေး၊ ဇီဝမျိုးစုံမျိုးကွဲများတိုးပွားစေရေး၊ နိုင်ငံတော်၏ အဖိုးတန်သစ်တောသယံဇာတများကို ရေရှည်တည်တံ့စေရေးနှင့် နောင်သားစဉ်မြေးဆက်တိုင် စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ရေးအတွက် သဘာဝသစ်တောများကို ပြုစုထိန်းသိမ်းခြင်း၊ သစ်တောစိုက်ခင်းများတည်ထောင်ခြင်းများကို ဆောင်ရွက်လျက်ရှိကြသည်။ ထို့အတူ တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်း ထုတ်လုပ်မှုများကို ကြိုတင်တားဆီးကာကွယ်ခြင်း ရှာဖွေဖော်ထုတ်ဖမ်းဆီးခြင်း လုပ်ငန်းများကိုလည်း အလေးထား ဆောင်ရွက်လျက်ရှိပါသည်။

ထိုကဲ့သို့ သစ်တောထွက်ပစ္စည်းများ၊ တရားမဝင်ထုတ်ယူမှုများအား ရှာဖွေဖော်ထုတ်ဖမ်းဆီးရာတွင် မသမာသူများ၏ နှောင့်ယှက်ခြင်း၊ ကိုယ်ထိလက်ရောက်ရန်ပြုခြင်း၊ တရားမဝင် သစ်လုပ်ကိုင်သူများ၏ ခြိမ်းခြောက်ခြင်းများနှင့် ကိုယ်ကျင့်တရားပျက်ပြားစေရန် ဖြားယောင်းသွေးဆောင်မှုများကိုလည်း ရင်ဆိုင်တွေ့ကြုံရပါသည်။

အဆင့်ဆင့်သော သစ်တောဝန်ထမ်းများသည် လုပ်ငန်းသဘာဝအရ တောတောင်နယ်မြေတုံတွင် ကျင်လည်ရင်း မည်သို့ပင်ပန်းပါစေ၊ အခက်အခဲရှိလည်း ကျော်ဖြတ်ရင်း ပြည်သူများအတွင်း သစ်တောပြုစုထိန်းသိမ်းရေး၊ တရားမဝင်သစ်ထုတ်လုပ်ခြင်း ကြိုတင်တားဆီးကာကွယ်ရေး၊ ရာသီဥတုပြောင်းလဲမှုလျော့ရေးစသည့် သစ်တောသစ်ပင်ရေးရာနှင့် ပတ်ဝန်းကျင်ရေးရာများကို အသိပညာပေးဖြန့်ဝေလျက်ရှိပြီး ပြည်သူများ ပူးပေါင်းပါဝင်လာစေရန်လည်း စည်းရုံးဆောင်ရွက်လျက်ရှိသည်။

သစ်တောဝန်ထမ်းများ၏ တာဝန်ကျပွန်မှု၊ ဌာနနှင့်နိုင်ငံတော်အပေါ် သစ္စာစောင့်သိမှု၊ ပြည်သူတို့၏ အသိစိတ်ဓာတ်ရှိရှိဖြင့် ပူးပေါင်းဆောင်ရွက်မှုတို့သည် နိုင်ငံတော်၏ သစ်တောသယံဇာတအပါအဝင် အခြားသော သယံဇာတများကို ထိန်းသိမ်းခြင်းနှင့် ကောင်းမွန်သော ပတ်ဝန်းကျင်ဖန်တီးခြင်း မည်ပါပေသည်။

သစ်တောဝန်ထမ်းများသည် မိမိတို့၏ မူလသစ်တောပြုစုထိန်းသိမ်းကာကွယ်ခြင်း၊ နိုင်ငံတော်အတွက် သစ်တောသယံဇာတဖြင့် နိုင်ငံခြားဝင်ငွေ ရှာဖွေပေးသည့်အပြင် နိုင်ငံတော်ကာကွယ်ရေးအတွက် လိုအပ်လာပါက လက်နက်ကိုင်ဆောင်ပြီး ရှေ့ဆုံးမှ ပါဝင်ကာ သက်စွန့်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။

ခေတ်အဆက်ဆက်တွင် နိုင်ငံတော်နှင့် သစ်တောဦးစီးဌာန၏ ဝန်ထမ်းကောင်းများအဖြစ် ဂုဏ်ပြုခံရသည့် သစ်တောဝန်ထမ်းများ၏ အစဉ်အလာကောင်းများကို ဆက်ခံပြီး နိုင်ငံနှင့်လူမျိုးအကျိုးတွက်သာမက သက်ရှိလူသားအားလုံးအကျိုးအတွက် ပတ်ဝန်းကျင်ကောင်းဖြစ်စေရေး ရည်မှော်အားထုတ်သည့် သစ်တောဝန်ထမ်းကောင်းများ ဖြစ်ရန် ကြိုးစားဆောင်ရွက်ကြဖို့ တိုက်တွန်းရေးသားဖော်ပြအပ်ပါသည်။

သစ်တောမူဝါဒ (၆)ချက်

(၁) ကာကွယ်ခြင်း

ရေ၊ မြေ၊ တောရိုင်းတိရစ္ဆာန်၊ ဇီဝမျိုးစုံနှင့် သဘာဝ ဝန်းကျင်ကို ကာကွယ်ရမည်။

(၂) ထာဝစဉ်တည်တံ့စေခြင်း

လက်ရှိပြည်သူလူထုနှင့် နောင်လာနောက်သားများပါ သစ်တောများမှရရှိနိုင်သည့် တိုက်ရိုက်နှင့်သွယ်ဝိုက်သော အကျိုးများကို စဉ်ဆက်မပြတ် ခံစားနိုင်ကြစေရန် သစ်တော သယံဇာတအရင်းအမြစ်များကို ထာဝစဉ် တည်တံ့နေစေ ရေအတွက် ထိန်းသိမ်းရမည်။

(၃) အခြေခံစားဝတ်နေရေးလိုအပ်ချက်များ ပြည့်ဆည်းပေးခြင်း

ပြည်သူလူထု၏ လောင်စာ၊ နေအိမ်အဆောက်အအုံ၊ အစားအစာနှင့် အပန်းဖြေနားနေမှုအစရှိသည့် အခြေခံ စားဝတ်နေရေး လိုအပ်ချက်များကို ပြည့်ဆည်းပေးရမည်။

(၄) စွမ်းဆောင်ရည်တိုးတက်မြင့်မားစေခြင်း

သစ်တောသယံဇာတများမှ ရရှိနိုင်သည် စီးပွားရေး အကျိုးအမြတ်တို့အား လူမှုရေးနှင့် သဘာဝဝန်းကျင် ထိန်းသိမ်း ရေးဆိုင်ရာတို့ကို မထိခိုက်စေဘဲ အပြည်အဝအသုံးချနိုင်ရန် စီမံရမည်။

(၅) ပြည်သူတို့က ပူးပေါင်းပါဝင်ဆောင်ရွက်လာစေခြင်း

သစ်တောများပြုစုထိန်းသိမ်းရေးနှင့် သစ်တောသယံဇာတများ အသုံးချရေးဆိုင်ရာလုပ်ငန်းတို့တွင် ပြည်သူတို့က ပူးပေါင်းပါဝင်လာကြစေရန် ဆောင်ရွက်သွားရမည်။

(၆) ပြည်သူအတွင်း နှီးကြားထကြွသည့် အသိနှင့်သန်နေစေခြင်း

နိုင်ငံတော်၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဖော်ဆောင်ရာတွင် သစ်တောများ၏ အဓိကအခန်းမှ ပါဝင်နေကြောင်းကို ပြည်သူတို့အတွင်း နှီးကြားသည့် အသိနှင့်သန်နေစေရန် စည်းရုံးလှုံ့ဆော်သွားရမည်။

PDF Compressor Free Version

သတင်းကဏ္ဍ

ဦးစီးအရာရှိ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း အမှတ်စဉ် (၁၅) သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ



ဦးစီးအရာရှိ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း အမှတ်စဉ် (၁၅) သင်တန်းဖွင့်ပွဲအခမ်းအနားကို (၁၂-၁၀-၂၀၂၆) ရက်နေ့ နံနက် (၀၉:၀၀) အချိန်တွင် သစ်တောသုတေသနဌာနခွဲ၊ စုဝေးခန်းမ၊ ရေဆင်း၌ ကျင်းပရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦး တက်ရောက် အဖွင့် အမှာစကားမြွက်ကြားသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် ဝန်ကြီးဌာနနှင့် သစ်တောဦးစီးဌာန၏ တာဝန်ဝတ္တရားများကို နားလည်သဘောပေါက်ပြီး နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်များတွင် ကိုယ်တိုင်ကိုယ်ကျ ပါဝင်ကာ တာဝန်ယူဆောင်ရွက်တတ်စေရန်၊ ဦးစီးအရာရှိများ၏ စီမံခန့်ခွဲမှုနှင့် သစ်တောလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားလာစေရန်နှင့် သစ်တောသယံဇာတများ ရေရှည် တည်တံ့ရေးအတွက် တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော ခေါင်းဆောင်ကောင်းများဖြစ်လာစေရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်း ဖြစ်ပါကြောင်း၊ ဝန်ထမ်းများသည် ရိုးသားရမည်၊ ကြိုးစားရမည်ဖြစ်ပြီး မည်သည့်အလုပ်ကိုမျှ ပေါ့ပေါ့တန်တန် မလုပ်ဘဲ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ရိုးသားစွာဖြင့် လုံ့လဝီရိယထားကာ မှန်ကန်မြန်ဆန်စွာ ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း ပြောကြားသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာ ဦးစီးဌာန/လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်ပါမောက္ခချုပ်၊ ညွှန်ကြားရေးမှူးများ၊ အရာထမ်း/အမှုထမ်းများ၊ သင်တန်းဆရာ များနှင့် သင်တန်းသားများ (၂၀)ဦး တက်ရောက်ခဲ့သည်။

အဆိုပါသင်တန်းတွင် သစ်တောဥပဒေ၊ နည်းဥပဒေများ၊ သစ်တောပြစ်မှုများ တရားစွဲဆိုရေးနှင့် ငွေကြေးခဝါချမှု တိုက်ဖျက်ရေး၊ သစ်တောစီမံကိန်းရေးဆွဲခြင်း၊ ဘတ်ဂျက်နှင့်ဘဏ္ဍာရေးစည်းမျဉ်းများ၊ ဝန်ထမ်းရေးရာနှင့် ဝန်ထမ်းစည်းမျဉ်း ဆိုင်ရာများ၊ သုတေသနဆောင်ရွက်မှုရလဒ်များ၊ ရေဝေရေလဲနှင့်ဒီရေတောထိန်းသိမ်းရေး၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင်

PDF Compressor Free Version

သစ်တောလုပ်ငန်းနှင့် စိုက်ခင်းတည်ထောင်ရေးစီမံကိန်းများ၊ ဇီဝမျိုးစုံမျိုးကွဲ၊ တောရိုင်းတိရစ္ဆာန်ကာကွယ်ရေး ဘာသာရပ်များကို သင်ကြားပို့ချခဲ့ကြပြီး ကိုရင်ကြီးများသည်ကောင်း၊ စာရင်းစစ်ကန့်ကွက်ချက် မဖြစ်ပေါ်ရေးဆောင်ရွက်ရန် အချက်များ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာများ၊ သစ်တောထောက်ခံချက်ဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံဝန်ထမ်းဥပဒေ၊ နည်းဥပဒေများ၊ Handheld GPS and Map Projection၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဆိုင်ရာများနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာစီမံခန့်ခွဲမှုဘာသာရပ်များကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၊ မြန်မာနိုင်ငံသစ်တောထောက်ခံချက်ပြုရေးကော်မတီ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဝန်ထမ်းရေးရာဦးစီးဌာန၊ မြေတိုင်းဦးစီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့မှ သင်တန်းဆရာများအား ဖိတ်ကြား၍ (၁၂-၁၀-၂၀၂၆) ရက်နေ့မှ (၂၃-၁၀-၂၀၂၆) ရက်နေ့အထိ (၂) ပတ်ကြာ ဖွင့်လှစ် သင်ကြားကြောင်း သိရသည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မိတ္ထီလာခရိုင်အတွင်း စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး



သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင်ဦးသည် (၂၀-၁၀-၂၀၂၆)ရက်၊ အင်္ဂါနေ့တွင် ဝန်ကြီးဌာနအောက်ရှိ ဌာန/လုပ်ငန်းများမှ တာဝန်ရှိသူများလိုက်ပါ၍ ရမည်းသင်းခရိုင်နှင့် မိတ္ထီလာခရိုင်အတွင်းရှိ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးပြီး ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံမှာကြားသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီးသည် သာစည်မြို့နယ်၊ သစ်တောဦးစီးဌာန၏ ကျွန်းသစ်စေ့ထုတ်ဧရိယာ (၂၁)ဧက၊ ၂၀၂၄ ခုနှစ်တွင် စိုက်ပျိုးခဲ့သော စီးပွားရေး (ကျွန်း) စိုက်ခင်း (၁၁၀) ဧက နှင့် ၂၀၂၆ ခုနှစ်တွင် စိုက်ပျိုးခဲ့သော စီးပွားရေး (ကျွန်း) စိုက်ခင်း (၁၁၉) ဧကတို့၏ ရှင်သန်အောင်မြင်မှုအခြေအနေများအား လည်းကောင်း၊ မိတ္ထီလာမြို့နယ်၌ ကျင်းပခဲ့သည့် ၂၀၂၆ ခုနှစ် မိုးရာသီ (စတုတ္ထအကြိမ်) တိုင်းဒေသကြီးအဆင့် သစ်ပင်စိုက်ပျိုးပွဲနှင့် ၂၀၂၅ ခုနှစ် မိုးရာသီ နိုင်ငံတော်အဆင့် သစ်ပင်စိုက်ပျိုးပွဲတို့မှစိုက်ပင်များ၏ ရှင်သန်ကြီးထွားမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး မိတ္ထီလာခရိုင်အတွင်း စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ အထူးအလေးထားဆောင်ရွက်ရန်နှင့် ပူပြင်းခြောက်သွေ့ရာသီတွင် တောမီးနှင့်အခြားမီးလောင်ကျွမ်းမှုကြောင့် ဖြစ်ပေါ်စေနိုင်သည့်ဒေသတွင်း Fire hotspot ဖြစ်ပေါ်မှုလျော့ချရေး အလေးထားဆောင်ရွက်သွားကြရန် မှာကြားသည်။ ထို့နောက် မိတ္ထီလာခရိုင်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှူးရုံး၌ ဝန်ကြီးဌာနအောက်ရှိဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အယ်လ်နီညိုလမ်းညွှန်ချက်များနှင့်အညီ သက်ရောက်မှုအနည်းဆုံးဖြစ်စေရေး ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားကြရန်၊ ဝန်ထမ်းများအနေဖြင့်လည်း တာဝန်ယူမှု၊ တာဝန်ခံမှုဖြင့် ပေးအပ်သည့် တာဝန်များကို ကျေပွန်စွာထမ်းဆောင်သွားကြရန်နှင့် Fire hotspot ဖြစ်ပေါ်မှုများ၊ မီးခိုးမြူငွေ့ညစ်ညမ်းမှုများနှင့်ပတ်သက်၍လည်း အသိပညာပေးဟောပြောပွဲများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားကြရန် လမ်းညွှန်မှာကြားခဲ့သည်။

PDF Compressor Free Version

ယင်းနောက် ၂၀၂၅ ခုနှစ်မိုးရာသီတွင် သစ်တောဦးစီးဌာနမှ တာဝန်ယူစိုက်ပျိုးထားသော ရန်ကုန်–မန္တလေး အပြန်လမ်းမကြီး (ပုဖိုးကြီးကုန်းမှ ကြာရုံကြီးအထိ) နှင့် အင်းစိန်–ဒဂုံတာဝင်္သာဝဲယာ စိမ်းလန်းစိုပြည်ရေးစိုက်ခင်း (၅)ကော၊ (မိုင်တိုင်အမှတ် ၂၅၁/၃) တစ်အုပ်တစ်မ စိုက်ခင်း (၅) ကော နှင့် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေဦးစီးဌာနမှ တာဝန်ယူစိုက်ပျိုးထားသော လမ်းဘေးဝဲယာစိုက်ခင်း (၅၄၅) ပင်တို့၏ ရှင်သန်အောင်မြင်မှုအခြေအနေများကို အသီးသီး လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

သစ်တောဦးစီးဌာနနှင့် Worldview International Foundation (WIF) တို့၏ ဒီရေတောများ ပြန်လည်ထူထောင်ရေးဆိုင်ရာ စီမံကိန်းကြိုးကြပ်ရေးကော်မတီ အစည်းအဝေးကျင်းပ



သစ်တောဦးစီးဌာနနှင့် Worldview International Foundation (WIF) တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ဒီရေတောများ ပြန်လည်ထူထောင်ရေးအတွက် စွမ်းဆောင်ရည်တည်ဆောက်ခြင်း၊ သုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် မျိုးသုဉ်းပျောက်ကွယ်နိုင်ခြေရှိသော သစ်ခွမျိုးစိတ်များ ထိန်းသိမ်းရေးစီမံကိန်း၏ စီမံကိန်းကြိုးကြပ်ရေးကော်မတီ အစည်းအဝေး (၂/၂၀၂၆) ကို ၂၀၂၆ ခုနှစ်၊ (၁၂– ၁၀– ၂၀၂၆) ရက်၊ တနင်္လာနေ့ မွန်းလွဲ (၁၃:၀၀) နာရီအချိန်တွင် သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဇေယျ တက်ရောက်အဖွင့် အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ သစ်တောဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ WIF အဖွဲ့မှ Managing Director ဦးဘိုနီတို့ တက်ရောက်ကြသည်။

ဦးစွာ ညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ရောဝတီ၊ ရန်ကုန်၊ တနင်္သာရီ၊ ပဲခူးတိုင်းဒေသကြီးများနှင့် မွန်ပြည်နယ်တို့တွင် ဒီရေတောစိုက်ခင်းများတည်ထောင်ခြင်း၊ ဒေသခံပြည်သူများအတွက် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ပံ့ပိုးမှုများနှင့် ကျေးရွာ အခြေခံအဆောက်အဦများ ကူညီတည်ဆောက်ပေးနိုင်ခဲ့ကြောင်း၊ ၂၀၂၅ ခုနှစ် Forest Resource Assessment (FRA) ကိန်းဂဏန်းများအရ သစ်တောဦးစီးဌာန၏ ကြိုးပမ်းဆောင်ရွက်မှုများ၊ ဒေသခံပြည်သူများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုများကြောင့် ဒီရေတောဧရိယာမှာ ၂၀၂၀ ခုနှစ်ထက် (၁၉၈,၉၆၈) ကော တိုးတက်လာကြောင်း၊ လက်ရှိ MoU သက်တမ်းမှာ (၁၀) လခန့်သာ ကျန်ရှိတော့သဖြင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်သွားကြရန်နှင့် သက်တမ်းကုန်ဆုံးတော့မည့် MoU အသစ်ပြန်လည်ရေးထိုးနိုင်ရေးအတွက် သစ်တောဦးစီးဌာန၏ အကြံပြုချက်များကို ရယူကာ ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားရန် တိုက်တွန်းခဲ့ကြောင်းသိရှိရသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာသူများက စီမံကိန်းတိုးတက်မှု၊ ရန်ပုံငွေသုံးစွဲမှုနှင့် ကြားကာလအတွင်း ပိုမိုကောင်းမွန်သည့် ပူးပေါင်းဆောင်ရွက်မှုရလဒ်များ ရရှိနိုင်ရေးအတွက် အကြံပြု ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

မီးခိုးမြှုပ်နွေ့ လျော့ချရေးဆိုင်ရာ ဟောပြောပွဲများ ဆောင်ရွက်မှုသတင်း

PDF Compressor Free Version

မန္တလေးတိုင်းဒေသကြီး

မန္တလေးတိုင်းဒေသကြီး၊ သစ်တောဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်၊ ၂၀၂၆ ခုနှစ်၊ မတ်လ (၃၁) ရက်မှ အောက်တိုဘာလ (၁၆) ရက်အထိ မဟာအောင်မြေ၊ အောင်မြေသာစံ၊ ပုသိမ်ကြီး၊ ပြင်ဦးလွင်၊ ကျောက်ဆည်၊ တံတားဦး (စဉ့်ကိုင်)၊ မြစ်သား၊ မိတ္ထီလာ၊ သာစည်၊ ဝမ်းတွင်း၊ မလှိုင်၊ ရမည်းသင်း၊ ပျော်ဘွယ်၊ ညောင်ဦးနှင့် ကျောက်ပန်းတောင်းမြို့နယ်များရှိ ဓမ္မာရုံများ၊ ကျေးရွာများ၊ စာသင်ကျောင်းများနှင့် ပျိုးဥယျာဉ်တို့တွင် သစ်တောဦးစီးဌာနမှ တာဝန်ရှိဝန်ထမ်းများ ဦးဆောင်၍ မီးခိုးမြှုပ်နွေ့ လျော့ချရေးဆိုင်ရာ ဟောပြောပွဲ (၄၈၃) ကြိမ်ကျင်းပနိုင်ခဲ့ပြီး ကျား (၁,၁၁၈) ဦး၊ မ (၁,၁၄၅) ဦး၊ စုစုပေါင်း (၂,၂၆၃) ဦး တက်ရောက်နိုင်ခဲ့ပါသည်။



ရှမ်းပြည်နယ်



ရှမ်းပြည်နယ်၊ သစ်တောဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်၊ ၂၀၂၆ ခုနှစ်၊ မတ်လ (၃၁) ရက်မှ အောက်တိုဘာလ (၁၆) ရက်အထိ တောင်ကြီး၊ ကလော၊ ရပ်စောက်၊ ဆီဆိုင်၊ ဟိုပုံး၊ ပင်လောင်း၊ ပင်းတယ၊ လင်းခေး၊ မိုင်းပန်၊ ကျိုင်းတုံ၊ မိုင်းတုံ၊ မိုင်းဆတ်၊ တာချီလိတ်၊ မိုင်းဖြတ်၊ လွိုင်လင်၊ ကွန်ဟိန်း၊ နမ့်စန်၊ တန့်ယန်း၊ မိုင်းရယ်၊ မူဆယ်နှင့် သီပေါမြို့နယ်များရှိ ဓမ္မာရုံများ၊ ကျေးရွာများ၊ စာသင်ကျောင်းများနှင့် ပျိုးဥယျာဉ်တို့တွင် မီးခိုးမြှုပ်နွေ့ လျော့ချရေးဆိုင်ရာ ဟောပြောပွဲ (၈၁) ကြိမ် ကျင်းပနိုင်ခဲ့ပြီး ကျား (၂,၄၃၈) ဦး၊ မ (၂,၃၅၉) ဦး၊ စုစုပေါင်း (၄,၇၉၇) ဦး တက်ရောက်နိုင်ခဲ့ပါသည်။

ပဲခူးတိုင်းဒေသကြီး

ပဲခူးတိုင်းဒေသကြီး၊ သစ်တောဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်၊ ၂၀၂၆ ခုနှစ်၊ မတ်လ (၃၁) ရက်မှ အောက်တိုဘာလ (၁၆) ရက်အထိ တောင်ငူ၊ ရေတာရှည်၊ အုတ်တွင်း၊ ဖြူး၊ ပဲခူး၊ ဒိုက်ဦး၊ ကျောက်တံခါး၊ ညောင်လေးပင်၊ သာယာဝတီ၊ လက်ပံတန်း၊ မင်းလှ၊ အုတ်ဖို၊ ကြို့ပင်ကောက်၊ ဇီးကုန်း၊ နတ်တလင်း၊ ပြည်၊ ပေါင်းတည်၊ သဲကုန်း၊ ရွှေတောင်၊ ပန်းတောင်းနှင့် ပေါက်ခေါင်းမြို့နယ်များရှိ ဓမ္မာရုံများ၊ ကျေးရွာများ၊ စာသင်ကျောင်းများနှင့် ပျိုးဥယျာဉ်များတို့တွင် မီးခိုးမြှုပ်နွေ့ လျော့ချရေးဆိုင်ရာ ဟောပြောပွဲ (၈၁) ကြိမ်ကျင်းပနိုင်ခဲ့ပြီး ကျား (၁,၆၉၅) ဦး၊ မ (၁,၀၇၅) ဦး၊ စုစုပေါင်း (၂,၇၇၀) ဦး တက်ရောက်နိုင်ခဲ့ပါသည်။



PDFCompressor Free Version

အယ်လ်နီညိုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာနိုင်သော မီးခိုးမြူငွေ့လျှော့ချရေး အသိပညာပေးဟောပြောပွဲများနှင့် သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေး၊ မီးခိုးမြူငွေ့လျှော့ချရေး အသိပညာပေးဟောပြောပွဲများကျင်းပ

မိုးလေဝသနှင့် ဧလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်များအရ ၂၀၂၆ ခုနှစ်၊ နှစ်ကုန်ပိုင်းတွင် အားအလွန်ကောင်းသော အယ်လ်နီညို (El Niño) အခြေအနေသို့ ရောက်ရှိနိုင်ပြီး အယ်လ်နီညိုဖြစ်စဉ်ကြောင့် မိုးရွာသွန်းမှု မမှန်ခြင်း၊ လာမည့်ဆောင်းရာသီနှင့် နွေရာသီကာလများတွင် နေ့အပူချိန်များ မြင့်မားခြင်း၊ မိုးခေါင်ရေရှားခြင်း စသည့် အစွန်းရောက် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပြီး၊ သစ်တောကဏ္ဍတွင် သစ်တောများ ခြောက်သွေ့လွယ်ကာ တောမီးလောင်ကျွမ်းမှုနှင့် မီးခိုးမြူငွေ့ ဖြစ်ပေါ်မှုအန္တရာယ်များကို ပိုမိုမြင့်မားလာစေနိုင်သည်။

ထို့သို့ အယ်လ်နီညိုဖြစ်စဉ်၏ ဆိုးကျိုးသက်ရောက်မှုများကြောင့် တောမီးအန္တရာယ် အလွန်မြင့်မားလာနိုင်သည့် အတွက် သစ်တောဦးစီးဌာနအနေဖြင့် ၂၀၂၆ ခုနှစ်တွင် Fire Hotspot ဖြစ်ပေါ်မှု ၂၀ ရာခိုင်နှုန်း လျှော့ချရန်ရည်မှန်းချက်ထားရှိကာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိမြို့နယ်၊ ခရိုင်များအလိုက် သစ်တောဝန်ထမ်းများမှ ပြည်သူလူထုနှင့်ပူးပေါင်းကာ ''သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ'' များကို စာသင်ကျောင်းများနှင့် ကျေးရွာများတွင် အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါ အသိပညာပေးဟောပြောပွဲများတွင် သစ်တောပြုန်းတီးခြင်းဆိုင်ရာ သတိပြုဖွယ်ရာများ၊ တောမီးထိန်းချုပ်ရေးဆိုင်ရာ နည်းလမ်းများနှင့် မီးခိုးမြူငွေ့လျှော့ချရေးအစီအစဉ်များကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးဟောပြောသွားမည်ဖြစ်ပြီး ခရိုင်များအလိုက် လစဉ်ပုံမှန် အနည်းဆုံး (၂) ကြိမ်နှုန်းဖြင့် ကွင်းဆင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်၊ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ (ဒုတိယပတ်)အထိ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်များတွင် ပြည်သူလူထုအသိပညာပေးဟောပြောပွဲ ဆောင်ရွက်ပြီးစီးမှုအခြေအနေ

စဉ်	ပြည်နယ်/ တိုင်းဒေသကြီး	မီးခိုးမြူငွေ့လျှော့ချရေး ဆိုင်ရာ ဟောပြောပွဲ	
		ကြိမ်ရေ	ဦးရေ
၁	နေပြည်တော်	၁၀	၃၈၉
၂	ကချင်	၁၈	၁,၁၆၀
၃	ကယား	၄	၄၁၈
၄	ကရင်	၅	၂၈၅
၅	ချင်း	၁	၅၅
၆	စစ်ကိုင်း	၃၅	၁,၇၂၅
၇	တနင်္သာရီ	၂၂	၁,၆၉၁
၈	ပဲခူး	၆၄	၂,၇၇၀
၉	မကွေး	၅၈	၃,၀၆၃
၁၀	မန္တလေး	၅၀	၂,၂၆၃
၁၁	မွန်	၄၉	၂,၈၈၇
၁၂	ရခိုင်	-	-
၁၃	ရန်ကုန်	၄၀	၂,၄၀၈
၁၄	ရှမ်း	၈၁	၄,၇၉၇
၁၅	ဧရာဝတီ	၄၆	၂,၃၈၆
စုစုပေါင်း		၄၈၃	၂၆,၂၉၇

သတင်းအရင်းအမြစ် – တိုးချဲ့ပညာပေးရေးဌာနခွဲ

နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ ဖမ်းဆီးရမိမှုစာရင်းချုပ်

PDF Compressor Free Version

သယ်ဖာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်း ပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System-CMRS) အပါအဝင်နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ **(၅-၁၀-၂၀၂၆) ရက်နေ့မှ (၁၁-၁၀-၂၀၂၆) ရက်နေ့အထိ** နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင် **ကျွန်း (၈၃.၀၀၁) တန်၊ သစ်မာ (၀.၄၅၄၄) တန်၊ အခြား (၇၅.၉၈၇၀) တန်၊ စုစုပေါင်း (၁၅၉.၄၄၂၆) တန်၊ ယာဉ်/ယန္တရား (၁၀) စီး၊ တရားခံ (၁၄) ဦး** ဖမ်းဆီးရမိခဲ့ပါကြောင်း၊ ဖမ်းဆီးရမိမှုများအနက် အများဆုံး ဖမ်းဆီးရမိမှုမှာ (၆-၁၀-၂၀၂၆) ရက်နေ့တွင် ရှမ်းပြည်နယ်၊ လင်းခေးခရိုင်၊ မိုးနဲမြို့နယ်၊ မြို့မ (ခ) ဘိနယ်၊ မိုးနဲမြို့နယ်၊ ဝမ်းတောင်ကြီးကျေးရွာမှ မိုးနဲသို့သွားကားလမ်းမှ တရားမဝင် ကျွန်း/ အင်/ သစ်စေး သစ်လုံး/ ခွဲသား စုစုပေါင်း (၂၉၉၄) လုံး/ ချောင်း (၃၁.၀၇၅၂) တန်၊ (၁၂)ဘီးယာဉ် (၃) စီး၊ ပိုင်ရှင်မဲ့ ဖမ်းဆီးရမိခဲ့ပါသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး၊ သစ်တောဦးစီးဌာနများ၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ဧပြီလမှ ဩဂုတ်လအထိ တရားမဝင်သစ် ဖမ်းဆီးရမိမှု ပြည်ထောင်စုစာရင်းချုပ်


စဉ်	အမျိုးအမည်	ရေတွက်ပုံ	အရေအတွက်	မှတ်ချက်
၁	ကျွန်း	တန်	၆၆၉	
၂	သစ်မာ	တန်	၃၅၃	
၃	အခြား	တန်	၁,၈၄၃	
	စုစုပေါင်း		**၂,၈၆၅**	

၄	မီးသွေး	တန်	၉၀၃	

၅	ကား	စီး	၁၀၀	
၆	မြေတူးစက်/ မြေကော်စက်/ ကရိန်း	စီး	၉	
၇	ထော်လာကျီ/ ဒိန်းဒေါင်း/ ထွန်စက်	စီး	၆	
၈	ဆိုင်ကယ်/ ဆိုက်တွဲယာဉ်/ နောက်တွဲ	စီး	၂၆	
၉	စက်လေ့/ ပဲ့ထောင်/ ရေယာဉ်	စီး	၁၄	
	စုစုပေါင်း		**၁၅၅**	**စဉ် (၅) မှ (၉)၊ ယာဉ်/ယန္တရား**

၁၀	သစ်စက်/ အင်ဂျင်	လုံး	၂၀	







ဂေဟစနစ်ဆိုင်ရာ ယဉ်ကျေးမှု

ဂေဟစနစ်ဆိုင်ရာ ယဉ်ကျေးမှု (Ecological Civilization) ဆိုသည်မှာ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်ခြင်း၊ သယံဇာတများကို ရေရှည်တည်တံ့စွာ အသုံးပြုခြင်းနှင့်အတူ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု၊ လူမှုဖွံ့ဖြိုးရေးနှင့်သဘာဝဂေဟစနစ်တို့ကို ဟန်ချက်ညီညွတ်စွာ ပေါင်းစပ်ဖော်ဆောင်သော လူ့ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်မှု ပုံစံတစ်ရပ် ဖြစ်သည်။ တစ်နည်းအားဖြင့် ဂေဟစနစ်ဆိုင်ရာယဉ်ကျေးမှုသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ လူမှုဘဝတိုးတက်မှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုတို့ကို ဟန်ချက်ညီညီ ပေါင်းစပ်ဆောင်ရွက်သည့် ဖွံ့ဖြိုးတိုးတက်မှု ပုံစံတစ်ရပ်ဖြစ်ပြီး ယနေ့မျိုးဆက်နှင့်အနာဂတ်မျိုးဆက်များအတွက် သာယာဝပြောသော လူ့အဖွဲ့အစည်းကို ဖန်တီးနိုင်သည့် ဖွံ့ဖြိုးတိုးတက်မှုပုံစံလည်းဖြစ်သည်။

ဂေဟစနစ်ဆိုင်ရာ ယဉ်ကျေးမှုသဘောတရားတွင် မြို့ပြသာမက ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ သစ်တောနှင့် သဘာဝသယံဇာတထိန်းသိမ်းရေး၊ စက်ရုံ/အလုပ်ရုံများဆိုင်ရာ မူဝါဒနှင့် ပြည်သူလူထု၏ ရေရှည်တည်တံ့သော စားသုံးမှုအလေ့အထများပါ ပါဝင်ပါသည်။ စီးပွားရေးတိုးတက်မှုကိုသာ ဦးစားပေးပြီး သဘာဝသယံဇာတများကို အလွန်အကျွံအသုံးချသည့် ဖွံ့ဖြိုးမှု ပုံစံမျိုးမဟုတ်ပဲ ဂေဟစနစ်ဆိုင်ရာယဉ်ကျေးမှုသည် သဘာဝဂေဟစနစ်၏ ခံနိုင်ရည်အတိုင်းအတာ (Ecological Limits) အတွင်းတွင် စီးပွားရေးနှင့်လူမှုရေးဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ရွက်ရန်ရည်ရွယ်ခြင်းဖြစ်သည်။ သဘာဝကို လေးစားတန်ဖိုးထားခြင်း၊ သဘာဝသယံဇာတများကို ထိရောက်စွာထိန်းသိမ်းအသုံးပြုခြင်း၊ ပျက်စီးနေသော ဂေဟစနစ်များကို ပြန်လည်ထူထောင်ခြင်း၊ အစိမ်းရောင်စီးပွားရေးနှင့် ကာဗွန်ထုတ်လွှတ်မှုနည်းသော ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ခြင်း၊ လူသားနှင့်သဘာဝအကြား ဟန်ချက်ညီညီနေထိုင်နိုင်သော လူ့အဖွဲ့အစည်းကို တည်ဆောက်ခြင်းစသည့် သဘောတရားတို့ကို အဓိကအခြေခံထားသည်။

လူသားများအပါအဝင် သက်ရှိများသည် သဘာဝ၏ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုသည် ကျန်းမာကြွံ့ခိုင်ပြီး တည်ငြိမ်သော ဂေဟစနစ်များအပေါ် အခြေခံတည်မှီထားမှုကို နားလည်လက်ခံလာသည့်အလျောက် ဂေဟစနစ်ဆိုင်ရာ ယဉ်ကျေးမှု (Ecological Civilization) ကို အလေးထားဖော်ဆောင်လာလျက်ရှိသည်။



ဂေဟစနစ်ဆိုင်ရာ ယဉ်ကျေးမှု ဖော်ဆောင်လာရခြင်း အဓိကအကြောင်းရင်းများ

၂၁ ရာစု၏ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းရာတွင် စီးပွားရေးတိုးတက်မှုတစ်ခုတည်းဖြင့် ဖြေရှင်းနိုင်မည်မဟုတ်ပဲ သဘာဝအရင်းအမြစ်များ၏ ရေရှည်တည်တံ့မှု၊ ရာသီဥတုဒဏ်ခံနိုင်ရည်ရှိမှုနှင့် ဂေဟစနစ်များ၏ ကြွံ့ခိုင်ကျန်းမာမှုတို့ကို ပေါင်းစပ်စဉ်းစားရန် လိုအပ်လာပါသည်။ ယနေ့ကမ္ဘာကြီးသည် သဘာဝအကြောင်းအရင်းများနှင့် လူတို့ပယောဂအမျိုးမျိုးကြောင့် ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေးအန္တရာယ်များ ခံစားရခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ လျော့နည်းလာခြင်း၊

PDF Compressor Free Version

သစ်တောပြုန်းတီးခြင်း၊ သဲကန္တာရဖြစ်ထွန်းလာခြင်း၊ ရေချို ရှားပါးလာခြင်းနှင့် ရေအရည်အသွေးကျဆင်းလာခြင်း၊ လေထုညစ်ညမ်းမှုတိုးပွားလာခြင်း၊ ပလတ်စတစ်ညစ်ညမ်းမှုများ ပိုမိုများပြားလာခြင်း၊ မြေဆီလွှာများပျက်စီးယိုယွင်းလာခြင်း၊ စားရေရိက္ခာရှားပါးခြင်း စသည့် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာပြဿနာများနှင့် စိန်ခေါ်မှုများကို ရင်ဆိုင်လာကြရသည်။

အဆိုပါပြဿနာများကို ဖြေရှင်းရန်နည်းလမ်းများစွာအနက် သဘာဝကိုအခြေခံသော ဖြေရှင်းခြင်းနည်းလမ်းများ (Nature-based Solutions - NbS) ကို ကျယ်ပြန့်စွာ အသုံးပြုလာကြသည်။ ဂေဟစနစ်အခြေပြု ဖြေရှင်းခြင်းနည်းလမ်းများနှင့် ဂေဟစနစ်ဆိုင်ရာယဉ်ကျေးမှုတို့သည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုကို ဦးတည်သည့် မျှော်မှန်းချက်မူဘောင်နှင့် လက်တွေ့ဆောင်ရွက်မှုလုပ်ငန်းစဉ်အဖြစ် နက်ရှိုင်းစွာ ဆက်စပ်နေကြပါသည်။ တစ်နည်းအားဖြင့် ဂေဟစနစ်ဆိုင်ရာယဉ်ကျေးမှုသည် လူ့အဖွဲ့အစည်း၏ လျှောက်လှမ်းလိုသည့် ''ခရီးပန်းတိုင်'' ဖြစ်ပြီး၊ သဘာဝကို အခြေခံသော ဖြေရှင်းခြင်းနည်းလမ်းများ (NbS) သည် ထိုပန်းတိုင်သို့ ရောက်ရှိစေရန် မောင်းနှင်ပေးသည့် ''ယာဉ်ရထား/နည်းလမ်း''ဟုဆိုနိုင်ပါသည်။ ထို့ကြောင့် ဂေဟစနစ်ဆိုင်ရာယဉ်ကျေးမှု ဖော်ဆောင်ခြင်းသည် အဆိုပါ ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများကို တစ်ပြိုင်နက်တည်း ဖြေရှင်းနိုင်သည့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေးလမ်းစဉ် တစ်ခုဖြစ်လာသည်။

ဂေဟစနစ်ဆိုင်ရာယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံမူများ

ဂေဟစနစ်အခြေပြု ယဉ်ကျေးမှု၏ အခြေခံမူကြီး (၄) ချက်ကို အောက်ဖော်ပြပါအတိုင်း တွေ့နိုင်သည်–

၁။ သဘာဝတရားကိုလေးစားပြီး သဘာဝတရားနှင့် အညီ လိုက်လျောညီထွေ နေထိုင်ခြင်း (Respect & Harmony with Nature)

လူသားများသည် သဘာဝတရားနှင့် သဘာဝ ဂေဟစနစ်ကြီး၏ အစိတ်အပိုင်းတစ်ခုသာ ဖြစ်သည်ဟု နားလည်လက်ခံပြီး လူသားများအနေဖြင့် သဘာဝကို အနိုင်ယူအသုံးချသူများ၊ ပျက်စီးစေသူများ မဟုတ်ဘဲ သဘာဝနှင့်အတူတကွ ယှဉ်တွဲနေထိုင်ပြီး လိုက်လျောညီထွေရှင်သန်ဖွံ့ဖြိုးစေရန် ကြိုးပမ်းဆောင်ရွက်ရမည်ဟူသော ''မူ'' ဖြစ်သည်။

စဉ်မှန်ပြီး ရေရှည်တည်တံ့သော ဟန်ချက်ညီမှုကို ရရှိရန်အတွက် သဘာဝအရင်းအမြစ်များကို ဆုတ်ယုတ်ကုန်ခန်းစေသော၊ ပျက်စီးစေသောစီမံခန့်ခွဲမှု (Extractive management) မှ သဘာဝ၏အရင်းအနှီးကို မထိခိုက်စေဘဲ ဂေဟစနစ်ထိန်းသိမ်းမှုကို အခြေခံသည့် ပြန်လည်ပြည့်ဖြိုးစေသော စီမံခန့်ခွဲမှု (Regenerative management) သို့ ကူးပြောင်းရန် လိုအပ်ပါသည်။ ဥပမာ–

- ✧ သဘာဝတရား၏ ဖြစ်စဉ်များနှင့် ကန့်သတ်ချက်များကို လေးစားခြင်း၊ တန်ဖိုးထားခြင်းနှင့်
- ✧ သဘာဝတရားကို ဖျက်ဆီး၍ တိုးတက်မှုကိုမရှာဘဲ သဘာဝ၏ဖြစ်တည်မှုနှင့်မူလစွမ်းအားများကို အသုံးချ၍ လိုက်လျောညီထွေရှင်သန်ခြင်း၊ ဖွံ့ဖြိုးစေရန် ဆောင်ရွက်ခြင်း။

ထင်သာမြင်သာသည့် လက်တွေ့လုပ်ငန်းများအနေဖြင့် ရေကြီးရေလျှံမှုကို ကာကွယ်ရန် ကွန်ကရစ်မြောင်းကြီးများ သီးသန့်ဆောက်လုပ်ခြင်းအစား သဘာဝရေဝပ်ဧရိယာများနှင့် ရေစိမ့်ဝင်နိုင်သော မြေပြင်ဧရိယာများ ဖန်တီးထားခြင်း၊ မြို့ပြရေစုကန်များ၊ ရေထိန်းကန်များ ဆောက်လုပ်ခြင်း၊ ရေစီးကြောင်းကို ကွန်ကရစ်ဖြင့် ပိတ်ဆို့ထိန်းချုပ်ရန်ဆောင်ရွက်ခြင်းထက် သဘာဝအတိုင်း စိမ့်ဝင်/စီးဆင်းစေနိုင်သည့် ရေစီးလမ်းကြောင်းများ စနစ်တကျဖော်ဆောင်ခြင်း၊ စိမ်းလန်းသောပန်းခြံများ၊ မြို့ပြဥယျာဉ်များ၊ လမ်းဘေးဝဲယာ အရိပ်ရအပင်များစိုက်ပျိုးခြင်း၊ တောင်စောင်းများတွင် လမ်းဖောက်သည့်အခါ ရေတိုက်စားမှုနှင့် မြေပြိုမှုကာကွယ်ရန် မြေထိန်းနံရံတွင် မြက်ပင်၊ ခြုံနွယ်ပင်များနှင့် အရွယ်ငယ်သည့် ပန်းပင်များစိုက်ပျိုးခြင်းစသည့် သဘာဝဖြစ်စဉ်၏ သဘောတရားအတိုင်း လိုက်လျောညီထွေအသုံးချဆောင်ရွက်ခြင်းတို့ဖြစ်သည်။ မြစ်၊ ချောင်း၊ အင်း၊ အိုင်များ၏ ရေဝေရေလဲဒေသများတွင် ရေဝေရေလဲသစ်တောများထိန်းသိမ်းခြင်း၊ တောင်စောင်း၊ တောင်ထိပ်များတွင် သစ်ပင်များ စိုက်ပျိုးခြင်းဖြင့် မြေပြိုမှု၊ မြေဆီလွှာတိုက်စားမှုများကာကွယ်ခြင်း၊ မြေဆီလွှာထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ သဘာဝရေထွက်တောများထိန်းသိမ်းခြင်းဖြင့် သဘာဝနှင့် လိုက်လျောညီထွေဖြစ်စေရေး ဆောင်ရွက်ကြရမည်ဖြစ်သည်။

၂။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဟန်ချက်ညီရေး (Balance between Ecology & Economy)

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် ပတ်ဝန်းကျင်ပျက်စီးယိုယွင်းမှုအပေါ်အခြေမခံသင့်ဟု ရှုမြင်သော ''မူ'' ဖြစ်သည်။ ဥပမာ–

- ◆ **အစိမ်းရောင် စီးပွားရေး (Green Economy)။** သဘာဝအရင်းအမြစ်များကို ကုန်စင်အောင်သုံးစွဲသည့် စီးပွားရေးပုံစံအစား ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များနှင့်စိမ်းလန်းသော နည်းပညာများကိုအခြေခံခြင်းနှင့်

◆ **ဂေဟစနစ်ဆိုင်ရာတန်ဖိုး (Ecological Value)။** သန့်ရှင်းသောလေ၊ သန့်ရှင်းသောရေနှင့်မြေဆီလွှာသော သစ်တောများသည် ပတ်ဝန်းကျင်ဆိုင်ရာဝန်ဆောင်မှုများ ပံ့ပိုးပေးလျက်ရှိသောကြောင့် ရုပ်ဝတ္ထုကြွယ်ဝမှုကဲ့သို့ပင် တန်ဖိုးရှိသည်ဟူသောမူကို ကိုင်စွဲခြင်း။

PDF Compressor Free Version

သစ်ပင်များက ထောက်ပံ့ပေးသော ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုများစွာအနက် အထူးထင်ရှားသည့် ဝန်ဆောင်မှုမှာ သစ်ပင်၊ သစ်တောများသည် လူသားများအပါအဝင် သက်ရှိများ ရှင်သန်နိုင်ရေးအတွက် မရှိမဖြစ်လိုအပ်သည့်အောက်စီဂျင်ကိုထုတ်ပေးပြီး ကမ္ဘာ့လေထုကို ပူနွေးစေပြီး ရာသီဥတုပြောင်းလဲမှုကို ဖြစ်ပေါ်စေသော ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ကို စုပ်ယူသိုလှောင်ပေးပြီး ရာသီဥတုကို ထိန်းညှိပေးခြင်းဖြစ်သည်။

သစ်တောများသည် အစိမ်းရောင်စီးပွားရေး **(Green Economy)** ၏ အခြေခံအုတ်မြစ်ဖြစ်ပြီး အရေးပါသော ပတ်ဝန်းကျင်စနစ်ဝန်ဆောင်မှုများ၊ ပြန်လည်အသုံးပြုနိုင်သော သဘာဝအရင်းအမြစ်များနှင့်အသက်မွေးဝမ်းကြောင်းလုပ်ငန်းများကို ပံ့ပိုးပေးနိုင်သည့်အပြင် ရာသီဥတုပြောင်းလဲမှုကို လျော့ချပေးရာတွင်လည်း အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ သစ်ပင်သစ်တောများနှင့် ဂေဟစနစ်အခြေပြုသော စီးပွားရေးလုပ်ငန်းများစွာဆောင်ရွက်နိုင်ပါသည်။

ထို့ကြောင့် ဂေဟစနစ်ဝန်ဆောင်မှုများအတွက် ငွေပေးချေခြင်းစနစ် (Payment for Ecosystem Services - PES)ကျင့်သုံးဆောင်ရွက်ခြင်း၊ သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားကျဆင်းခြင်းမှ ကာဗွန်ထုတ်လွှတ်မှုလျော့ချခြင်း (REDD+) လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့သည် သစ်ပင်သစ်တောများက ပံ့ပိုးသော **ဂေဟစနစ်ဆိုင်ရာတန်ဖိုး**ကို အသိအမှတ်ပြုခြင်းဖြစ်သည်။ သစ်တောများကို မခုတ်ဘဲထိန်းသိမ်းထားခြင်းဖြင့် သစ်တောများမှ နှစ်ကာလအလိုက် ကာဗွန်စုပ်ယူသိုလှောင်ထားနိုင်မှုအပေါ် အခြေခံပြီး အစိုးရ(သို့မဟုတ်) အဖွဲ့အစည်းများက ငွေကြေးအကျိုးအမြတ်ပြန်လည် ထောက်ပံ့ပေးသည့်စနစ်ကို ကျင့်သုံးခြင်းဖြစ်သည်။



သစ်ပင်သစ်တောများ သစ်တောခုတ်လှဲမှ ဝင်ငွေရမည်၊ စီးပွားရေးတိုးတက်မည်ဟူသော အယူအဆကို ပြောင်းလဲပြီး **"သစ်တောထိန်းသိမ်းခြင်းသည်လည်း သန့်ရှင်းသော ရေ၊ လေနှင့် ရာသီဥတုမျှတမှုကို ပေးစွမ်းနိုင်သောကြောင့် စီးပွားရေးတန်ဖိုးရှိသည်"** ဆိုသည့် ဟန်ချက်ညီမှုကို ဆိုလိုခြင်းဖြစ်ပါသည်။


ဇီဝမျိုးစုံမျိုးကွဲများသည် လူသားများအပါအဝင် အသက်ရှင်သန် ရပ်တည်နိုင်ရေးအတွက်မရှိမဖြစ် အရေးကြီးသည့် အထောက်အပံ့စနစ်ဖြစ်သည့်အတွက် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးကို အထူးအလေးထားဆောင်ရွက်ရမည်ဖြစ်သည်။ သက်ရှိသဘာဝအရင်းအမြစ်များကို စနစ်တကျထိန်းသိမ်းခြင်း၊ ပြန်လည်စိုက်ပျိုးခြင်း၊ မွေးမြူခြင်း၊ စဉ်ဆက်မပြတ်ထုတ်လုပ်ခြင်းနှင့် အသုံးချခြင်းကို အဓိကထားဆောင်ရွက်သည့် ရေရှည်တည်တံ့ခိုင်မြဲသော ဇီဝစီးပွားရေးစနစ်(Bioeconomy)သို့ ပြောင်းလဲရန် ကြိုးပမ်းလာလျက်ရှိသည်။ သစ်တောထွက်ပစ္စည်းများ၊ သစ်တောထုတ်ကုန်များသည် ကာဗွန်ထုတ်လွှတ်မှုများသော ပစ္စည်းများကို အစားထိုးနိုင်ပြီး စီးပွားရေးအခွင့်အလမ်းအသစ်များကိုလည်း ဖန်တီးပေးနိုင်သည့် ဇီဝစီးပွားရေး (Bioeconomy)၏ အရေးကြီးသော အစိတ်အပိုင်းတစ်ရပ်ဖြစ်ပါသည်။ သစ်တောများသည် ထွန်းသစ်စ ဇီဝစီးပွားရေးစနစ်၏ ဗဟိုချက်တွင်ရှိပြီး အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိနေပါသည်။ ဥပမာ– အမျိုးသားဥယျာဉ်များ၊ ရက္ခဗေဒဥယျာဉ်များ၊ တိရစ္ဆာန်ဥယျာဉ်များ၊ အဏ္ဏဝါအမျိုးသားဥယျာဉ်များ၊ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောများ၊ ရေဝပ်ဒေသများအပါအဝင် သဘာဝထိန်းသိမ်းရေးနယ်မြေများတည်ထောင်ခြင်း၊ တောရိုင်းတိရစ္ဆာန် လှုပ်ရှားသွားလာနိုင်သော ချိတ်ဆက်လမ်းကြောင်းများ ဖော်ဆောင်ခြင်းတို့ကို ဆောင်ရွက်ကြရမည်ဖြစ်သည်။

သစ်တောများကိုထိန်းသိမ်းထားပြီး ရေရှည်တည်တံ့သော သစ်ထုတ်လုပ်မှု ဆောင်ရွက်ခြင်း၊ ငါး၊ ပုစွန်၊ ကဏန်း အစရှိသည့် ရေသတ္တဝါများအား အလွန်အကျွံဖမ်းဆီးခြင်းအစား ရေရှည်တည်တံ့သော ငါးလုပ်ငန်းကို ဆောင်ရွက်ခြင်း၊ ပြန်လည်ပြည့်ဖြိုးမြဲနှင့် ပြန်လည်ပြည့်ဖြိုးနိုင်ခြင်းမရှိသည့် သယံဇာတများကို ရေရှည်တည်တံ့စေရန် စနစ်တကျထုတ်ယူသုံးစွဲခြင်းနှင့် ကာကွယ်ထိန်းသိမ်းခြင်းတို့ကို ဆောင်ရွက်ကြရမည်ဖြစ်သည်။

စစ်မှန်ပြီး ရေရှည်တည်တံ့သော စီးပွားရေးတိုးတက်မှုရရှိစေရန် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုနှင့် ကာဗွန်ထုတ်လွှတ်မှုကို လျော့ချရမည်ဖြစ်သည်။ ဥပမာအားဖြင့် ဆိုလာစွမ်းအင်နှင့် လေစွမ်းအင်ကဲ့သို့ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များ တိုးမြှင့်သုံးစွဲခြင်း၊ အစိမ်းရောင် အဆောက်

PDF Compressor Free Version

အဦများဆောက်လုပ်ခြင်း၊ လျှပ်စစ်ယာဉ်များ အသုံးပြုခြင်း၊ စက်ဝိုင်းပုံစံပွားရေး (Circular Economy) ကို ကျယ်ပြန့်စွာ အကောင်အထည်ဖော်ခြင်း၊ ကျောက်မီးသွေးနှင့် ရေနံစသည့် ရှပ်ကြွင်းလောင်စာသုံးစွဲမှုလျှော့ချပြီး သဘာဝနှင့် လိုက်လျောညီထွေသော စက်မှုလုပ်ငန်းများဖော်ဆောင်ခြင်း၊ စွမ်းအင်ထိရောက်မှုမြှင့်တင်ခြင်း၊ သန့်ရှင်းသော စွမ်းအင်ကိုအသုံးပြုခြင်း၊ ရေရှည်တည်တံ့သော သယ်ယူပို့ဆောင်ရေး စနစ်ဖွံ့ဖြိုးစေရန် ဆောင်ရွက်ခြင်း စသည်တို့ကို ဦးစားပေး ဆောင်ရွက်ကြမည်ဖြစ်သည်။



၃။ သဘာဝသယံဇာတအရင်းအမြစ်များကို စနစ်တကျ သုံးစွဲခြင်းနှင့် ပြုပြင်ခြင်း၊ ပြန်လည်သုံးစွဲခြင်း (Resource Conservation & Circularity)

သဘာဝသယံဇာတအရင်းအမြစ်များ အကန့်အသတ်မရှိ ထုတ်ယူသုံးစွဲခြင်းကို စွန့်လွှတ်ပြီး **''လျှော့ချခြင်း၊ ပြန်သုံးခြင်း၊ ပြုပြင်ခြင်း၊ အသစ်ဖန်တီးခြင်း''** ဆိုသည့် စက်ဝိုင်းပုံစံပွားရေးစနစ် (Circular Economy) ကို ကျင့်သုံးသည့် **''မူ''** ဖြစ်သည်။ သဘာဝသယံဇာတများကို ''ထုတ်လုပ်၊ သုံးစွဲ၊ စွန့်ပစ်''ဆိုသည့် လုပ်ငန်းစဉ်မှ ခွဲထွက်ပြီး သဘာဝသယံဇာတများ လေလွင့်ဆုံးရှုံးမှုမရှိစေရန်၊ စွန့်ပစ်ရသည့် ပစ္စည်းများမရှိစေရန်၊ အနည်းဆုံးဖြစ်စေရန်နှင့် သက်တမ်းရှည်ရှည် အကျိုးရှိရှိ သုံးစွဲနိုင်စေရန် စီစဉ်ဆောင်ရွက်သည့် စီးပွားရေးစနစ်တစ်ခုဖြစ်ပါသည်။ ဥပမာ–

- **စွန့်ပစ်ပစ္စည်း၊ အမှိုက်နည်းပါးရေး (Zero Waste) နှင့်ပြန်လည်အသုံးပြုခြင်း (Recycling)။** ထုတ်လုပ်မှုနှင့် စားသုံးမှု၊ သုံးစွဲမှုဖြစ်စဉ်တစ်ခုလုံးတွင် စွန့်ပစ်ပစ္စည်း နည်းနိုင်သမျှ နည်းအောင် ဆောင်ရွက်ခြင်း။
- **အနာဂတ်မျိုးဆက်အတွက် စဉ်းစားဆောင်ရွက်ခြင်း။** ယနေ့ခေတ် လူသားများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းရာတွင် အနာဂတ်မျိုးဆက်များ၏ ပတ်ဝန်းကျင်ရေရှည်တည်တံ့မှုကို မထိခိုက်စေခြင်း။

လက်တွေ့လုပ်ငန်းများစွာအနက် သိသာထင်ရှားသည့် ဥပမာတစ်ခုအနေဖြင့် ''စက်မှုလုပ်ငန်းများတွင် စက်ရုံတစ်ရုံမှထွက်ရှိသော စွန့်ပစ်အပူ၊ ရေဆိုးနှင့် စွန့်ပစ်ပစ္စည်းများကို အခြားစက်ရုံ တစ်ရုံအတွက် အဓိကကုန်ကြမ်းအဖြစ် ပြန်လည်အသုံးပြုနိုင်ရန် ဆောင်ရွက်ခြင်း ဖြစ်ပါသည်။ အခြားသော နမူနာများမှာ ရေချွေတာသော စိုက်ပျိုးရေးနည်းစနစ်များ ကျင့်သုံးလိုက်နာဆောင်ရွက်ခြင်း၊ ရေရှည်တည်တံ့သော သစ်တောစီမံအုပ်ချုပ်မှုကိုထိရောက်စွာ အကောင်အထည်ဖော်ခြင်း၊ စွမ်းအင်ချွေတာသော စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာစေရေး အားပေးဆောင်ရွက်ခြင်းတို့ဖြစ်သည်။ သဘာဝအရင်းအမြစ်များကို ထုတ်ယူခြင်း၊ သုံးစွဲခြင်း၊ စွန့်ပစ်ခြင်းဟူသည့် လမ်းကြောင်းတစ်ခုတည်းမဟုတ်ပဲ အမှိုက်သရိုက် လုံးဝမထွက်စေရေးနှင့် စွန့်ပစ်ပစ္စည်းနည်းနိုင်သမျှ နည်းစေရန် စီမံဆောင်ရွက်ရန် လိုအပ်ပါသည်။ သဘာဝသယံဇာတများကို အကျိုးရှိထိရောက်စွာ အသုံးပြုရမည်ဖြစ်သည်။ လျှော့ချခြင်း၊ ပြန်လည်အသုံးပြုခြင်း၊ အသစ်ပြန်ပြုလုပ်ခြင်း (Reduce, Reuse, Recycle) (3-Rs စနစ်) ကို ကျယ်ပြန့်စွာ စနစ်တကျကျင့်သုံး ဆောင်ရွက်ကြရမည်ဖြစ်သည်။

၄။ တရားမျှတမှုနှင့် စနစ်တကျ အုပ်ချုပ်စီမံမှု (Eco-justice & Governance)

ဂေဟစနစ်ထိန်းသိမ်းရေးသည် အစိုးရ သို့မဟုတ် အဖွဲ့အစည်းတစ်ခုတည်း၏ တာဝန်မဟုတ်ဘဲ **လူ့အဖွဲ့အစည်းတစ်ခုလုံး စနစ်တကျပါဝင်ရမည်** ဟူသောမူဖြစ်သည်။ ဥပမာ–


- **ပတ်ဝန်းကျင်ဆိုင်ရာ တရားမျှတမှု (Environmental Justice)။** ရာသီဥတုပြောင်းလဲမှုနှင့် ပတ်ဝန်းကျင်ပျက်စီးမှု၏ ဆိုးကျိုးများကို ဆင်းရဲနွမ်းပါးသူများနှင့် ထိခိုက်လွယ်သည့် လူထုအပေါ် ပိုမိုကျရောက်မှုမရှိစေရန် ကာကွယ်ပေးခြင်း။
- **ဥပဒေနှင့် မူဝါဒဆိုင်ရာ စီမံခန့်ခွဲမှု။** ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ တင်းကျပ်သော ဥပဒေများ၊ စည်းမျဉ်းများနှင့် မူဝါဒများကို ထိရောက်စွာအကောင်အထည်ဖော်ခြင်း။

ဖွံ့ဖြိုးရေးစီမံကိန်းများ၊ စက်ရုံ/အလုပ်ရုံများ သို့မဟုတ် သဘာဝသယံဇာတ တူးဖော်မှုများကြောင့် ဖြစ်ပေါ်လာသည့် ပတ်ဝန်းကျင်ထိခိုက်မှု၊ ညစ်ညမ်းမှုနှင့်ဘေးအန္တရာယ်များကို ဒေသခံပြည်သူများနှင့်ထိခိုက်လွယ်သည့် လူနည်းစုအပေါ်တွင် ပိုမိုကျရောက်မှုမရှိစေရန် ပတ်ဝန်း

PDF Compressor Free Version

ကျင်ထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးမူဝါဒများချမှတ်ရာတွင် ဦးစားပေးပြဿနာများအဖြစ် ရှင်းလင်းဖော်ပြသွားမည်ဖြစ်သည်။ ဒေသ၏ ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုရှိမည့် သတင်းအချက်အလက်များကို ဒေသခံပြည်သူများ အပြည့်အဝသိရှိပိုင်ခွင့်နှင့် ဆုံးဖြတ်ချက်ချသည့် လုပ်ငန်းစဉ်များတွင် ဆက်စပ်ပတ်သက်သူအားလုံး ပါဝင်ခွင့်ရရှိစေရန် ဆောင်ရွက်ကြရမည်ဖြစ်သည်။

ထို့အပြင် လူပုဂ္ဂိုလ်တို့၏ အခွင့်အရေးများကို ဥပဒေအကာအကွယ်ပေးသကဲ့သို့ မြစ်၊ ချောင်းများထိန်းသိမ်းရာတွင် တရားဝင် ဥပဒေရေးရာ အခွင့်အရေးများ၊ အကာအကွယ်များ သတ်မှတ်ပေးခြင်းဖြစ်သည်။ လူတစ်ဦးအား အန္တရာယ်ပြုလျှင် ဥပဒေနှင့်အညီ အရေးယူသကဲ့သို့ ဥပဒေအရ အရေးယူဆောင်ရွက်သကဲ့သို့ မြစ်များ၊ သယံဇာတအရင်းအမြစ်များ၊ ဂေဟစနစ်များနှင့် သဘာဝ ပတ်ဝန်းကျင်ကို ညစ်ညမ်းစေရန်၊ ပျက်စီးစေရန် ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်ချက်များကိုလည်း ဥပဒေနှင့်အညီ ထိရောက်စွာ အကာအကွယ်ပေးခြင်း၊ အရေးယူဆောင်ရွက်ခြင်းများ ဆောင်ရွက်ကြရမည်ဖြစ်သည်။ သဘာဝ တရားနှင့် ပတ်ဝန်းကျင်ကို ပျက်စီးယိုယွင်းမှုမရှိစေရန် တရားမျှတစွာ ကာကွယ်ပေးနိုင်ရန် ခိုင်မာသည့် မူဝါဒ/ဥပဒေများဖြင့် စနစ်တကျအုပ်ချုပ်စီမံထားရန် လိုအပ်ပါသည်။ အရေးအကြီးဆုံးအချက်မှာ ဂေဟစနစ်ဆိုင်ရာ ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်စေရန်အတွက် လုပ်ငန်းနယ်ပယ်အသီးသီးတွင် လူမှုအသိုင်းအဝိုင်းများ၏ အခန်းကဏ္ဍကို မြှင့်တင်ပြီး ပြည်သူများ ပူးပေါင်းဆောင်ရွက်မှု တိုးပွားလာစေရန် ဆောင်ရွက်ကြရမည်ဖြစ်သည်။



နိုင်ငံတကာတွင် ဆောင်ရွက်နေသော ဂေဟစနစ်ဆိုင်ရာ ယဉ်ကျေးမှု

ဂေဟစနစ်ဆိုင်ရာ ယဉ်ကျေးမှု **(Ecological Civilization)** သည် ကုလသမဂ္ဂ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များဖြစ်သည့် ပန်းတိုင် ၆ – သန့်ရှင်းသောရေ၊ ပန်းတိုင် ၇ – သန့်ရှင်းသောစွမ်းအင်၊ ပန်းတိုင် ၁၁– ရေရှည်တည်တံ့သော မြို့များ၊ ပန်းတိုင် ၁၂–တာဝန်ယူမှုရှိသော ထုတ်လုပ်မှုနှင့်စားသုံးမှု၊ ပန်းတိုင် ၁၃– ရာသီဥတုပြောင်းလဲမှု တုံ့ပြန်ဆောင်ရွက်ရေး၊ ပန်းတိုင် ၁၄–ပင်လယ်နှင့် ရေချိုဂေဟစနစ်နှင့် ပန်းတိုင် ၁၅–ကုန်းမြေပေါ်ရှိ သဘာဝဂေဟစနစ်များကို အထောက်အကူပြုလျက်ရှိပါသည်။

ဂေဟစနစ်ဆိုင်ရာ ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် နိုင်ငံများအနက် တရုတ်နိုင်ငံသည် အထူးထင်ရှားသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ တရုတ်နိုင်ငံသည် ဂေဟစနစ်ဆိုင်ရာယဉ်ကျေးမှုကို နိုင်ငံ၏ရေရှည်ဖွံ့ဖြိုးရေး မဟာဗျူဟာအဖြစ် ချမှတ်ထားပြီး အဓိကဆောင်ရွက်ချက်အနေဖြင့် Ecological Red Line မူဝါဒချမှတ်အကောင်အထည်ဖော်ခြင်း၊ အမျိုးသားဥယျာဉ်များတိုးချဲ့ခြင်း၊ သစ်တောပြန်လည်တည်ထောင်ရေးလုပ်ငန်းများ ကျယ်ပြန့်စွာ စိုက်ပျိုးဆောင်ရွက်ခြင်း၊ မိုးရေများကို မလိုအပ်ဘဲ ရေဆိုးမြောင်းထဲ တန်းမစီးဆင်းစေဘဲ မြို့တွင်း၌ပင် စုပ်ယူ၊ ထိန်းသိမ်း၊ သန့်စင်ပြီး လိုအပ်သည့်အခါ ပြန်လည်အသုံးပြုနိုင်စေရန် တည်ဆောက်ထားတဲ့ Sponge City မြို့ပြစီမံကိန်းများ အကောင်အထည်ဖော်ခြင်း၊ အစိမ်းရောင်မြို့ပြ စီမံကိန်းများ အကောင်အထည်ဖော်ခြင်း၊ ၂၀၆၀ ပြည့်နှစ်တွင် Carbon Neutrality ရရှိရန် ရည်မှန်းချက် ချမှတ်ဆောင်ရွက်ခြင်းတို့ကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ဘူတန်နိုင်ငံအနေဖြင့် Gross National Happiness ကို အခြေခံသည့်ဖွံ့ဖြိုးရေးကို အကောင်အထည်ဖော်ခြင်း၊ သစ်တောများကိုထိန်းသိမ်းခြင်း၊ ကာဗွန်အနုတ်လက္ခဏာ (Carbon Negative) ရည်မှန်းချက်ထားပြီး ဆောင်ရွက်ခြင်း၊ သဘာဝကာကွယ်ထိန်းသိမ်းရေးနယ်မြေများ တိုးချဲ့ဖွဲ့စည်းဆောင်ရွက်ခြင်းများကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် ဂေဟစနစ်ဆိုင်ရာ ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ကော်စတာရီကာနိုင်ငံအနေဖြင့် သစ်တောထိန်းသိမ်းရေးလုပ်ငန်းများ အရှိန်မြှင့်တင်ခြင်း၊ ဂေဟစနစ်ဝန်ဆောင်မှု တန်ဖိုးငွေပေးချေမှုစနစ် (Payment for Ecosystem Services-PES) အကောင်အထည်ဖော်ခြင်း၊ သဘာဝခရီးသွားလုပ်ငန်း (Ecotourism) အကောင်အထည်ဖော်ခြင်း၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အသုံးပြုမှုမြှင့်တင်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးလုပ်ငန်းများတိုးမြှင့်ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်ခြင်းဖြင့် ဂေဟ

စနစ်ဆိုင်ရာ ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်သွားရန်ရှိသည်။

PDF Compressor Free Version

ဂေဟစနစ်ယဉ်ကျေးမှု (Ecological Civilization) ဖွံ့ဖြိုးလာစေရေး

မြန်မာနိုင်ငံအနေဖြင့် **ဂေဟစနစ်ဆိုင်ရာ ယဉ်ကျေးမှု** (Ecological Civilization) ဖွံ့ဖြိုးလာနိုင်ရန် အားသာချက် များစွာရှိပါသည်။ အဓိကအားသာချက်များအနေဖြင့် သစ်တောများ၊ မြစ်ချောင်းအင်းအိုင်များ၊ ရေဝပ်ဒေသများ၊ ကမ်းရိုးတန်းနှင့် ဇီဝမျိုးစုံမျိုးကွဲများ စသည့် သဘာဝအခြေခံဖွံ့ဖြိုးရေးအတွက် အရေးပါသော အခြေခံအရင်းအမြစ်များ ပေါကြွယ်ဝခြင်း၊ ဒေသခံတိုင်းရင်းသားများ၏ ရိုးရာဓလေ့ သဘာဝထိန်းသိမ်းရေးအသိပညာနှင့်ဒေသခံပြည်သူလူထုအခြေပြုသော သယံဇာတစီမံခန့်ခွဲမှု အတွေ့အကြုံများစွာရှိခြင်း၊ ရေအား၊ နေရောင်ခြည်၊ လေစွမ်းအင်နှင့် ဇီဝစွမ်းအင်ကဲ့သို့ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အလားအလာများ မြင့်မားပြီး အစိမ်းရောင်စီးပွားရေး (Green Economy)၊ အပြာရောင်စီးပွားရေး (Blue Economy)၊ စက်ဝိုင်းပုံစီးပွားရေး (Circular Economy)၊ ဇီဝစီးပွားရေး (Bioeconomy) နှင့် သဘာဝကို အခြေခံသောဖြေရှင်းခြင်းနည်းများ (Nature-based Solutions) ဖွံ့ဖြိုးစေရန် အခွင့်အလမ်းကောင်းများရှိခြင်း စသည့် အားသာချက်များရှိပါသည်။

သို့သော် အခြားတစ်ဘက်တွင်လည်း စိန်ခေါ်မှုများလည်း များစွာရှိနေသည်။ လူဦးရေတိုးတက်လာမှုနှင့်အတူ ပတ်ဝန်းကျင်ညစ်ညမ်းမှုများ ဖြစ်ပေါ်လာခြင်း၊ သစ်တောမြေများမှ အခြား မြေအသုံးချမှုများအဖြစ် ပြောင်းလဲလာခြင်း၊ တရားမဝင် သစ်ခိုးထုတ်မှုများကြောင့် သစ်တောပြုန်းတီးခြင်း၊ ရေရှည်တည်တံ့မှုမရှိသောနည်းလမ်းဖြင့် သဘာဝသယံဇာတများကို တရားမဝင်ထုတ်ယူအသုံးချခြင်း၊ အကြောင်းအမျိုးမျိုးကြောင့် မြေယာယိုယွင်းပျက်စီးခြင်း၊ ရာသီဥတုပြောင်းလဲမှုကြောင့် ရေကြီးခြင်း၊ မိုးခေါင်ခြင်းနှင့် အပူလှိုင်းများ တိုးပွားလာခြင်း စသည့် သဘာဝဘေးအန္တရာယ်များ မကြာခဏ ကျရောက်ခြင်းတို့သည် အဓိက စိန်ခေါ်မှုများဖြစ်သည်။ အကြောင်းအမျိုးမျိုးကြောင့် တချို့သော နေရာ၊ ဒေသများတွင် တရားဥပဒေစိုးမိုးမှု ထိရောက်စွာ အကောင်အထည်ဖော်နိုင်မှု အားနည်းခြင်း၊ အဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှု အားနည်းခြင်း၊ သုတေသနနှင့်ကိန်းဂဏန်းအချက်အလက်အခြေပြု၍ ဆုံးဖြတ်ချက်ချမှု လုပ်ငန်းစဉ်များ အားနည်းခြင်းများရှိနေသကဲ့သို့ ရင်းနှီးမြှုပ်နှံမှုနှင့် နည်းပညာလိုအပ်ချက်များသည် အဟန့်အတားများ ဖြစ်စေသည်။ ပြည်သူများ၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာအသိပညာနှင့် အပြုအမူပြောင်းလဲမှုများကိုလည်း အရှိန်အဟုန်မြှင့်တင်ရန် ဆောင်ရွက်ကြရမည်ဖြစ်သည်။

ထို့ကြောင့် ဂေဟစနစ်ဆိုင်ရာယဉ်ကျေးမှု အကောင်အထည်ဖော်နိုင်ရန်နှင့် ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဆောင်ရွက်သင့်သည့် အဓိကလုပ်ငန်းစဉ်များအနေဖြင့် အောက်ပါတို့ကို ဦးစားပေး ဆောင်ရွက်ကြရမည်ဖြစ်သည်–

(၁) အမျိုးသားဖွံ့ဖြိုးရေးမူဝါဒများ၊ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံကိန်းများတွင် ဂေဟစနစ်ဆိုင်ရာ ယဉ်ကျေးမှု အခြေခံမူများကို ပေါင်းစည်း ထည့်သွင်းခြင်း၊

(၂) သစ်တောများ၊ ရေဝေရေလဲဒေသများ၊ ရေဝပ်ဒေသများ၊ ကမ်းရိုးတန်းနှင့်ဇီဝမျိုးစုံမျိုးကွဲများကို ဂေဟစနစ်အခြေပြုစီမံအုပ်ချုပ်ခြင်း (Ecosystem-based Management) နည်းစနစ်ဖြင့် စီမံခန့်ခွဲခြင်း၊

(၃) ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် (Renewable Energy)၊ အစိမ်းရောင်အဆောက်အအုံ (Green Infrastructure) နှင့်ကာဗွန်ထုတ်လွှတ်မှုနည်းပါးသော ဖွံ့ဖြိုးမှု (Low-carbon Development) ကို အားပေးမြှင့်တင်ခြင်း၊

(၄) အစိမ်းရောင်စီးပွားရေး၊ ဇီဝစီးပွားရေး၊ အပြာရောင်စီးပွားရေး၊ စက်ဝိုင်းပုံစီးပွားရေး၊ ရေရှည်တည်တံ့သော စိုက်ပျိုးရေးနှင့် စဉ်ဆက်မပြတ် သစ်တောစီမံအုပ်ချုပ်မှု နည်းစနစ်များကို ကျယ်ပြန့်စွာအကောင်အထည်ဖော်ခြင်း၊

(၅) ပတ်ဝန်းကျင်ဆိုင်ရာ ပညာရေးနှင့် ဂေဟစနစ်ဆိုင်ရာကျင့်ဝတ်များ (Ecological Ethics) ကို အခြေခံပညာမှ အဆင့်မြင့်ပညာအထိ ပေါင်းစပ်သင်ကြားခြင်း၊ ပြည်သူများအကြား သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာဗဟုသုတတိုးပွားလာစေရန် ဆောင်ရွက်ခြင်း၊

(၆) ဒေသခံပြည်သူများ၊ ပုဂ္ဂလိကကဏ္ဍ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အရပ်ဘက်အဖွဲ့အစည်းများ၏ပူးပေါင်းပါဝင်မှုကို မြှင့်တင်ခြင်း၊

(၇) RS/GIS နည်းပညာ၊ ဉာဏ်ရည်တုနည်းပညာ (Artificial Intelligence-AI) နှင့်ဒီဂျစ်တယ်နည်းပညာဖြင့် ပတ်ဝန်းကျင်ဆိုင်ရာကြီးကြပ်ခြင်း (Digital Environmental Monitoring) စသည့် ခေတ်မီနည်းစနစ်များကို အသုံးပြု၍ သဘာဝအရင်းအမြစ်များကို သိပ္ပံနည်းကျ စောင့်ကြည့်စီမံခန့်ခွဲခြင်းတို့ ဖြစ်သည်။

ဂေဟစနစ်ဆိုင်ရာယဉ်ကျေးမှု (Ecological Civilization) သည် သဘာဝထိန်းသိမ်းရေးဆိုင်ရာ

စာမျက်နှာ (၁၈) သို့ ➲

ယခင်လမှအဆက် ➲

PDF Compressor Free Version

မြန်မာပြည်သစ်တောဌာန၏ သုတေသန နှစ် (၁၀၀) ကျော် ခရီး – အပိုင်း (၂)

ဝင်းချစ် (အမျိုးသားစာပေဆုရ)

ပန်းပုံစံပြတိုက်

အထက်ဖော်ပြပါဌာနခွဲတွင် ပန်းပုံစံပြတိုက်– Herbarium ရှိသည်။ ပန်းပုံစံပြတိုက်မှူး–Herbarium Curator သည် ဒေါ်ရင်ရင်ကြည် (B.Sc. Botany) ဖြစ်သည်၊ မြန်မာနိုင်ငံတွင် ပန်းပုံစံအများဆုံး စုဆောင်းထားရှိသည့် ပြတိုက်ဖြစ်ကာ ရုက္ခဗေဒပညာရှင်များ၊ ဘွဲ့လွန်ကျမ်းပြုစုသူများ၊ သုတေသီများ စံပြုရသည့်ပြတိုက်ဖြစ်သည်။ (သစ်အမျိုးမျိုး၏ အင်္ဂါဖွဲ့စည်းပုံနှင့် ဂုဏ်သတ္တိများကို စမ်းသပ်မည့် သစ်နမူနာများသည် Authenticated Sample ဖြစ်ကြောင်း ခိုင်လုံစေရန် သစ်နမူနာနှင့်အတူ စုဆောင်းခဲ့သည့် ပန်းပုံစံများကို Herbarium သို့ ပေးပို့ကာ စစ်ဆေးခိုင်းရပါသည်။ Herbarium Curator က မှန်ကန်ကြောင်း ထောက်ခံချက် ပေးမှသာ Authenticated Sample ဖြစ်ပါသည်။)

ဒုတိယကမ္ဘာစစ်အတွင်းက ဂျပန်များ ဗမာပြည်ကို သိမ်းပိုက်ပြီးနောက် ထိုပြတိုက်ရှိ ပန်းပုံစံများကို ဂျပန်ပြည်သို့ ယူဆောင်သွားကြောင်း၊ အင်္ဂလိပ်များ စစ်နိုင်သည့် အခါတွင် ဂျပန်များက ထိုပန်းပုံစံအားလုံးကို အကောင်းပကတိအတိုင်း ပြန်လည်ပေးပို့ခဲ့ကြောင်း၊ ထို့ကြောင့် သစ်တောဌာနမှ ပန်းပုံစံပြတိုက်ရှိ ပန်းပုံစံများသည် ပြည်တော်ပြန်များဖြစ်ကြောင်း စိန်ယာသစ်တောသမားကြီးများ၏ ပြောကြားချက်များအရ သိရှိရပါသည်။

သစ်တောစိုက်ပျိုးရေးဌာနခွဲမှ မိမိမှတ်မိနေသည့် တောအုပ်ကြီးများမှာ – ဦးစန်း၊ ဦးဝင်းမောင်၊ ဦးမြသောင်း၊ ဦးသောင်းဖေ၊ ဦးအောင်ဝင်း၊ ဦးတင်စိန်၊ ဦးကိုကိုလတ် .... တို့ဖြစ်ကြပြီး တောခေါင်းများမှာ – ဦးအောင်သန်း၊ ဦးအောင်ကျော်သွေးတို့ ဖြစ်ကြပါသည်။ ၎င်းတို့ အားလုံးပြိုင်တူရှိနေကြခြင်းမဟုတ်ပါ။ ရုံးဝန်ထမ်းများမှာ – ဦးသန်းညွှန့်၊ ဦးကြီးမြင့်၊ ဦးဝင်းလွင်၊ ဒေါ်စိန်ကြည်၊ ဦးတင်ငွေ၊ ဒေါ်မြစိန်၊ ဦးနေဝင်း....တို့ဖြစ်ကြသည်။

သစ်တောဘေဂဗေဒဌာနခွဲ

သစ်တောဘေဂဗေဒဌာနခွဲ၏ သစ်တောဘေဂဗေဒဝန်သည် ဝဏ္ဏကျော်ထင် ဦးအောင်မြင့်– ၂ (B.Sc. Forestry- 1953; I.T.C. Photo Forest Engineer, Delft.) ဖြစ်သည်။ ဦးအောင်မြင့် ရာထူးတိုးသည့်အခါ ဦးရင်ဖေ (B.Sc.Forestry – 1953 Batch) ပြောင်းလာသည်။ တစ်ဖန် ဦးရင်ဖေ မြန်မာ့သစ်လုပ်ငန်းအဖွဲ့ (State Timber Board)သို့ ပြောင်းသွားချိန်တွင် A.N.U. မှ Forest Economics အထူးပြုဖြင့် မဟာသိပ္ပံတွဲရခဲ့သည့် ဦးမြင့်သိန်း (B.Sc. Forestry - 1961 Batch) ရောက်လာသည်။ (FE – Acting လား Permanent လား သေချာ မမှတ်မိတော့ပါ။) ဦးမြင့်သိန်း မကွေးတိုင်းသစ်တောသို့ ပြောင်းသွားသည့်အခါ ညွှန်ကြားရေးမှူးချုပ်၏ P.A. (ယခင်အခေါ် အပါးတော်မြဲ၊ စိန်ယာအဖြစ်ဆုံး သစ်တောဝန်များအား ခန့်လွှဲရှိသည်။) ဦးစိန်ဝင်း (B.Sc.Forestry – 1956 Batch) ရောက်လာသည်။

(စကားချပ် – ညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူး....စသည့် ရာထူး အခေါ်အဝေါ်များသည် ၁၉၇၂ ခုနှစ်တွင် အုပ်ချုပ်ရေး စနစ်သစ်အရ သစ်တောဌာနကို သစ်တောဦးစီးဌာန၊ သစ်တောတိုင်းများကို အုပ်ချုပ်ရေး ပြည်နယ်/တိုင်းများသို့ ပြင်ဆင်ဖွဲ့စည်းခြင်းနှင့်အတူ ပြောင်းလဲခဲ့ခြင်းဖြစ်ပါသည်။ (မြန်မာနိုင်ငံသစ်တောသမိုင်း – စာမျက်နှာ ၁၇၁ မှ ၁၇၄) (ပထမ – မင်းကြီးချုပ်ကို ညွှန်ကြားရေးမှူး၊ မင်းကြီးကို ဒုတိယညွှန်ကြားရေးမှူး၊ သစ်တောဝန်ကို တတိယ ညွှန်ကြားရေးမှူး၊ ဝန်ထောက်ကို စတုတ္ထညွှန်ကြားရေးမှူးဟု ပြောင်းလိုက်ပါသေးသည်။)

သစ်သုတေသနနှင့် ကိုယ်စားလှယ်ခရိုင်

သစ်သုတေသနနှင့် ကိုယ်စားလှယ်ခရိုင် – Timber Research and Agency Division (TRAD) ၏ သစ်တောဝန်သည် B.Sc.(Forestry), 1954 Batch မှ ဦးခင်မောင်အေး ဖြစ်သည်။ Yale University မှ M.F. ဘွဲ့ကို Wood Anatomy အထူးပြုဖြင့် ရရှိထားသူဖြစ်သည်။ စာရေးသူကို Wood Anatomy ပထမဦးဆုံး သင်ကြားပေးသည့်ဆရာဖြစ်ပါသည်။ နောက်ပိုင်းတွင် ဦးခင်မောင်အေးက သူမအားလပ်သည့်အတွက် မိမိအား ဆရာဦးမြင့်အောင်ပို့ချ

PDF Compressed Free Version

နေသည့် Forestry Fourth Year မှ Wood Technology သင်တန်းတွင် တက်ရောက်ခဲ့ကြသည့် B.Sc. Forestry 1971 Batch မှ ဦးစောဝင်း၊ ဦးစောအယ်ဒါး၊ ဦးမြင့်စိန်၊ ဦးခင်ဇော်၊ ဦးမျိုးမြတ်၊ ဦးအုန်းဝင်းမောင်၊ ဦးအောင်ကျော်မိုး၊ ဦးလှမြင့်၊ ဦးဉာဏ်ထွန်း၊ ဦးဘစိန်၊ ဦးအေးသန်း (ငွေတာရီ မဂ္ဂဇင်းတွင် အေးသန်း (သစ်တော) အမည်ဖြင့် စာရေးသူ)၊.... တို့နှင့်အတူ ၁၉၆၉–၁၉၇၀ ပညာသင်နှစ်က တက်ရောက်ခဲ့ခြင်း ဖြစ်ပါသည်။

အထက်ဖော်ပြပါဌာနခွဲတွင် သစ်သုတေသနလုပ်ငန်းများအတွက် – Wood Anatomy and Biology Section (WAB) – သစ်အင်္ဂါဗေဒဌာနစိတ်၊ Timber Physics and Mechanics Section (TPM) – သစ် အရည်အချင်းနှင့် အင်အားဌာနစိတ်နှင့် Wood Workshop – သစ်အလုပ်ရုံ ရှိသည်။ ဦးခင်မောင်အေးသည် WAB Section ၏ တာဝန်ခံလည်း ဖြစ်သည်။ နောင်တွင် ဦးခင်မောင်အေး သစ်တောပညာဌာနသို့ ပါမောက္ခအဖြစ် ရာထူးတိုး၍ ပြောင်းသွားသည့်အခါ TRAD သို့ သစ်တောပညာဌာနမှ ကထိက ဦးမြင့်အောင် ပြောင်းလာသည်။ B.Sc. Forestry, 1955 Batch မှဖြစ်ပြီး ဩစတြေးလျနှင့်ယူကေ မှ Wood Anatomy ဒီပလိုမာနှစ်ခု ရရှိထားသူဖြစ်ပါသည်။ တစ်ဆက်တည်းဖော်ပြရလျှင် ဦးမြင့်အောင် P.A. အဖြစ် သစ်တောရုံးချုပ်သို့ ပြောင်းသွားသည့်အခါ TRAD သို့ ဦးရဲမြင့် (B.Sc. Forestry–1955 Batch) ရောက်လာသည်။ WAB Section နှင့် TPM Section ကို ကြီးကြပ်ရန် Working Plan မှ ဒုညွှန်မှူး ဦးရဲလှိုစွမ်းအား တွဲဖက် တာဝန်ပေးလိုက်သည်။ တစ်ပတ်လျှင် နေ့ခင်းပိုင်းနှစ်ရက် ရုံးလာထိုင်သည်။ ဩစတြေးလျမှ Wood Anatomy အထူးပြုဖြင့် M.Sc. ရရှိထားသူဖြစ်ပါသည်။

ထိုကာလက Wood Sample Box များကို STB အောက်ရှိ ပရိဘောဂစက်ရုံမှရောင်းချသည်။ FID မှပေးပို့သည့်သစ်မျိုးစုံ သစ်နမူနာပြားလေးများကို WAB က သစ်မျိုး မှန်/မမှန် စစ်ဆေးပေးရသည်။ ဓာတ်ခွဲခန်းကျွမ်းကျင်သူ ဦးအေးမြင့်က Hand-lens ဖြင့် တစ်ချပ်ချင်းကြည့်ပြီးစစ်သည်။ ဦးအေးမြင့် စစ်ထားသည့်နမူနာပြားများကို WAB တာဝန်ခံက ကျပန်းစစ်ဆေးပြီးနောက် တစ်ချပ်စီကိုသစ်မျိုးမှန်ကန်ကြောင်းအထောက်အထားအဖြစ် WAB ဌာနစိတ် တံဆိပ်ရိုက်ပေးသည်။ (FRI တည်ထောင်ပြီးသည့်ခါ FRI ရှိ သစ်အင်္ဂါဗေဒဌာနစိတ်က သစ်နမူနာများကို ကိုယ်တိုင် စုဆောင်းကာ Sample Box များရောင်းချပေးခဲ့သည်။)

ထို့ပြင် TRAD တွင် Main Store–ဗဟိုသိုလှောင်ရုံမှ Store Keeper တစ်ဦးနှင့် Revenue Assistant (R.A.) –အခွန်ဝန်ထောက်တစ်ဦးရှိသည်။ (ပထမ ဦးမြင့်သိန်း၊ နောက် ဦးသန်းနွယ် B.Sc. Forestry, ၁၉၆၀၊ နောက် ဦးစိန်လှိုင်–B.F.S.)။ သစ်တောဌာနတစ်ခုလုံးအတွက် လိုအပ်သည့် ပစ္စည်းများ Main Store မှ ထုတ်ပေးသည်။ ထိုစတိုသည် စာရေးသူ၏ Section နှင့်အဆောက်အအုံကြီး တစ်ခုတည်း တွင်ရှိသဖြင့် နယ်မှပစ္စည်းလာထုတ်ကြသည့် သစ်တောဝန်ထမ်းများမှအစ ရုံးဝန်ထမ်းများပါမကျန် သိကျွမ်းခွင့်ရရှိခဲ့ပါသည်။ ၎င်းပြင် တည်းခိုရိပ်သာသည်လည်း သစ်တောဝင်းထဲ၌ပင် ရှိနေသည့်အတွက် နယ်မှအရာရှိကြီးငယ်များနှင့်ဆုံတွေ့ခွင့် ရရှိခဲ့ပါသည်။

စာရေးသူကို TPM Section တွင် ရုံးထိုင်ခိုင်းပါသည်။ ယင်းဌာနစိတ်၏ တာဝန်ခံသည် သစ်အလုပ်ရုံဝန်ထောက် ဦးဝင်းမောင်ဖြစ်ပြီး ယခင်က ပရိဘောဂစက်ရုံ (Furniture Industry Department -FID) ၏ မန်နေဂျာဖြစ်ကြောင်း Case တစ်ခုကြောင့် ရာထူးအချခံခဲ့ရကြောင်း သိရှိရပါသည်။ FID သည် မူလက Utilization Circle အောက်တွင်ရှိခဲ့ပြီး ပရိဘောဂနှင့် ထပ်ဆင့်သစ် အချောထည်များ စမ်းသပ်ထုတ်လုပ်ရေးအတွက် ၁၉၂၀ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည်၊ အမည်မှာ– **Forest Industry Department (FID)** ဖြစ်သည်။ နောင်တွင် စီးပွားရေးလုပ်ငန်းတစ်ခုအနေဖြင့် လည်ပတ်နိုင်ရန် မြေယာကျေးလက်ကြီးပွားတိုးတက်ရေးကော်ပိုရေးရှင်း (Agriculture and Rural Development Coporation - ARDC) သို့ လွှဲပြောင်းခဲ့ပြီး ၁၉၆၂ ခုနှစ်တွင် နိုင်ငံတော် သစ်လုပ်ငန်း အဖွဲ့ လက်အောက်သို့ ရောက်ရှိခဲ့သည်။ အမည်ကိုလည်း Furniture Industries Department ဟု ပြောင်းလဲခဲ့သည်။

FID တွင် သစ်အခြောက်ခံသည့် ပေါင်းဖိုများ (Drying Kiln) ရှိသည်။ ပရိဘောဂပြုလုပ်မည့် သစ်ခွဲသားများကို ထိုပေါင်းဖိုများဖြင့် စနစ်တကျ အခြောက်ခံသည်။ ထို့ကြောင့် FID မှ ပရိဘောဂများကို လူကြိုက်များသည်။ ဆရာဦးခင်မောင်အေးက စာရေးသူကို အလုပ်ဝင်စက ထိုပေါင်းဖိုများတွင် လေ့လာခိုင်းခဲ့ပါသည်။ မိမိတွင် အခြေခံမရှိသည့်ပြင် ပေါင်းဖိုကို ကြီးကြပ်သည့် သူများသည်လည်း Wood Drying ကို တတ်ကျွမ်းထားသူများ မဟုတ်ဘဲ GTI ဆင်းများသာ ဖြစ်ကြသဖြင့် စာရေးသူ သိလိုသည်များကို ရှင်းမပြနိုင်ကြပါ။

အလုပ်ဝင်ပြီး ၆ လခန့်အကြာတွင် ဆရာဦးဝင်းမောင် ပင်စင်သွားသည့်အတွက် စာရေးသူအား TPM ၏ Section in Charge ခန့်ပေးပါသည်။ ထိုအချိန်က TPM တွင် ရှေ့ဆောင်စက်ဆရာ (Foreman Machinist) ဦးသန်းအောင်၊ စက်မောင်း ကိုလှသန်း၊ ဒုစက်မောင်း ကိုစံဝင်းနှင့် နေ့စား ကိုစိန်အောင် (FRI မှ အငြိမ်းစားယူသွားသည့် ရုံးအုပ်ကြီး၊ ယခုကွယ်လွန်)တို့ရှိပါသည်။ ထို့ပြင် RA ၏ လက်အောက်ရှိ

လက်သမား ဆရာဦးအောင်တင်နှင့် ကိုချစ်တို့ကိုလည်း တွဲဖက်ပေးထားပါသည်။

PDF Compressor Free Version

ထိုစဉ်က TPM တွင် သစ်အင်အား စမ်းသပ်သည့် Avery Universal Testing Machine (30 Ton) ရှိနေပြီး ဆရာဦးဝင်းမောင်က သစ်သားများကို Bolts and Nuts များဖြင့် ပုံစံမျိုးစုံဆက်ကာ ခိုင်ခံ့မှုကို သုတေသနပြုခဲ့သဖြင့် အထက်ဖော်ပြပါ အဖွဲ့သည် ယင်းစက်ကြီးကို ကျွမ်းကျင်စွာ ကိုင်တွယ်နိုင်ကြပါသည်။ (Testing Machine ကို အမေရိကန်မှ မေတ္တာလက်ဆောင် ပေးထားခြင်းဖြစ်ပါသည်။ အမေရိကန်အလံနှင့် မိတ်ဆွေ တစ်ဦးမှ တစ်ဦးသို့–ဟု ရေးသားထားသည့် Sticker ကပ်ထားပါသည်။)

အကျဉ်းချုပ်၍ ဖော်ပြရမည်ဆိုပါက ၁၉၆၈ ခုနှစ်တွင် ဆရာ ဦးဝင်မောင်အား ရှမ်းပြည်မှ စုဆောင်းခဲ့သည့် ညံသစ်၏ ရူပနှင့် အင်အားဆိုင်ရာဂုဏ်သတ္တိများကို စတင် စမ်းသပ်ခဲ့ပြီး ၁၉၇၀ ပြည့်နှစ်၊ ဇွန်လ၌ ကျင်းပခဲ့သော မြန်မာနိုင်ငံသုတေသန ဆွေးနွေးပွဲတွင်–"Anatomical Structure, Physical and Mechanical Properties of Nyan (Quercus serrata, Thumbs)" စာတမ်းကို တင်သွင်း ဖတ်ကြားနိုင်ခဲ့ပါသည်။ ပြုစုသူများမှာ – ဦးဝင်မောင်အေး နှင့်ဦးဝင်းကြည်ဖြစ်ပါသည်။ **ထိုစမ်းသပ်မှုသည် မြန်မာနိုင်ငံ သစ်တောသုတေသနအတွက် မှတ်တိုင်အသစ်တစ်ခုဖြစ်ပါသည်။** လွတ်လပ်ရေးမရမီခေတ်က မြန်မာနိုင်ငံမှ သစ်မျိုးများ၏ ဂုဏ်သတ္တိများကို အိန္ဒိယနိုင်ငံ၊ Dehra Dun Forest Research Institute သို့ သစ်နမူနာများ ပေးပို့ကာ စမ်းသပ်ခဲ့ရပါသည်။

FRTC မှသုတေသနလုပ်ငန်းများ

အထက်ဖော်ပြပါ သုတေသနစာတမ်းမှအစပြုကာ စာရေးသူအနေဖြင့် နှစ်ခွထင်းရှူး (*Pinus mercusii*) သုံးခွထင်းရှူး (*Pinus kesiya*)၊ သင်းဝင် (Thiwin – *Milletia pendula*)၊ ခူသန် (Kuthan-၊ *Hymenodictyon excelsum*)၊ ကမာဂျူလန်းစစ် ယူကလစ် (Eucalyptus *calmadulensis*) နှင့် သဒီ (Thadi – *Protium serratum*) သစ်မျိုးများ၏ ရူပနှင့်အင်အားဆိုင်ရာ ဂုဏ်သတ္တိများကို စမ်းသပ်ခဲ့သည့်အပြင် သာယာဝတီခရိုင်၊ သင်တောရိုးကြိုးဝိုင်းရှိ ကမာဂျူလန်းစစ် ယူကလစ်စိုက်ခင်းများမှ ပင်ကျပ်တိုင်များ၏ အသုံးချမှုကို ကွင်းဆင်း စာရင်းကောက်ယူကာ စာတမ်းပြုစုခဲ့ပါသည်။ ၁၉၇၈ ခုနှစ်၊ ဇွန်လ–ရေဆင်းသို့ မပြောင်းမီအချိန်အထိဖြစ်ပါသည်။ ဆရာ ဦးဝင်မောင်အေးက အနက်စင်းပါသော ကျွန်းအကြောင်း သုတေသနစာတမ်းကို ၁၉၆၆ ခုနှစ်က ဖတ်ကြားခဲ့ကြောင်း သိရှိရပါသည်။

သစ်တောဘောဂဗေဒဌာနခွဲမှ စွန်လက်သဲ၊ ရှမ်းပြည်တောင်ပိုင်း၊ တောင်လေးလုံးတွင် ချိပ်လက်ခံပင်အမျိုးမျိုးဖြင့် ချိပ်ထွက်နှုန်းကို စမ်းသပ်ပြီး ဦးစိန်လှိုင် (BFS ကျောင်းဆင်း) က သုတေသနစာတမ်းများ ဖတ်ကြားခဲ့သည်ကို မှတ်မိနေသော်လည်း စိုက်ပျိုးပြုစုရေးဌာနခွဲမှ ဖတ်ကြားခဲ့သည့် စာတမ်းများကို မမှတ်မိတော့ပါ။

ထိုကာလက သုတေသနဆွေးနွေးပွဲများတွင် FRTC မှ သုတေသီများသာမကဘဲ နယ်မှ သစ်တော အရာရှိများလည်း စာတမ်းဖတ်ကြားခဲ့ကြပါသည်။ စာရေးသူမှတ်မိသ၍ ဖော်ပြရမည်ဆိုပါက – ခရိုင်သစ်တောဝန် ဦးသာလှ (BFS ကျောင်းဆင်း) က သနပ်ခါးအကြောင်း (သနပ်ခါးစိုက်ရင် သိန်းထီထိုးတာထက် ပိုသေချာကြောင်းကို စိုက်နည်းနှင့်တကွ ကုန်ကျစရိတ်များကိုပါ အသေးစိတ် တွက်ပြသွားပါသည်။)၊ ခရိုင်သစ်တောဝန် ဦးခင်မောင်ထွေး (B.Sc. Forestry, 1958 Batch) က သစ်မွေးအကြောင်း၊ ခရိုင်သစ်တောဝန် ဦးသိန်းလွင် (B.Sc.Forestry, 1957 Batch) က ယူကလစ်စိုက်ခင်းတည်ထောင်သည့် အကြောင်း၊ ဦးသန်းလွင် (B.Sc. Forestry, 1961 Batch) ဖတ်ကြားသည့် ဝါဇီစက်ရုံတည်ထောင်စက စက်ရုံရှိ စက်များထံ ဖုန်များ၊ သဲများမကျရောက်စေရန် လေကာတန်း (Wind-break) သစ်ပင်များတည်ထောင်ခဲ့မှု၊ Working Plan မှ ဦးရွှေကျော် (B.Sc.Forestry, 1963 Batch) နှင့် အဖွဲ့က ရွှေဘိုသစ်တောနယ်တွင် Forest Inventory.... အကြောင်း စသည်တို့ကို ဖတ်ကြားခဲ့ကြပါသည်။ ထို့ပြင် နိုင်ငံတော် သစ်လုပ်ငန်းအဖွဲ့/မြန်မာ့သစ်လုပ်ငန်းမှ ဝန်ထမ်းများကလည်း စာတမ်းများ တင်သွင်းခဲ့ကြပါသည်။

သစ်တောသုတေသနဗိမာန်၏အစ

သစ်တောဌာနတွင် သစ်တောသုတေသနဗိမာန် – Forest Research Institute (FRI) စတင်တည်ထောင်ရန် ၁၉၆၀ မတိုင်မီကတည်းကပင် အစီအစဉ်ရှိခဲ့ပါသည်။ ၁၉၆၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂၄ ရက်နေ့ မှ ၂၆ ရက်နေ့အထိ အလုံသစ်တောဝင်းတွင် ကျင်းပခဲ့သော သတ္တမအကြိမ်မြောက်၊ ခရိုင်သစ်တောဝန်ညီလာခံတွင်–**"သစ်တောသုတေသနလုပ်ငန်းများအတွက် လူတော်လူကောင်းများရှာရန် အထူးလိုအပ်ကြောင်း၊ သုတေသနလုပ်ငန်းကို စိတ်ဝင်စားသူများအား အားပေးသင့်ကြောင်း၊ သစ်တောသုတေသနဗိမာန်အတွက် လူ ၂၀ မှ ၃၀ ခန့်လိုအပ်နေသေးကြောင်း"** သစ်တောမင်းကြီးချုပ်သီရိပုံချီ ဦးချိန်ဟိုက မိန့်ကြားခဲ့သည်ကို အဆိုပါ အစည်းအဝေး၏ မှတ်တမ်းတွင် တွေ့ရှိခဲ့ရာ၊ မိမိအနေဖြင့် အလွန်သဘောကျသည့်အတွက် သေချာမှတ်သားထားခဲ့ခြင်းဖြစ်ပါသည်။ (မြန်မာ့ကျွန်း၊ စာမျက်နှာ ၁၈၂)

၁၉၆၃ ခုနှစ်တွင် FRI တည်ထောင်ရေးအတွက် ရှေ့ပြေး ဆပ်ကော်မတီကို ဖွဲ့စည်းခဲ့သည်။ မင်းကြီးချုပ်

PDF Compressor Free Version

သီရိပုံချီ ဦးသိန်း လက်ထက်ကဖြစ်သည်။ နိုင်ငံတော်အစိုးရက အာဏာရှင်စိန်၊ ကြိုးကျန်း (ယခုခေါ်) ၌ မြေနေရာချထားပေးခဲ့သည်။ သို့ရာတွင် အကြောင်းကြောင်းကြောင့် အချိန်ကြာသွားသဖြင့် ထိုနေရာသို့ ကျူးကျော်များဝင်ရောက်နေထိုင်ကြသည့်အတွက် နေရာပျောက်သွားခဲ့သည်။ ထို့ကြောင့် သစ်တောဌာနက မော်ဘီတွင် တည်ဆောက်ရန် အဆိုပြုခဲ့ရာ အစိုးရအဖွဲ့က တောင်ငူ သို့မဟုတ် ပျဉ်းမနား ကို ရွေးချယ်ခိုင်းခဲ့သည်။ လူကြီးများက မဟာဗျူဟာစီမံကိန်းနယ်မြေဖြစ်သည့် ပျဉ်းမနား၊ ရေဆင်းနယ်မြေကို ရွေးချယ်ခဲ့သည်။ ၁၉၇၀ ပြည့်နှစ်တွင် နိုင်ငံတော်အစိုးရက သစ်တောသုတေသနဗိမာန် တည်ထောင်ရန် ခွင့်ပြုခဲ့သည်။

အဆိုပါနယ်မြေတွင် စိုက်ပျိုးရေးသုတေသနဗိမာန် (Agriculture Research Institute – ARI)၊ စိုက်ပျိုးရေးတက္ကသိုလ် (Institute of Agriculture)၊ တိရစ္ဆာန်ကုသရေးနှင့် မွေးမြူရေးတက္ကသိုလ် (Institute of Veterinary Science) များ တည်ဆောက်မည့် အစီအစဉ်ရှိသည်။ (မူလက FAO, UNDP ၏ အထောက်အပံ့ဖြင့် Institute of Agriculture, Veterinary Science and Forestry Project (IAVSF Project) ရှိခဲ့သည်။ အဆိုပါ တက္ကသိုလ်နှစ်ခုနှင့် ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်ရှိ သစ်တောပညာဌာနများကို စုစည်းကာ တက္ကသိုလ်ကြီးတစ်ခုတည်ထောင်မည့် Program ရှိသည်။ ထိုသို့တည်ထောင်ရေးအတွက် ပညာရေးဌာနတွင် တက္ကသိုလ်နှစ်ခုမှ တာဝန်ရှိသူများနှင့် သစ်တောပညာဌာနမှ ပါမောက္ခတို့ အကြိမ်ကြိမ်စည်းဝေးခဲ့ကြသည်။ (ထိုစဉ်က ပညာရေးဝန်ကြီးဌာနလက်အောက်၌သာ ရှိသေးသည်။)

စာချွန်လွှာလက်မှတ်ရေးထိုးခြင်း

FRI တည်ထောင်ရန် စိုင်းပြင်းခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ၁၉၅၄ ခုနှစ်ကျမှသာ မြန်မာနိုင်ငံအစိုးရနှင့်ကမ္ဘာ့ကုလသမဂ္ဂ၊ စားနပ်ရိက္ခာအဖွဲ့ (FAO) တို့ သဘောတူစာချွန်လွှာတွင် လက်မှတ်ရေးထိုးနိုင်ခဲ့ပါသည်။ ၁၉၅၈ ခုနှစ်မှ ၁၉၈၃ ခုနှစ်အထိ မြန်မာနိုင်ငံအစိုးရနှင့်ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) တို့၏ သဘောတူညီမှုဖြင့် သစ်တောသုတေသနဗိမာန်တည်ထောင်ခြင်းစီမံကိန်း (ပထမအဆင့်) အား UNDP မှ ထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ ၁.၉၂၈ သန်းနှင့်မြန်မာနိုင်ငံမှထည့်ဝင်ငွေကျပ် ၃၂.၀၅ သန်းဖြင့် စတင်ဆောင်ရွက်ရန်ဖြစ်ပါသည်။

ထိုသို့ သဘောတူစာချုပ်ချုပ်ဆိုနိုင်ရေးအတွက် လိုအပ်သည်များကိုစီစဉ်ဆောင်ရွက်နေစဉ်ကာလမှာကတည်းကပင် ညွှန်ကြားရေးမှူးချုပ်ဦးမောင်ကလေး–၁ က ဖော်ပြပါစီမံကိန်းကိုဦးဆောင်ရန် မန္တလေးသစ်တောတိုင်းမှ မင်းကြီးဦးစိန်မောင်ဝင့်ကို ၁၉၅၃ ခုနှစ်၊ ဖွန်လတွင် FRTC သို့ခေါ်ယူလိုက်ပါသည်။ (ဦးစိန်မောင်ဝင့် FRTC သို့ ပြောင်းရွှေ့လာသည့် အချိန်ကို ဦးမောင်မောင်ထွေး၏ ပြောကြားချက်အရ ယခုကဲ့သို့ တိတိကျကျ ဖော်ပြနိုင်ခြင်းဖြစ်ပါသည်။)

၁၉၅၅ ခုနှစ်တွင် Australia National University မှ Timber Physics and Mechanic အထူးပြုဖြင့် မဟာသိပ္ပံတွဲ့ရရှိခဲ့သည့် ဦးစိုးတင့် (B.Sc.,Forestry,1962 Batch) ကို ဦးစိန်မောင်ဝင့်က FRI Project အတွက်သူ၏ Assistant အဖြစ်ခေါ်ထားလိုက်သည်။ (ဦးစိုးတင့်သည် ဩစတြေးလျသို့ ပညာတော်သင်မသွားခင်က သစ်တောစိုက်ပျိုးရေးဌာနခွဲမှ ဝန်ထောက်တစ်ဦးဖြစ်သည်။) ၎င်းပြင် ဦးစိုးတင့်အား TPM နှင့် WAB ဌာနစိတ်များကိုပါ ကြိုးကြပ် ခိုင်းပါသည်။ သို့သော် သိပ်မကြာမီမှာပင် ညွှန်ချုပ်က ဦးစိုးတင့်အား ပြည် သစ်တောခရိုင်သို့ ပြောင်းပစ်လိုက်ပါသည်။ အစ်ကို ဦးစိုးတင့်ထံမှ Timber Physics နှင့် Timber Mechanics ပညာများကို သင်ယူရန်အားခဲထားခဲ့သည့် စာရေးသူ၏ရည်မှန်းထားချက်များ ပျောက်သွားပါတော့သည်။

မင်းကြီးဦးစိန်မောင်ဝင့်က FRI အတွက် အခြေခံလိုအပ်ချက်များဖြစ်သည့် Generaton ရေစုပ်စက်၊ ရေတင်စက်၊ မော်တော်ယာဉ်.... စသည်များကို နိုင်ငံခြားကမှာယူနေပါသည်။ ရေဆင်းတွင်လည်း ဧည့်ရိပ်သာ (အရင်အခေါ်ဘိုတဲ)၊ ရုံး၊ သိုလှောင်ရုံ (Store) နှင့်ဝန်ထမ်းအိမ်ရာများကို ပြည်သူ့ဆောက်လုပ်ရေးက စတင်ဆောက်လုပ်နေပြီဖြစ်ပါသည်။ ထိုအချိန်က ရေဆင်းတွင်စိုက်ပျိုးရေးသုတေသနဗိမာန် (ARI) နှင့်စိုက်ပျိုးရေးတက္ကသိုလ်တို့ တည်ထောင်ပြီးစကာလဖြစ်ပါသည်။ (ထိုအချိန်တွင် ယခင်က မင်းကြီး၏လက်အောက်တွင်ရှိခဲ့သော TRAD မှ သစ်တောဘိုနယ်နှင့်ပဟိုသိုလှောင်ရုံသည် ရန်ကုန်တိုင်း၊ သစ်တောဦးစီးဌာန၏ လက်အောက်သို့ ရောက်ရှိသွားခဲ့သည်။ ထို့ကြောင့် FRTC တွင် သုတေသနဌာနခွဲများနှင့်သုတေသနဌာနစိတ်များသာ သီးသီးသန့်သန့်ကျန်ခဲ့သည်။)

၁၉၅၆/၁၉၅၇ ခုနှစ်တွင် သစ်တောဘောဂဗေဒဌာနခွဲသို့ အစ်ကိုကြီး ဦးစိန်ဝင်း ပြောင်းရွှေ့လာသောကြောင့် FRI တည်ထောင်ရေးအတွက် အဓိကအမာခံပုဂ္ဂိုလ်ကြီးတစ်ဦးကို ရရှိလိုက်ခြင်း ဖြစ်ပါသည်။

၁၉၅၇ မိုးတွင်း၌ မင်းကြီးက တောအုပ်ကြီးဦးတင်စိန်အား FRI ၏ Boundary တွင် ယူကလစ်ပင်များစိုက်ခိုင်းခဲ့ရာ၊ နယ်ခံသစ်တော၏အကူအညီဖြင့် စိုက်ပျိုးခဲ့သည်။ ထိုအချိန်က ဦးတင်အောင် (B.Sc. Forestry, ၁၉၅၇) နှင့် ဦးကောလူအဒီး (B.Sc.Forestry, ၁၉၆၀) တို့သည် ပျဉ်းမနားခရိုင်နှင့်ရမည်းသင်းခရိုင်များမှ သစ်တောဝန်များဖြစ်ကြသည်။ ၁၉၅၇ ခုနှစ် အလယ်ခန့်တွင် ရေဆင်းသို့ ၁၉၅၈ သင်္ကြန်အပြီးတွင် စတင် ပြောင်းရွှေ့ရန် အကြမ်းဖျင်း လျာထားခဲ့သည်။ ပြောင်းရွှေ့ချိန်တွင် အိမ်ရာ၊

PDF Compressor Free Version

လမ်း၊ ရေ၊ မီး၊ .... စသည်များ အဆင်သင့်ဖြစ်စေရေး အတွက် မင်းကြီးမှစ၍ ဝန်ထမ်းအဆင့်ဆင့် သည့်အဖွဲ့ကို ရှေ့ပြေး (Pioneer) အဖြစ် ၁၉၇၇ ခုနှစ်၊ ဒီဇင်ဘာလတွင်ရေဆင်းသို့ စေလွှတ်ခဲ့ပါသည်။

အထက်ဖော်ပြပါ အကြောင်းအရာများသည် စာရေးသူ ၁၉၆၇ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်မှ ၁၉၇၈ ခုနှစ်၊ ဇွန်လ ၁၇ ရက်အထိ–ဆယ်စုနှစ် တစ်စု ကျော်ကျော် လုပ်ကိုင်ခဲ့သော FRTC မှ မှတ်မိသမျှအတွေ့ အကြုံများ ဖြစ်ပါသည်။

ရေဆင်းသို့ပြောင်းရွှေ့ခြင်း

၁၉၇၈ ခုနှစ်၊ မတ်လမှ စတင်ကာရေဆင်းသို့ ရုံးပစ္စည်းများ စတင်ပြောင်းရွှေ့ခဲ့ကြပြီး သင်္ကြန်မတိုင်မီမှစ၍ ဝန်ထမ်းများနှင့်မိသားစုများရေဆင်းသို့ပြောင်းရွှေ့ခဲ့ကြပါသည်။ ရုံးအဆောက်အအုံအနေဖြင့် တစ်ခုတည်းသာပြီးသေးသည့် အတွက် မင်းကြီးမှစ၍ဝန်ထမ်းအားလုံး ထိုရုံး၌ပင်ရုံးတက်ခဲ့ကြပါသည်။ (လက်ရှိတာတ်ခွဲခန်းအဆောင်ကြီး ၆ ခုအနက် အနောက်မြောက်ထောင့်ရှိ အဆောင်ဖြစ်ပါသည်။)

အထက်ဖော်ပြပါ အကြောင်းအရာများသည် သစ်တောဌာနတွင် သစ်တောသုတေသနလုပ်ငန်းများ ဆောင်ရွက်ရန် စတင်ခဲ့သည့် ၁၉၁၄ ခုနှစ်မှအစပြု၍ သစ်တော သုတေသနဗိမာန် စတင်တည်ထောင်ရန်၊ ရန်ကုန်မှရေဆင်း သို့ပြောင်းရွှေ့ခဲ့သည့် ၁၉၇၈ ခုနှစ်၊ ဇွန်လအထိ – ၆၄ နှစ်တာ ကာလအတွင်းမှ သုတေသနနှင့် သက်ဆိုင်သည့် အဖြစ်အပျက်များကို စာတွေ့၊ ကိုယ်တွေ့နှင့်သက်ရှိထင်ရှား ရှိနေသည့် စီနီယာများ၊ လုပ်ဖော်ကိုင်ဖက်များအား မေးမြန်း ထားချက်များကို အခြေခံလျက် ရေးသားထားခြင်းဖြစ်ပါ သည်။ FRI တည်ထောင်သည်မှ ၂၀၁၀ ပြည့်နှစ်အထိ သုတေသန ဆောင်ရွက်မှုများကို အပိုင်း (၂) အဖြစ် ဆက်လက် ရေးသားမည် ဖြစ်ပါသည်။


ကိုးကားသောအထောက်အထားများ

- မြန်မာနိုင်ငံသစ်တောသမိုင်း၊ သစ်တောရေးရာဝန်ကြီးဌာန။ ပထမအကြိမ်၊ ၂၀၀၈ ခုနှစ်၊ ဇူလိုင်လ။ စာမျက်နှာ ၄၅၅ မျက်နှာ။
- A Handbook of the Forest Products of Burma. Alex Rodger, Offg. Conservator of Forests, Research and Working Plans Circle, Burma. First Edition, 1921. Revised Edition, 1951 and Second Revised Edition. 1963.
- မြန်မာ့ကျွန်း၊ ဝင်းချစ် (အမျိုးသားစာပေဆု၈)။ ပထမ အကြိမ်၊ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ။ စာမျက်နှာ ၂၈၄ မျက်နှာ။

****

စာမျက်နှာ (၁၃) မှ ဆက်

အယူအဆတစ်ခုသာမက နိုင်ငံ၏ စီးပွားရေး၊ လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုကို တစ်ပြိုင်နက်တည်း မြှင့်တင်ပေးနိုင်သည့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာ တစ်ရပ်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် မူဝါဒကောင်းများ၊ သိပ္ပံနည်းကျစီမံခန့်ခွဲမှု၊ အစိမ်းရောင် ရင်းနှီးမြှုပ်နှံမှုနှင့် ပြည်သူလူထုပူးပေါင်းပါဝင်မှုတို့ကို အခြေခံ၍ ဂေဟစနစ်ဆိုင်ရာ ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် စနစ်တကျ အကောင်အထည်ဖော်နိုင်ပါက သဘာဝနှင့် လူသားတို့ အတူယှဉ်တွဲဖွံ့ဖြိုးသည့် ရေရှည်တည်တံ့သော အနာဂတ်ကို တည်ဆောက်နိုင်မည်ဖြစ်သည်။



China's first ecological civilization pilot zone moves towards green growth

ကိုးကား

- CBD. (2022). Kunming-Montreal Global Biodiversity Framework. Convention on Biological Diversity.
- IPCC. (2023). Climate Change 2023: Synthesis Report. Geneva: IPCC.
- UNDP. (2013). Sustainable and Liveable Cities: Toward Ecological Civilization. New York:
- UNDP. UNEP. (2021). Making Peace with Nature: A Scientific Blueprint to Tackle the Climate, Biodiversity and Pollution Emergencies. Nairobi: UNEP.
- UNEP. (2025). Global Environment Outlook 7: A Future We Choose. Nairobi: UNEP. UNFCCC. (2015).
- Paris Agreement.
- Xi Jinping. (2025). Selected Works on Ecological Civilization. Beijing.

****

ဖြန့်ကျက်ကာကွယ်ရေးဖြင့် ဒီးဗွားရေးရုစင်းများနှင့် သဘာဝထိန်းကျောင်း ထိန်းသိမ်းရေး

PDF Compressor Free Version



ဦးစိန်သတ်၊
ညွှန်ကြားရေးနှုး (ငြိမ်း)

မြန်မာနိုင်ငံသည် အင်ဒို – ဘူမိဇီဝနယ်မြေတွင် တည်ရှိပြီး အပင်နှင့်သတ္တဝါအမျိုးမျိုးသည် ဇီဝမျိုးစုံမျိုးကွဲသယံဇာတများ ပေါကြွယ်ဝသည့်နိုင်ငံတစ်နိုင်ငံဖြစ်ပြီး၊ သစ်တောဦးစီးဌာနမှ ထုတ်ပြန်ထားသော စာရင်းဇယားများအရ နိုင်ငံ၏ ၄၃ ရာခိုင်နှုန်းခန့်မှာ သဘာဝသစ်တောများဖုံးလွှမ်းလျက်ရှိပါသည်။

ကမ္ဘာ့လူသိများသော အဖိုးတန်ကျွန်းပင်များ သဘာဝအတိုင်းပေါက်ရောက်ရာ နေရင်းဒေသလည်းဖြစ်ပါသည်။ ဇီဝမျိုးစုံမျိုးကွဲသယံဇာတများအား ရေရှည်တည်တံ့ခိုင်မြဲစေရန် ရည်ရွယ်၍ သစ်တောဦးစီးဌာနမှ ကာကွယ်ထိန်းသိမ်းလျက်ရှိပါသည်။ သဘာဝတောများမှ ရရှိသော သစ်တောထွက်ပစ္စည်းများမှာ နိုင်ငံတကာသို့တင်ပို့ရောင်းချလျက်ရှိသဖြင့် ပြည်ပဝင်ငွေရရှိမှုတွင် ခေတ်အဆက်ဆက်၌ အရေးပါသည့် အခန်းကဏ္ဍတစ်ခုဖြစ်ပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် နှစ် (၃၀) အမျိုးသား သစ်တောကဏ္ဍပင်မ စီမံကိန်း (၂၀၀၁–၂၀၃၀) တွင် ချမှတ်ထားသည့်အတိုင်း အကောင်အထည်ဖော် ဆောင်ရွက်ရန်၊ ယင်းရည်မှန်းလျာထားချက်များ ပြည့်မီရေးအတွက် အကောင်အထည်ဖော်မည့်စွမ်းဆောင်ရည်ရရှိရန် မြန်မာနိုင်ငံ၏ အမျိုးသားအဆင့်နှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့်များအလိုက် လုပ်ငန်းအစီအစဉ်များကို ချမှတ်ထားကြောင်း သိရှိရပါသည်။ မြန်မာနိုင်ငံသစ်တော ဥပဒေ (၁၉၉၂)၊ မြန်မာ့သစ်တောမူဝါဒ (၁၉၉၃)၊ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရန်နှင့် သဘာဝနယ်မြေများထိန်းသိမ်းရေးဥပဒေ (၁၉၉၄) တို့ကို မူရင်းဥပဒေ၊ လုပ်ထုံးလုပ်နည်းတို့မှ ပြင်ဆင်ပြဋ္ဌာန်းခဲ့ပြီး၊ မြန်မာ့ဇီဝမျိုးစုံမျိုးကွဲများကို နေရင်းဒေသနှင့်တကွ မပြုန်းတီးစေရန် ထိန်းသိမ်းခဲ့ပါသည်။

ထို့အပြင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးမူဝါဒ (၁၉၉၄)၊ ပတ်ဝန်းကျင်၏ထိန်းသိမ်းရေး ဥပဒေအဆိုပြု (၁၉၉၉)၊ မြန်မာ့ ၂၁ ရာစုအစီအစဉ် (၁၉၉၅)၊ ထို့အပြင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ (၂၀၁၂) နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ (၂၀၁၄) တို့ကို ထုတ်ပြန်ခဲ့ပြီး ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းကာကွယ်ရန် ပြဋ္ဌာန်းခဲ့ပါသည်။ မြန်မာနိုင်ငံတွင် ပေါက်ရောက်နေသော သဘာဝတောများမှ သစ်အပြင် အခြားသဘာဝသယံဇာတများဖြစ်သည့် သစ်တောထွက်ပစ္စည်းများအမျိုးအစားနှင့်အရေအတွက်များစွာ ထွက်ရှိပါသည်။ နိုင်ငံတော်အတွက် အမြတမ်းအားထားရသည့် စီးပွားရေးအရင်းအမြစ်တစ်ခုအဖြစ်တည်ရှိအောင် သစ်တောများကို ထိန်းသိမ်းကာကွယ်ရမည်ဖြစ်သကဲ့သို့ ရောင်းချရေးတို့ကို စနစ်တကျဆောင်ရွက်ရန် သစ်တောကဏ္ဍဆိုင်ရာလမ်းညွှန်ချက်များ ပါရှိပါသည်။

အလားတူပင် ၁၉၉၅ ခုနှစ်တွင် ထုတ်ပြန်သော မြန်မာ့သစ်တောမူဝါဒနှင့် မြန်မာနိုင်ငံပါဝင်သော အပြည်ပြည်ဆိုင်ရာ အပူပိုင်းဒေသ သစ်နှင့်ပတ်သက်သော အဖွဲ့အစည်း၏လုပ်ငန်းစီမံချက်တွင်လည်း ဦးတည်ချက်များထားရှိပါသည်။ ထို့အပြင် သစ်တောကဏ္ဍပင်မစီမံကိန်းနှင့် မြန်မာ့စက်မှုကဏ္ဍတိုးတက်ရေး စီမံကိန်းများတွင်လည်း ၂၀၀၁ ခုနှစ်မှ ၂၀၃၀ ခုနှစ်အထိ နှစ်သုံးဆယ်ကာလအတွင်း စက်မှုအခြေခံသော သစ်လုပ်ငန်းများအတွက်စီမံလျာထားချက်များပါရှိပါသည်။ လိုရာပန်းတိုင်သို့ အရောက်လှမ်းနိုင်ရန် အမျိုးသားရေး တစ်ရပ်အနေဖြင့် နိုင်ငံပိုင်ကဏ္ဍနှင့် ပုဂ္ဂလိကပိုင်ကဏ္ဍလုပ်ငန်းများ လက်တွဲဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ သစ်တောစီးပွားရေးကဏ္ဍဖွံ့ဖြိုးမှု

PDF Compressor Free Version

တွင် သစ်ထုတ်လုပ်ငန်း (Timber Harvesting) တစ်ခု တည်း ဖွံ့ဖြိုးရုံမျှဖြင့် မပြည့်စုံသဖြင့် စက်မှုသစ်လုပ်ငန်း (Wood Based Industry) နှင့် ကုန်သွယ်မှု (Timber Trade) တို့ ဖွံ့ဖြိုးရန်လိုအပ်ပါသည်။ ထိုလုပ်ငန်းသုံးရပ်သည် သစ်တောစီးပွားရေးကဏ္ဍ၏မဏ္ဍိုင်ကြီးများ ဖြစ်လာသော တောတွင်းသစ်ထုတ်လုပ်ငန်း အတွေ့အကြုံအပေါ် အခြေခံ၍ ဆောင်ရွက်သင့်ပါသည်။ သစ်အခြေခံစက်မှုလုပ်ငန်းနှင့် သစ်ကုန်သွယ်မှုလုပ်ငန်းတို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သစ်ထုတ်လုပ်ငန်း၌ အတွေ့အကြုံရှိပြီးသော လုပ်ငန်းရှင်များ၏ ပူးပေါင်းဆောင်ရွက်မှုသည် အဓိက ကျလိမ့်မည်ဖြစ်ပါသည်။



မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံဖြစ်၍ ဖွံ့ဖြိုးရေးရည်မှန်းချက်များစွာထားရှိပြီး စီးပွားရေး၊ ပတ်ဝန်းကျင်၊ လူမှုဆိုင်ရာ၊ ယဉ်ကျေးမှုနှင့်နိုင်ငံရေးဆိုင်ရာ ရည်မှန်းချက်များ ချမှတ်ရန်လိုအပ်ပါသည်။ နိုင်ငံ၏ဖွံ့ဖြိုးရေးမူဝါဒများနှင့် စီမံချက်များအပြင် နည်းပညာနှင့် ဘဏ္ဍာရေးဆိုင်ရာစွမ်းဆောင်ရည်များကိုလည်းကောင်း၊ သစ်တောစီမံအုပ်ချုပ်ရေး၊ သဘာဝတောများ ထိန်းသိမ်းကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးတို့တွင် မူဝါဒချသူများအဆင့်၏ ဆန္ဒရှိမှုတို့ကိုလည်းကောင်း၊ စားနပ်ရိက္ခာဖူလုံရေးနှင့် စွမ်းအင်ထောက်ပံ့ရေး၊ လူမှုဆိုင်ရာနှင့် စီးပွားရေးဆိုင်ရာ အခြေခံအဆောက်အအုံများကိုလည်း ထည့်သွင်းစဉ်းစားရန် အရေးကြီးပြီးကဏ္ဍများစွာအတွက် သင့်လျော်သောဖြေရှင်းနည်းများတွေ့ရှိပါက ဂရုစိုက်၍ အလေးပေး ညှိနှိုင်းရန်လည်း မရှိမဖြစ်လိုအပ်ပါသည်။

မြန်မာနိုင်ငံသည် ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလတွင် ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဘောင်ကွန်ဗေးရှင်း (UNFCCC) သို့ နိုင်ငံအလိုက်ပါဝင် ဆောင်ရွက်ရန် ရည်မှန်းထားသောလုပ်ငန်းများ (INDC) ကို တင်ပြခဲ့သည်။ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာတွင် ပြုလုပ်ခဲ့သည့် COP-21 အစည်းအဝေးတွင်ရရှိခဲ့သော ပါရီသဘောတူညီချက်အရ INDC တွင်ဖော်ပြထားသော ကာဗွန်ထုတ်လွှတ်မှု လျော့ချရေးလုပ်ငန်းများသည် ပါရီသဘောတူညီချက်ကို အတည်ပြုပြီး တရားဝင်ရည်မှန်းချက်များအဖြစ် သတ်မှတ်ပြီးဖြစ်၍ နိုင်ငံများသည် INDC အရ လုပ်ငန်းတိုးတက်မှုများကို ငါးနှစ်တစ်ကြိမ်အစီရင်ခံရန် တာဝန်ရှိကြောင်း ဆုံးဖြတ်ထားသည်။ မြန်မာနိုင်ငံ၏ INDC တွင် ထုတ်လွှတ်မှုများကို လျော့ချနိုင်မည့် အဓိကနယ်ပယ် နှစ်ခုအဖြစ် သစ်တောကဏ္ဍနှင့်စွမ်းအင်ကဏ္ဍတို့ကို သတ်မှတ်ဖော်ပြထားသည်။ ထို့ကြောင့် မြန်မာနိုင်ငံ၏ သစ်တောကဏ္ဍမှ အသားတင်ထုတ်လွှတ်မှုများကို လျော့ချမည့်လုပ်ငန်းများသည် ကမ္ဘာ့အလယ်တွင် မြင့်မားသောပုံရိပ်တစ်ခု ဖြစ်လာပါမည်။

မြန်မာနိုင်ငံသည် မကြာမြင့်မီကာလအတွင်း သဘာဝတောများထိန်းသိမ်းခြင်းအားဖြင့် သစ်တောဖုံးလွှမ်းမှုနှင့် ပတ်သက်သည့် အရေးကြီးသောဆုံးဖြတ်ချက် တချို့ကို ချမှတ်ရမည်ဖြစ်ပါသည်။ ထိုဆုံးဖြတ်ချက်များတွင်သစ်တောပြုန်းတီးမှု (Deforestation) သာမက အခြားလုပ်ငန်းစဉ်များအား ဖော်ထုတ်ဆောင်ရွက်မည်၊ မဆောင်ရွက်မည်ဆိုခြင်းလည်း ပါဝင်သည်။ လက်ရှိအချက်အလက်များအရ သစ်တောအတန်းအစားကျဆင်းခြင်းသည် အသားတင် သစ်တောပြုန်းတီးမှုထက်ပင် ပိုမိုအရေးပါနေကြောင်း ဖော်ပြနေပါသည်။ မြန်မာနိုင်ငံသည် သစ်တောပြုန်းတီးမှုကို လျော့ချရန်အတွက် ကုန်ကျစရိတ်အနည်းဆုံးနှင့် အထိရောက်ဆုံးသောနည်းလမ်းများကို သတ်မှတ်ဖော်ထုတ်ရန်လိုအပ်ပါသည်။ ဆိုလိုသည်မှာ သစ်တောများအပေါ် ကြီးမားသောသက်ရောက်မှုရှိနေသည့် သစ်တောပြုန်းတီးမှုများအား ဖြစ်ပေါ်စေမည့် အဓိကမောင်းနှင်အားများအား သတ်မှတ်ဖော်ထုတ်ပြီးနောက် ယင်းမောင်းနှင်အားများအား လျော့ချမည့်မူဝါဒများနှင့် ဥပဒေများသည် နည်းပညာပိုင်းအရ ဖြစ်နိုင်ချေရှိပြီး စီးပွားရေးနှင့်နိုင်ငံရေးအရ လက်ခံနိုင်ဖွယ်ရှိရပါမည်။ သစ်ထုတ်ခြင်း (တရားဝင်နှင့်တရားမဝင် နှစ်မျိုးလုံး) နှင့် စိုက်ပျိုးမြေချဲ့ထွင်ခြင်း (အကြီးစားနှင့် အသေးစား နှစ်မျိုးလုံး) တို့သည် သက်ရောက်မှုအနေဖြင့် ကြည့်ပါက သိသာထင်ရှားကြပါသည်။

သဘာဝသယံဇာတအခြေခံလုပ်ငန်းများဖြစ်သည့် စိုက်ပျိုးရေး၊ သစ်တော၊ ရေလုပ်ငန်း၊ သတ္တုတွင်းတူးဖော်ရေးလုပ်ငန်းတို့သည် အခြေခံနိုင်ငံတစ်နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်ကြသည်ဖြစ်ရာ၊ လုပ်ငန်းကာလရှည်လျားသည်နှင့်အမျှ သယံဇာတထုတ်ယူမှုပိုမိုများပြားလာလေ့ရှိပြီး ရလဒ်အား

PDF Compressor Free Version

ဖြင့် သစ်တောပြုန်းတီးခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများဆုံးရှုံးခြင်းနှင့်ပတ်ဝန်းကျင်ညစ်ညမ်းမှုပြဿနာတို့ပြန်လည်ရှိပါသည်။ နိုင်ငံတကာညွှန်းကိန်းများအရ မြန်မာနိုင်ငံ၏ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေး စွမ်းရည်မှာ ကမ္ဘာ့နိုင်ငံများအလယ်တွင် အနိမ့်ကျဆုံးအနေအထားတွင် ရှိနေပေရာ၊ ပြည်ပမှ ထပ်မံဝင်ရောက်လာမည့် စက်မှုလုပ်ငန်းရှင်ကြီးများအနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းမှုအလေ့အထကောင်းများကိုပါ ယူဆောင်လာရန် လိုအပ်သကဲ့သို့ မြန်မာနိုင်ငံအစိုးရအနေဖြင့်လည်း နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးတို့ကို ဟန်ချက်ညီတိုးတက်လာစေရန် အထူးသတိချပ်ရမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲ နိုင်ငံတစ်နိုင်ငံဖြစ်သည့် အလျောက် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ နိုင်ငံအတွင်းရှိ စွမ်းအင်ကဏ္ဍ၊ သတ္တုတူးဖော်ခြင်းကဏ္ဍများနှင့် စိုက်ပျိုးရေးကဏ္ဍတို့တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို တိုးမြှင့်ဖိတ်ခေါ်လျက်ရှိရာ စနစ်တကျစီမံခန့်ခွဲမှုမရှိပါက သဘာဝပတ်ဝန်းကျင်နှင့်သယံဇာတအရင်းအမြစ်များ အပေါ် ဆိုးရွားသည့်ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်လာနိုင်ပါသည်။ ရာသီဥတုပြောင်းလဲမှုနှင့်အတူ နိုင်ငံ၏လူမှုစီးပွားရေးတိုးတက်မှု အခြေအနေများကို ခြိမ်းခြောက်လျက်ရှိရာ လက်ရှိကာလတွင် နိုင်ငံတော်အစိုးရအနေဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏ ဘေးထွက်ဆိုးကျိုးများနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ခြိမ်းခြောက်မှုများကို သတိပြုလာပြီး၊ သစ်တောကဏ္ဍသည် နိုင်ငံ၏ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များနှင့်လိုက်လျောညီထွေဖြစ်စေမည့် စီးပွားရေးရေရှည်ဖွံ့ဖြိုးတိုးတက်မှုနှင့် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်မှုများကို တွန်းအားပေးလျက်ရှိသော အဓိကကဏ္ဍ တစ်ခုဖြစ်ကြောင်း ပိုမိုသိရှိကျင့်သုံးဆောင်ရွက်လာကြပါသည်။



မြန်မာနိုင်ငံတော်၏ ပိုင်နက်ဧရိယာများအား မြေအမျိုးအစား ခွဲခြားသတ်မှတ်ရာတွင် လယ်မြေ၊ ယာမြေ၊ စိုက်ပျိုးမြေ၊ စားကျက်မြေ စသည်တို့နှင့်တကွ သစ်တောမြေ၊ ကာကွယ်တော၊ ဘေးမဲ့တော စသည့်သတ်မှတ်ချက်များ ရှိပါသည်။ ရေးမြန်မာမင်းများ လက်ထက်ကပင် မိုးကုတ်ဒေသကို မိုးကုတ်ရတနာနယ်မြေအဖြစ် သတ်မှတ်ခဲ့ပြီး၊ နောက်ပိုင်းကာလတွင် အစိုးရအဆက်ဆက်၌ လုံးခင်း၊ ဖားကန့်၊ ပြင်လုံ၊ ခန္တီး၊ မော်လူ၊ မော်ဟန်၊ မိုင်းရှူးရတနာမြေ၊ စသည်ဖြင့် ရတနာမြေများ (Stone Tract) သတ်မှတ်ခဲ့ပါသည်။ ရတနာနယ်မြေအဖြစ် သတ်မှတ်ထားပြီးသောဧရိယာတွင် သယံဇာတဓာတ်သတ္တုရှာဖွေ တူးဖော်ရရှိဆောင်ရွက်မှုမှန်သမျှသည် မြန်မာ့ကျောက်မျက်ရတနာဥပဒေပုဒ်မ (၇) (ဃ) ဖြင့် အကျုံးဝင်အကျိုးသက်ရောက်မည်ဖြစ်ပါသည်။ မြန်မာ့သတ္တုတွင်းဥပဒေအခန်း (၇) ပုဒ်မ (၂၁) အရ သတ္တုတွင်းနယ်မြေအဖြစ် ဒေသတစ်ခုခုကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်နိုင်ကြောင်း ပြဋ္ဌာန်းထားသော်လည်း ၁၉၉၄ ခုနှစ်၊ သတ္တုတွင်းဥပဒေထုတ်ပြန်ပြီး ချိန်မှစ၍ ယနေ့ထိတိုင် မြန်မာနိုင်ငံရှိ နယ်မြေဧရိယာတစ်ခုအား သတ္တုတွင်းလုပ်ငန်းမှအပ အခြားလုပ်ငန်းတစ်ခုခုလုပ်ကိုင်နိုင်ရန် နည်းဥပဒေလုပ်ထုံးများအား ပြဋ္ဌာန်းသတ်မှတ်ပေးရန် လိုအပ်မည်ဖြစ်ပါသည်။

မြေယာကိစ္စရပ်များကို စီမံခန့်ခွဲနေရသည့် ဌာနများအနေနှင့် သက်ဆိုင်ရာဌာနအလိုက် တာဝန်ယူစီမံအုပ်ချုပ်နေရသော ဧရိယာများမှာ ကျူးကျော်ဝင်ရောက်နေမှုများကို စာရင်းကောက်ယူခြင်း၊ မြို့ကွက်ရွာကွက်များ စနစ်တကျထူထောင်၍ ပြန်လည်နေရာ ချထားပေးခြင်း၊ လုပ်ကိုင်စားသောက်ရန် လယ်ယာမြေများ ဖော်ထုတ်စီမံချထားပေးခြင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုနှင့် သောက်သုံးရေဖူလုံမှု၊ ပြည်သူတို့၏ သစ်၊ ဝါး၊ ထင်းလိုအပ်ချက်အတွက် သစ်တောမြေများ ပိုင်းခြားသတ်မှတ်ပေးခြင်းတို့ကို စနစ်တကျစုဆောင်း ဆောင်ရွက်ပေးရန် လိုအပ်နေပါသည်။ အဓိကအကျဆုံးနှင့် အရေးပါဆုံး လုပ်ငန်းတစ်ရပ်မှာ မှန်ကန်တိကျသော စာရင်းဇယားများ ကောက်ယူပြုစုနိုင်ရေးဖြစ်ပါသည်။ မှန်ကန်သည့် ကိန်းဂဏန်းအချက်အလက်များ ရရှိရေးနှင့် တိကျသောစာရင်းဇယားများ ကောက်ယူပြုစုနိုင်ရေးဖြစ်ပါသည်။ မှန်ကန်သည့် ကိန်းဂဏန်းနှင့် စာရင်းဇယားများ ရရှိမှသာလျှင် တရားမဝင်ကျူးကျော်လုပ်ကိုင်နေသူများအား စုဖွဲ့နေရာချထားရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့်ဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများအတွက် မြေအသုံးချခွင့်ပေးနိုင်မည့် မြေနေရာများကိုဖွံ့ဖြိုးရေးဇုန်များ စုဖွဲ့သတ်မှတ်ရေးတို့ကို ဆောင်ရွက်သွားနိုင်မှာဖြစ်ပါသည်။ တစ်ဆက်တည်းမှာပင် သတ်မှတ်ထားသည့်

PDF Compressor Free Version

ဖုန်များအတွင်း ထပ်မံကျူးကျော်မှုမပြုလုပ်နိုင်ရေးကိုလည်း ဂရုပြု ကာကွယ်ထိန်းသိမ်းခြင်း အလွယ်တကူဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။



သဘာဝသယံဇာတလုပ်ငန်းများဖြစ်သည့် သစ်တော၊ ရေလုပ်ငန်း၊ သတ္တုတွင်းနှင့် စိုက်ပျိုးရေးလုပ်ငန်းတို့သည်လည်း နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်ကြသည်ဖြစ်ရာ လုပ်ငန်းကာလရှည်လျားသည်နှင့်အမျှ သယံဇာတထုတ်ယူမှု ပိုမိုများပြားလာလေ့ရှိပြီး ရလဒ်အားဖြင့် သစ်တောပြုန်းတီးခြင်း၊ ဇီဝမျိုးကွဲများဆုံးရှုံးခြင်းနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုမြင့်တက်ခြင်းတို့ ဖြစ်ပေါ်လာလေ့ရှိသည်။ နိုင်ငံတကာညွှန်းကိန်းများအရ မြန်မာနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးစွမ်းရည်မှာ ကမ္ဘာ့နိုင်ငံများအလယ်တွင် အနိမ့်ကျဆုံးအနေအထားတွင် ရှိနေပေရာ ပြည်ပမှ ထပ်မံဝင်ရောက်လာမည့် စက်မှုလုပ်ငန်းရှင်ကြီးများအနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းမှုအလေ့အထကောင်းများကိုပါ ယူဆောင်လာရန် လိုအပ်သကဲ့သို့ မြန်မာနိုင်ငံအစိုးရအနေဖြင့်လည်း၊ နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးတို့ကို ဟန်ချက်ညီတိုးတက်လာစေရန် အထူးသတိချပ်ရမည်ဖြစ်သည်။

အခြားသော အရှေ့တောင်အာရှဒေသများနှင့် နှိုင်းယှဉ်ပါက မြန်မာနိုင်ငံ၏ ဆာလ်ဖာဒိုင်အောက်ဆိုဒ်ထုတ်လွှတ်မှုများမှာ နည်းပါးနေသော်လည်း စက်မှုလုပ်ငန်းထွန်းကားလာသည်နှင့်အမျှ ထိုထုတ်လွှတ်မှုစံနှုန်းသည်လည်း လိုက်ပါပြောင်းလဲလာပေလိမ့်မည်၊ ဆုံ့ငုံ၍ သုံးသပ်ရပါက လေထုအရည်အသွေးစောင့်ကြည့်စနစ်၊ လေထုအရည်အသွေးစံနှုန်းသတ်မှတ်ချက်၊ လေထုအရည်အသွေး စောင့်ကြည့်စခန်းများထားရှိခြင်း မပြုရသေးသော မြန်မာနိုင်ငံအနေဖြင့် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှု၊ နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတို့နှင့်အတူ ဒွန်တွဲလိုက်ပါလာမည့် လေထုအရည်အသွေး ခြိမ်းခြောက်မှုများကို ရင်ဆိုင်ဖြေရှင်းစီမံခန့်ခွဲနိုင်ရန်အတွက် လိုအပ်သောဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံး လုပ်နည်းများကို ဖော်ဆောင်ပြင်ဆင်ထားရန်လိုအပ်မည် ဖြစ်ပါသည်။



လက်ရှိအနေအထားတွင် မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုများပြားလာသည့် အဆင့်သို့မရောက်ရှိသေးသော်လည်း စက်မှုလုပ်ငန်းထွန်းကားလာခြင်းနှင့် သစ်တောပြုန်းတီးခြင်းတို့က မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုလျော့ချခြင်းကို အဟန့်အတား ပြုလာမည်ဖြစ်ပါသည်။ မြန်မာ့သစ်တောများ၏ ကာဗွန်ဒိုင်အောက်ဆိုဒ် စုပ်ယူနိုင်စွမ်းသည် လက်ရှိအနေအထားမှာပင် ကမ္ဘာ့နိုင်ငံအများအပြားထက် သာလွန်နေဆဲဖြစ်သော်လည်း ထိုအခြေအနေမှ ပျက်ပြယ်မသွားစေရန် လိုအပ်သောကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ထားနိုင်ရမည်ဖြစ်ပါသည်။ နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတွင် သတ္တုနှင့် သစ်တောစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆောင်ရွက်ရာ၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း စောင့်ရှောက်ရေးကိုပါ ဟန်ချက်ညီ မြင့်တက်လာစေရေးကို ချိန်ဆ ဆောင်ရွက်နိုင်ရန် လိုအပ်ပါကြောင်း တင်ပြလိုက်ရပါသည်။

ဘယ်လူသားမှ သစ်ပင်တွေနဲ့ ကင်းလွတ်ပြီး အသက်ရှင် ရပ်တည်လို့ မရဘူးII



APK

PDF Compressor Free Version

စွမ်းရည်ပြည့်ဝ နှလုံးလှုပ်



ဆင်းသိဟ

၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့တွင် သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ် (ရေဆင်း) နှင့် နေပြည်တော် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် စာပေဟောပြောပွဲသို့ တက်ရောက်ခဲ့ပါသည်။ ရေဆင်းနယ်မြေတွင် ဝန်ထမ်းဘဝတစ်လျှောက် နေထိုင်လုပ်ကိုင်ခဲ့သူ၊ ယခုအခါ သက်ကြီးအငြိမ်းစားတစ်ဦးဖြစ်သည့်အပြင် ''ဆင်းသိဟ'' အမည်ဖြင့် ဆောင်းပါးများ ရေးသားနေသူတစ်ဦးအဖြစ် အခမ်းအနားအစီအစဉ်တွင် ကျောင်းသား၊ ကျောင်းသူ လူငယ်မောင်မယ်များအား အမှာစကားပြောကြားရန် ဖိတ်ကြားခံခဲ့ရပါသည်။

ထိုအခါ လူငယ်များအတွက် အမှာစကားကို ''စွမ်းရည်ပြည့်ဝ နှလုံးလှုဖို့'' ဟူသောခေါင်းစဉ်ဖြင့် မိမိကိုယ်ကို အစဉ်အမြဲမြှင့်တင်ရေး၊ စစ်မှန်သောအောင်မြင်မှု၊ တာဝန်သိ တာဝန်ယူစိတ်နှင့် လူ့အဖွဲ့အစည်းအတွက် အကျိုးပြုနိုင်ရေးတို့ကို အဓိကထား ပြောကြားခဲ့ပါသည်။

မိမိကိုယ်ကို အစဉ်အမြဲ မြှင့်တင်ပါ

ပထမဦးစွာ လူငယ်များအနေဖြင့် မိမိကိုယ်ကို အစဉ်အမြဲ မြှင့်တင်တည်ဆောက်သွားရန် လိုအပ်ကြောင်း ပြောကြားခဲ့ပါသည်။

တချို့သူများသည် ကျောင်းပြီးသွားခြင်း၊ ဘွဲ့ရရှိသွားခြင်းနှင့်သင်ယူမှုသည် ပြီးဆုံးသွားပြီဟု ထင်မြင်တတ်ကြပါသည်။ အမှန်မှာ ကျောင်းပြီးခြင်း၊ ဘွဲ့ရခြင်းသည် သင်ယူမှု၏ အဆုံးမဟုတ်ဘဲ ဘဝတစ်လျှောက် ဆက်လက်သင်ယူရမည့်ခရီး၏ အစသာဖြစ်ပါသည်။

စာအုပ်စာပေများသည် လူတစ်ဦး၏ ဗဟုသုတ၊ အသိပညာနှင့် အတွေးအခေါ်များကို ကျယ်ပြန့်စေပါသည်။ စာဖတ်သူတစ်ဦးသည် မိမိကိုယ်တိုင် မကြုံတွေ့ဖူးသည့် ဘဝအတွေ့အကြုံများ၊ လူမှုဘဝများနှင့် အတွေးအမြင်များကို စာအုပ်များမှတစ်ဆင့် လေ့လာခံစားနိုင်ပါသည်။

ထို့ကြောင့် လူငယ်များအနေဖြင့် ကျောင်းစာများကိုသာ ဖတ်ရှုခြင်းမဟုတ်ဘဲ နေ့စဉ် ၁၅ မိနစ်၊ မိနစ် ၂၀ ခန့် စာဖတ်သည့်အလေ့အကျင့်ကို ယနေ့မှ စတင်မွေးမြူကြရန် တိုက်တွန်းခဲ့ပါသည်။ စာဖတ်ခြင်းနှင့်အတူ Life Long Learning – တစ်သက်တာသင်ယူမှုကိုလည်း လက်ကိုင်ထားသင့်ပါသည်။

ယနေ့ခေတ်တွင် နည်းပညာနှင့် ကမ္ဘာကြီးသည် အလွန်လျင်မြန်စွာ ပြောင်းလဲနေသဖြင့် မိမိ၏အသိပညာနှင့် ကျွမ်းကျင်မှုများကိုလည်း နှစ်စဉ်၊ လစဉ်၊ နေ့စဉ် အစဉ်မပြတ် မြှင့်တင်နေရမည်ဖြစ်ပါသည်။

ကျွမ်းကျင်မှုအသစ်များကို လေ့လာပါ။ စူးစမ်းလိုစိတ် အမြဲရှိပါစေ။ မေးခွန်းများ မေးပါ။ အခြားသူများ၏ အမြင်နှင့် အကြံပြုချက်များကို နားထောင်ပါ။ နေ့စဉ်ကြုံတွေ့ရသည့် အမှားများထဲမှလည်း သင်ခန်းစာယူပါ။

ဤသို့ဖြင့် မိမိကိုယ်ကို နေ့စဉ် အနည်းငယ်စီတိုးတက်အောင် မွေးမြူတည်ဆောက်သွားခြင်းသည် အနာဂတ်အောင်မြင်မှုအတွက် အရေးကြီးသော အခြေခံအုတ်မြစ်တစ်ရပ် ဖြစ်ပါသည်။

စစ်မှန်သောအောင်မြင်မှုဆိုသည်မှာ

ဒုတိယအချက်အနေဖြင့် စစ်မှန်သောအောင်မြင်သည့် ဘဝအကြောင်းကို ပြောကြားခဲ့ပါသည်။

လူအများစုသည် အောင်မြင်မှုဆိုသည်မှာ ငွေကြေးဓနများစွာ ပိုင်ဆိုင်ခြင်း၊ ရာထူး အဆင့်အတန်းမြင့်မားခြင်းတို့ဖြစ်သည်ဟု ထင်မြင်တတ်ကြပါသည်။ သို့သော် စစ်မှန်သောအောင်မြင်မှုသည် ထိုအရာများနှင့်သာ တိုင်းတာ၍မရပါ။

စစ်မှန်သောအောင်မြင်သူဆိုသည်မှာ ရိုးသားမှု၊ ကြင်နာသနားမှုနှင့် ကြိုးစားအားထုတ်မှု စသည့် ကောင်းမွန်သော စရိုက်လက္ခဏာများနှင့် ပြည့်စုံသူဖြစ်ရပါမည်။ မည်သူမျှ ကြည့်မနေသည့်အချိန်တွင်ပင် မှန်ကန်သည့် အလုပ်ကို လုပ်ဆောင်နိုင်ခြင်းသည် ကိုယ်ကျင့်တရားနှင့် ကိုယ်ပိုင်စည်းကမ်းရှိခြင်း၏ လက္ခဏာတစ်ရပ်ဖြစ်ပါသည်။

ဘယ်သူကမှ စာကျက်ရန် မတိုက်တွန်းဘဲ မိမိကိုယ်တိုင် စာကျက်ခြင်း၊ အချိန်မှန် အိပ်ရာထခြင်း၊ မိမိလုပ်ဆောင်ရမည့်တာဝန်ကို အချိန်မဆွဲဘဲ ပြီးမြောက်အောင် ဆောင်ရွက်ခြင်း၊ ဖုန်း၊ အင်တာနက်နှင့် လူမှုကွန်ရက်များကို အချိန်အလွန်အကျွံ မသုံးခြင်းတို့သည်လည်း ကိုယ်ပိုင်စည်းကမ်းရှိမှု၏ အစိတ်အပိုင်းများဖြစ်ကြောင်း ရှင်းပြခဲ့ပါသည်။

PDF Compressor Free Version

ထို့အပြင် မိမိစွမ်းဆောင်နိုင်သမျှ အကောင်းဆုံး ကြိုးစားပြီး အခြားသူများကို လွှဲချထားခြင်းမရှိသော၊ မိမိ ပတ်ဝန်းကျင်ရှိသူများ တိုးတက်မြင့်မားလာစေရန် အားပေး မြှင့်တင်ပေးသူဖြစ်ရန်လည်း လိုအပ်ပါသည်။



လူ့အဖွဲ့အစည်းအတွက် အကျိုးပြုပါ

လူ့အဖွဲ့အစည်းကို အကျိုးပြုခြင်းသည် ကြီးမား သောအလုပ်များမှသာ စတင်ရန် မလိုအပ်ပါ။

သစ်ပင်တစ်ပင် စိုက်ပျိုးခြင်း၊ ညီငယ် ညီမငယ် များအား ပညာမျှဝေပေးခြင်း၊ မိမိနေထိုင်ရာ မြို့ရွာ သန့်ရှင်းသာယာရေးတွင် ပါဝင်ကူညီခြင်း စသည့် သေး ငယ်သောအလုပ်များမှ စတင်နိုင်ပါသည်။

ထိုသို့သော ကောင်းမွန်သည့် လုပ်ဆောင်ချက် ငယ်များကို လူအများ စုပေါင်းလုပ်ဆောင်လာပါက ကြီးမား သော အကျိုးကျေးဇူးများ ဖြစ်ပေါ်လာနိုင်ပါသည်။ အသင်း အဖွဲ့စိတ်ဓာတ်ဖြင့် စုပေါင်းဆောင်ရွက်ခြင်းသည် ကြီးမား သော အခက်အခဲများကိုပင် ကျော်လွှားနိုင်စွမ်းရှိပါသည်။

လူငယ်တစ်ဦးချင်းစီ တိုးတက်လာသည်နှင့်အမျှ မိမိတို့၏မိသားစုများ တိုးတက်လာမည်။ မိသားစုများတိုး တက်လာပါက မိမိတို့၏မြို့ရွာများလည်းတိုးတက်လာမည်။ မြို့ရွာများ တိုးတက်လာပါက နိုင်ငံတော်လည်း ဖွံ့ဖြိုးတိုး တက်ပြီး သာယာဝပြောလာမည်ဖြစ်ပါသည်။

စံနမူနာယူသင့်သည့် ပုဂ္ဂိုလ်နှစ်ဦး

လူငယ်များအနေဖြင့် မိမိဘဝတွင် တစ်စုံတစ်ရာ အကျိုးပြုလုပ်ဆောင်လိုစိတ် ပိုမို ပေါ်ပေါက်လာစေရန် အတွက် စံနမူနာယူသင့်သည့် ပုဂ္ဂိုလ်နှစ်ဦး၏အကြောင်းကို လည်း ပြောပြခဲ့ပါသည်။

ပထမပုဂ္ဂိုလ်မှာ ကင်ညာနိုင်ငံသူ Wangari Maathai ဖြစ်ပါသည်။ သူမသည် ၂၀၀၄ ခုနှစ်တွင် ငြိမ်းချမ်းရေးနိုဘယ်ဆု ရရှိခဲ့သည့် အာဖရိကအမျိုးသမီး တစ်ဦးဖြစ်ပြီး ၁၉၇၇ ခုနှစ်တွင် Green Belt Movement ကို စတင်တည်ထောင်ခဲ့ပါသည်။ ကျေးလက်ဒေသရှိ အမျိုးသမီးများကို သစ်ပင်စိုက်ပျိုးရေးနှင့် သဘာဝပတ်ဝန်း ကျင်ထိန်းသိမ်းရေးလုပ်ငန်းများတွင် ပါဝင်လာစေရန် အားပေးခဲ့သူလည်း ဖြစ်ပါသည်။

သူမ၏လုပ်ဆောင်ချက်သည် သစ်ပင်စိုက်ပျိုးခြင်း တစ်ခုတည်း မဟုတ်ဘဲ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ လူမှု ဘဝမြှင့်တင်ရေးနှင့် လူထုပါဝင်မှုတို့ကို ပေါင်းစပ်လုပ် ဆောင်ခဲ့ခြင်း ဖြစ်ပါသည်။

ဒုတိယပုဂ္ဂိုလ်မှာ မြန်မာနိုင်ငံ မန္တလေးမြို့မှ ''ဆိုက်ကားဆရာကြီး ဦးငွေ'' ဖြစ်ပါသည်။ သစ်ပင်များ စိုက်ပျိုးပြုစုခဲ့သည့်အတွက် ''သစ်ပင်ဒကာကြီး ဦးငွေ'' ဟု တစ်ချိန်က လူသိများခဲ့သူဖြစ်ကြောင်း ဥပမာပေးပြော ကြားခဲ့ပါသည်။

မန္တလေးမြို့တွင် စစ်မီးလောင်ကျွမ်းမှုများကြောင့် သစ်ပင်ကြီးများ နည်းပါးသွားပြီး ရာသီဥတုပူပြင်းလာ သည့်အချိန်တွင် သက်ကြီးရွယ်အိုများနှင့် ကလေးငယ်များ အတွက် အရိပ်အာဝါသနှင့် အေးမြမှုရရှိစေရန် ရည်ရွယ်၍ ညောင်ပင်၊ ကုက္ကိုပင်၊ စိန်ပန်းပင် စသည့် သစ်ပင်များကို မန္တလေးမြို့ အေလမ်းတစ်လျှောက်၊ ရွှေကျီးမြင့်ဘုရား ပေါက်အနီး၊ ကျုံးဘေးနှင့် ရွှေတစ်ချောင်းဘေး စသည့် နေရာများတွင် ကိုယ်တိုင်မြေတူး၍ စိုက်ပျိုးခဲ့ပြီး ရေလောင်း ပြုစုကာ အပင်များအောင်မြင်သည်အထိ ဆောင်ရွက်ခဲ့ ကြောင်း ပြောပြခဲ့ပါသည်။

သူ့အနေဖြင့် မည်သည့်ရာထူးကြီး၊ မည်သည့် အာဏာပိုင်အဖွဲ့အစည်း၏ တာဝန်ပေးအပ်မှုကိုမျှ စောင့် ဆိုင်းခြင်းမရှိဘဲ မိမိမြင်မြင်သမျှ၊ မိမိတတ်နိုင်သမျှဖြင့် မိမိ၏ပတ်ဝန်းကျင်အတွက် အကျိုးပြုလုပ်ဆောင်ခဲ့ခြင်း သည် လူငယ်များအတွက် စံနမူနာကောင်းတစ်ရပ် ဖြစ်ပါသည်။

''တာဝန်သိစိတ်'' နှင့် ''တာဝန်ယူစိတ်''

ထို့ကြောင့် လူငယ်များအနေဖြင့် ''တာဝန်သိစိတ်'' နှင့် ''တာဝန်ယူစိတ်'' ရှိရန် အထူးလိုအပ်ပါသည်။


မိမိ၏ တာဝန်ကို မိမိသိရှိနားလည်ပြီး ထမ်း ဆောင်ခြင်းသည် တာဝန်သိစိတ်ဖြစ်ပါသည်။ ထိုတာဝန်ကို အခြားသူများအား လွှဲချမနေဘဲ မိမိကိုယ်တိုင် လက်ခံထမ်း ဆောင်ပြီး အကောင်အထည်ဖော်ခြင်းသည် တာဝန်ယူစိတ် ဖြစ်ပါသည်။

ထို့အပြင် မိမိနှင့် တိုက်ရိုက်သက်ဆိုင်သည့် တာ ဝန်များကိုသာ ထမ်းဆောင်ခြင်းမဟုတ်ဘဲ မိမိဆန္ဒ အလျောက် ယူသင့်ယူထိုက်သည့် တာဝန်ကိုလည်း ယူတတ်သူများဖြစ်လာရန် လိုအပ်ပါသည်။

စာမျက်နှာ (၂၈) သို့

PDF Compressor Free Version

ကမ္ဘာမြေရဲ့ နယ်နိမိတ်စည်းများ



လမင်းသန်း
[ပတ်ဝန်းကျင်ထိန်းသိမ်းရေး]

ကမ္ဘာမြေရဲ့နယ်နိမိတ်စည်း (Plantetary Boundary) ဆိုတာ ကမ္ဘာမြေရဲ့ လေထု၊ မြေထု၊ ရေထု၊ ဇီဝမျိုးစုံနဲ့ မြေပေါ် မြေအောက် သယံဇာတတွေဟာ အလွန်အကန့်အသတ်ရှိနေတဲ့သဘောကိုဆိုလိုပါတယ်။ ၂၀၀၉ ခုနှစ်မှာ ဆွီဒင်သိပ္ပံပညာရှင် Johan Rockström နဲ့ သုတေသီအဖွဲ့က ကမ္ဘာမြေရဲ့ နယ်နိမိတ်စည်းများ (Planetary Boundaries) အယူအဆကို တင်ပြခဲ့ပါတယ်။ သူတို့ရဲ့အဆိုအရ လူသားတွေဟာ ကမ္ဘာမြေရဲ့သဘာဝစနစ်တွေကို အတိုင်းအတာတစ်ခုအတွင်းသာ လုံခြုံစွာအသုံးပြုနိုင်တာဖြစ်ပါတယ်။ အကန့်အသတ် နယ်နိမိတ်တွေကို ကျော်လွန်သွားပါက ရာသီဥတုပြောင်းလဲမှု၊ သဘာဝဘေးအန္တရာယ်ကျရောက်မှု၊ ဇီဝမျိုးစုံမျိုးကွဲပျက်သုဉ်းမှု၊ သဘာဝအရင်းအမြစ်တွေ ညစ်ညမ်းလာမှု စတဲ့ဖြစ်စဉ်တွေဟာ ပိုမိုဆိုးရွားပြင်းထန်လာနိုင်တာဖြစ်ပါတယ်။ နယ်နိမိတ်စည်းဟာ ကမ္ဘာမြေစနစ်ရဲ့ကန့်သတ်ချက်တွေကိုဖော်ပြဖို့ မူဘောင်တစ်ခုဖြစ်ပြီး ကန့်သတ်ချက်တွေကို ကျော်လွန်ပါက ကမ္ဘာမြေဟာ ဆက်လက်ပြီး ကိုယ်တိုင်ထိန်းညှိနိုင်မည် မဟုတ်ခြင်းပင်။

(Planetary Boundaries) တွင် နယ်နိမိတ်စည်း (၉) ခုပါဝင်ပါတယ်။ ရာသီဥတုပြောင်းလဲမှု (Climate Change)၊ ဇီဝရပ်ဝန်း တည်တံ့ခိုင်မြဲမှု (Biosphere Integrity)၊ မြေယာစနစ်ပြောင်းလဲမှု (Land System Change)၊ ရေချို ပြောင်းလဲမှု၊ (Freshwater Change)၊ အာဟာရဓာတ်များ စီးဆင်းမှု (Biogeochemical Flows)၊ သမုဒ္ဒရာအက်ဆစ်ဓာတ်တိုးမှု (Ocean Acidification)၊ လေထုအမှုန်များ ဝန်ထုပ်ဝန်ပိုးရှိလာမှု (Atmospheric Aerosol Loading) လူလုပ်ဒြပ်ပစ္စည်းများညစ်ညမ်းမှု (Novel Entities) နဲ့စထရာတိုစဖီးယား အိုဇုန်းလွှာယိုယွင်းပျက်စီးမှု (Stratospheric Ozone Depletion) တို့ ဖြစ်ကြပါတယ်။

သိပ္ပံပညာရှင်များရဲ့ နောက်ဆုံး လေ့လာချက်များအရ နယ်နိမိတ်စည်း (၉) ခုရဲ့ လုံခြုံဘေးကင်းစေတဲ့ နယ်နိမိတ်တန်ဖိုး (Boundary Value) အများစုဟာ ယနေ့မျက်မှောက်ကာလမှာ ကျော်လွန်နေပြီ ဖြစ်ပါတယ်။

စည်း(၁) ရာသီဥတု ပြောင်းလဲမှု (Climate Change)

Climate Change ဆိုတာ ကမ္ဘာ့ပျမ်းမျှ ရာသီဥတုစနစ်တွေမှာ ရေရှည်အပြောင်းအလဲများဖြစ်ပေါ်လာခြင်းကို ဆိုလိုတာပါ။ ရာသီဥတုပြောင်းလဲမှုဟာ အနာဂတ်ကာလမှာ ဖြစ်ပေါ်လာမဲ့ ပြဿနာမဟုတ်တော့ပါ။ ယနေ့လူသားတို့ရဲ့ လူမှုစီးပွားနဲ့ သဘာဝပတ်ဝန်းကျင် အပေါ် တိုက်ရိုက် သက်ရောက်နေတဲ့ ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှု တစ်ခုဖြစ်ပါတယ်။ ကမ္ဘာ့ရာသီဥတု တည်ငြိမ်စေဖို့ လေထုထဲရှိ ကာဗွန်ဒိုင်အောက်ဆိုဒ် (CO_2) ပမာဏဟာ (၃၅၀ ppm) အောက်တွင်သာ ရှိသင့်တာ ဖြစ်ပေမဲ့ လက်ရှိမှာ (၄၂၃ ppm) ခန့် ရှိခြင်းနဲ့ ကမ္ဘာ့ အပူစွမ်းအင်သိုလှောင်မှု (Radiative Forcing) ဟာ (+1.0 Watt per square meter W/m²) အောက်မှာ ထိန်းသိမ်းထားသင့်ပေမဲ့ လက်ရှိတွင် +2.7 W/m² ခန့်အထိ မြင့်တက်လာခြင်း စတဲ့ အချက်အလက်တွေဟာ လုံခြုံဘေးကင်းစေတဲ့ နယ်နိမိတ်တန်ဖိုး (Boundary Value) ကို ကျော်လွန်ခဲ့တာကို ဖော်ပြနေပါတယ်။ ရာသီဥတုပြောင်းလဲမှုရဲ့ နောက်ဆက်တွဲဆိုးကျိုးတွေကိုလည်း ကမ္ဘာ့နေရာဒေသ အနှံ့အပြားမှာ ယနေ့ ရင်ဆိုင်ကြုံတွေ့နေရခြင်းပင်။

စည်း (၂) ဇီဝရပ်ဝန်း တည်တံ့ခိုင်မြဲမှု (Biosphere Integrity)

Biosphere Integrity ဆိုတာ ကမ္ဘာပေါ်ရှိ သက်ရှိအားလုံးကို ထောက်ပံ့ပေးနေတဲ့ အခြေခံစနစ် (Life Support System) ဖြစ်ပါတယ်။ သစ်ပင်တစ်ပင် ပျောက်

PDF Compressor Free Version

ကွယ်သွားခြင်းဟာ သစ်ပင်တစ်ပင်သာ ဆုံးရှုံးသွားခြင်း မဟုတ်ဘဲ သစ်ပင်နဲ့ဆက်စပ်နေတဲ့ သတ္တဝါတွေအားလုံးအတွက် စနစ်တွေနဲ့ လူသားတို့ရဲ့ အနာဂတ်ကိုပါ ထိခိုက်စေနိုင်တာ ဖြစ်ပါတယ်။ သိပ္ပံပညာရှင်တွေ ခန့်မှန်းချက်အရ ကမ္ဘာပေါ်မှာ သက်ရှိမျိုးစိတ်ပေါင်း (၈–၁၀) သန်းခန့်ရှိပြီး သဘာဝအခြေအနေမှာ မျိုးစိတ်ပျောက်ကွယ်နှုန်းဟာ အလွန်နည်းပါးပေမဲ့ သစ်တောပြုန်းတီးမှု၊ စိုက်ပျိုးမြေချဲ့ထွင်မှု၊ မြို့ပြချဲ့ထွင်မှု၊ ရာသီဥတုပြောင်းလဲမှုနဲ့ ဝန်းကျင်ညစ်ညမ်းမှုတွေကြောင့် မျိုးစိတ်ပျောက်ကွယ်နှုန်း မြင့်မားနေပါတယ်။ Boundary Value အရ တစ်နှစ်လျှင် မျိုးစိတ် တစ်သန်းအပေါ် (၁၀) မျိုးအောက်သာ ပျောက်ကွယ်သင့်ပေမဲ့ လက်ရှိပျောက်ကွယ်နှုန်းက (၁၀၀) ကျော် မြင့်တက်နေပါတယ်။

စည်း(၃) မြေယာစနစ် ပြောင်းလဲမှု (Land System Change)

Land System Change ဆိုတာ သဘာဝမြေယာများ (Natural Ecosystems) ကို လူသားများအသုံးပြုရန်အတွက် ပြောင်းလဲအသုံးချခြင်းကို ဆိုလိုပါတယ်။ မြေယာဟာ ကမ္ဘာ့ အသက်ရှင်သန်မှုကို ထောက်ပံ့ပေးတဲ့ အခြေခံစနစ်ဖြစ်ပါတယ်။ စနစ်ကနေ ကာဗွန်သိုလှောင်ပေးခြင်း၊ ရေသံသရာကို ထိန်းညှိပေးခြင်း၊ ဇီဝမျိုးစုံမျိုးကွဲတွေကို နေထိုင်ရာပေးခြင်း၊ စားနပ်ရိက္ခာ ထုတ်လုပ်ပေးခြင်း၊ မြေဆီလွှာကို ထိန်းသိမ်းပေးခြင်း စတဲ့ ထောက်ပံ့မှုတွေ ရှိပါတယ်။ Planetary Boundaries အရ အပူပိုင်းနဲ့အပူအအေးပိုင်း သစ်တောတွေကို မူလ သစ်တောဖုံးလွှမ်းမှုရဲ့ အနည်းဆုံး (၆၅%) ကို ထိန်းသိမ်းထားသင့်တယ်လို့သတ်မှတ်ထားပါတယ်။ ကမ္ဘာ့ဒေသများအလိုက် ကွာခြားမှုရှိပေမယ့် အပူပိုင်းဒေသများစွာမှာ သစ်တောဖုံးလွှမ်းမှုဟာ ၆၀% ခန့် သို့မဟုတ် ၆၀% အောက်နည်းကာ နယ်နိမိတ်ကို ကျော်လွန်ပြီး ဖြစ်ပါတယ်။

စည်း(၄) ရေချိုပြောင်းလဲမှု (Freshwater Change)

Freshwater Change ဆိုတာ လူသားတွေရဲ့ လုပ်ဆောင်ချက်တွေကြောင့် **ကမ္ဘာ့ရေသံသရာ (Hydrological Cycle)** ရဲ့ သဘာဝအခြေအနေ ပြောင်းလဲသွားတာကို ဆိုလိုပါတယ်။ လူသားတို့ရဲ့ ရေအသုံးပြုမှု တစ်ခုတည်းကို မဆိုလိုဘဲ မြစ်တွေ၊ အင်းအိုင်တွေ၊ မြေအောက်ရေ၊ မြေဆီလွှာအစိုဓာတ်နဲ့ သစ်တောတွေအတွင်း လည်ပတ်နေတဲ့ ကမ္ဘာ့ရေသံသရာတစ်ခုလုံး ပြောင်းလဲသွားတာကို ဆိုလိုတာပါ။ ရေချိုစနစ်တွေ ပျက်စီးလာတာနဲ့အမျှ စိုက်ပျိုးရေး၊ အစားအစာဖူလုံရေး၊ ဇီဝမျိုးစုံမျိုးကွဲနဲ့ ရာသီဥတုတို့ကို တစ်ပြိုင်နက် ထိခိုက်စေတာပါ။ Planetary Boundaries ကတော့ မြစ်ဝှမ်းဒေသ (River Basins) အလိုက် လုံခြုံတဲ့အခြေအနေကို ထိန်းသိမ်းထားနိုင်ခြင်း ရှိ/မရှိ အဓိက အကဲဖြတ်ပါတယ်။ အချက်အလက်များအရ ရေချိုပြောင်းလဲမှုကလည်း ကန့်သတ်နယ်နိမိတ်စည်းကို ကျော်လွန်ခဲ့ပြီ ဖြစ်တယ်။

စည်း(၅) အာဟာရဓာတ်များစီးဆင်းမှု (Biogeochemical Flows)

Biogeochemical Flows ဆိုတာ သက်ရှိတွေနဲ့ မြေထု၊ ရေထု၊ လေထုတို့အကြား အာဟာရဓာတ်တွေ (Nutrients) သဘာဝအတိုင်း လှည့်ပတ်စီးဆင်းနေတဲ့ သံသရာဖြစ်စဉ်ကိုဆိုလိုပြီး ၎င်းသဘာဝဖြစ်စဉ်ကို လူသားတို့က ဘယ်လောက်ပြောင်းလဲလိုက်ပြီလဲဆိုတာကို တိုင်းတာတဲ့ Planetary Boundary တစ်ခုဖြစ်ပါတယ်။ စိုက်ပျိုးရေးအတွက် ဓာတ်မြေဩဇာတွေကို ပိုမိုအသုံးပြုခြင်းက အစားအစာထုတ်လုပ်မှုကို တိုးတက်စေပေမဲ့ Nitrogen နှင့် Phosphorus အာဟာရဓာတ်တွေဟာ မြစ်၊ ချောင်း၊ အင်းအိုင်နဲ့ သမုဒ္ဒရာတွေထဲကို စီးဝင်ပြီး ရေညစ်ညမ်းမှု၊ ရေညှိထူထပ်မှု၊ အောက်ဆီဂျင်လျော့နည်းမှုနဲ့ ရေဂေဟစနစ် ပျက်စီးမှုတွေကို ဖြစ်စေပါတယ်။ ဒါကြောင့် စိုက်ပျိုးရေးကဏ္ဍ အောင်မြင်မှုအတွက် အာဟာရဓာတ်တွေ စီးဆင်းမှုကို ထိန်းသိမ်းနိုင်မှသာ ရေရှည်တည်တံ့နိုင်မှာ ဖြစ်ပါတယ်။

Planetary Boundaries Framework အရ သဘာဝနိုက်ထရိုဂျင် သံသရာအတွင်းကို နှစ်စဉ်ထည့်သွင်းနိုင်တဲ့ Reactive Nitrogen (Nr) ပမာဏကို တစ်နှစ်မှာ (၆၂) သန်းတန် (62 Tg N/year) ထက် မပိုသင့်လို့သတ်မှတ်ထားပေမဲ့ (၁၉၀) သန်းတန် (~190 Tg N/year) ခန့်အထိ ရောက်ရှိနေပြီး လုံခြုံတဲ့နယ်နိမိတ်ထက် သုံးဆကျော် ကျော်လွန်နေပြီဖြစ်ပါတယ်။ ဒါ့အပြင် မြစ်တွေနဲ့ ရေချိုဂေဟစနစ်များအတွင်းကို စီးဝင်တဲ့ Phosphorus ပမာဏကို တစ်နှစ်လျှင် (၆.၂) သန်းတန် (6.2 Tg P/year) ထက် မပိုသင့်လို့ နယ်နိမိတ်တန်ဖိုး သတ်မှတ်ထားပေမဲ့ လက်ရှိမှာ (၁၁) သန်းတန် (~11 Tg P/year) ခန့် ရှိနေပြီး နယ်နိမိတ်စည်းကို နှစ်ဆနီးပါး ကျော်လွန်နေပြီဖြစ်ခြင်းပင်။

စည်း(၆) သမုဒ္ဒရာအက်ဆစ်ဓာတ်တိုးမှု (Ocean Acidification)

သမုဒ္ဒရာတွေဟာ လေထုထဲရှိ ကာဗွန်ဒိုင်အောက်ဆိုဒ် ပမာဏရဲ့ (၂၅–၃၀%) ခန့်ကို စုပ်ယူပါတယ်။ လေထုထဲမှာ ကာဗွန်ဒိုင်အောက်ဆိုဒ်ပမာဏ များလာခြင်းနဲ့

PDF Compressor Free Version

အတူ သမုဒ္ဒရာတွေဟာလည်း ပိုမိုစုပ်ယူရပြီး PH တန်ဖိုး ကျဆင်းလာတဲ့ အကျိုးဆက်အနေနဲ့ သမုဒ္ဒရာထဲမှာ ရှိနေတဲ့ ကျောက်တန်းတွေနဲ့ အခွံမာသတ္တဝါတွေအတွက် အရိုးနဲ့ အခွံတည်ဆောက်ရန် လိုအပ်တဲ့ Aragonite ဓာတ်ရရှိနိုင်မှုလည်း လျော့နည်းလာရပါတယ်။ လုံခြုံဘေးကင်းစေတဲ့ နယ်နိမိတ်တန်ဖိုး (Boundary Value) ကို စက်မှုတော်လှန်ရေးမတိုင်မီ အခြေအနေကိုအခြေခံထားပြီး အနည်းဆုံး ၈၀% ထိန်းသိမ်းထားရန် သတ်မှတ်ထားပေမဲ့ လက်ရှိမှာ ၇၅% ခန့်သာ ကျန်ရှိနေပြီး လုံခြုံတဲ့ နယ်နိမိတ်ကို ကျော်လွန်လာပြီ ဖြစ်ပါတယ်။

စည်း (၇) လေထုအမှုန်များ ဝန်ထုပ်ဝန်ပိုးရှိလာမှု (Atmospheric Aerosol Loading)

Atmospheric Aerosol Loading ဆိုတာ လေထုထဲကအမှုန်ငယ်တွေရဲ့ ပမာဏနဲ့ ၎င်းတို့ရဲ့ ရာသီဥတု၊ မိုးရွာပုံ၊ ဂေဟစနစ်နဲ့ လူသားကျန်းမာရေးအပေါ် သက်ရောက်မှုကို ကိုယ်စားပြုတဲ့နယ်နိမိတ်စည်းဖြစ်ပါတယ်။ Aerosol ကတော့ လေထုထဲမှာ အချိန်အတိုင်းအတာတစ်ခုအထိ မျောနေတဲ့ အလွန်သေးငယ်တဲ့ အစိုင်အခဲ/အရည်အမှုန်တွေဖြစ်ကြတယ်။ Aerosol တွေဟာ အပူကို စုပ်ယူပြီး ကမ္ဘာကြီးကို ပိုမိုပူနွေးစေနိုင်တဲ့အပြင် $PM_{2.5}$ နဲ့ PM_{10} လို အမှုန်တွေဟာ လူတွေကို အသက်ရှူလမ်းကြောင်းနဲ့နှလုံးသွေးကြောဆိုင်ရာရောဂါတွေ ဖြစ်ပွားနိုင်ခြေကို မြင့်တက်စေပါတယ်။ ကမ္ဘာလုံးဆိုင်ရာ နယ်နိမိတ်စည်းကို မသတ်မှတ်နိုင်သေးပေမဲ့ ဒေသအလိုက် အန္တရာယ်ကျရောက်နိုင်မှုတွေကတော့ တွေ့ကြုံနေကြရပါတယ်။


စည်း (၈) လူလုပ်ဖြစ်ပစ္စည်းများ ညစ်ညမ်းမှု (Novel Entities)

Novel Entities ဆိုတာ လူတွေက ဖန်တီးထုတ်လုပ်ပြီး သဘာဝပတ်ဝန်းကျင်မှာ မူလက မရှိခဲ့တဲ့ ဓာတုပစ္စည်းတွေ၊ ဇြိပ်ဝတ္ထုတွေ၊ နည်းပညာဆိုင်ရာ ထုတ်ကုန်တွေနဲ့ ၎င်းတို့ရဲ့ စွန့်ပစ်ပစ္စည်းတွေကို ဆိုလိုတာဖြစ်ပါတယ်။ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ ပလတ်စတစ်၊ အလွန်မပျက်စီးလွယ်သောဓာတုပစ္စည်းတွေနဲ့ ရေဒီယိုသတ္တိကြွစွန့်ပစ်ပစ္စည်းတွေဟာ လူလုပ်ဖြစ်ပစ္စည်းတွေဖြစ်ကြပါတယ်။ အဲဒီပစ္စည်းတွေဟာ စက်မှုလုပ်ငန်း၊ စိုက်ပျိုးရေး၊ ဆေးပညာနဲ့လူမှုဘဝကို များစွာအကျိုးပြုခဲ့ပေမဲ့ တချို့ဇြိပ်ပစ္စည်းတွေကတော့ သဘာဝပတ်ဝန်းကျင်မှာ မပျက်စီးဘဲ ရေရှည်တည်ရှိခြင်း၊ အစာကွင်းဆက်အတွင်း စုဆောင်းလာခြင်းနဲ့ လူသားနဲ့ဂေဟစနစ်တွေအပေါ် မမျှော်လင့်ထားတဲ့အန္တရာယ်တွေဖြစ်ပေါ်စေနိုင်ပါတယ်။ ဒါကြောင့် Novel Entities တွေကို စနစ်တကျစီမံခန့်ခွဲဖို့ Planetary Boundaries Framework ရဲ့ အရေးပါတဲ့ ရည်မှန်းချက်တစ်ခု ဖြစ်လာခဲ့ပါတယ်။

လက်ရှိမှာ လူလုပ်ဇြိပ်ပစ္စည်းတွေ ညစ်ညမ်းမှုဟာ ရှိသင့်တဲ့ နယ်နိမိတ်စည်းကို ကျော်လွန်နေပြီ ဖြစ်ပါတယ်။ ကမ္ဘာတစ်ဝန်း ဓာတုပစ္စည်းနဲ့ ပလတ်စတစ်ထုတ်လုပ်မှု၊ လူလုပ်ဇြိပ်ဝတ္ထုတွေ သုံးစွဲမှုဟာ အလွန်လျင်မြန်စွာတိုးတက်လာပြီး ပတ်ဝန်းကျင်အတွင်း ကျယ်ပြန့်စွာ ပျံ့နှံ့နေပြီလည်း ဖြစ်ပါတယ်။


စည်း (၉) အိုဇုန်းလွှာ ယိုယွင်းပျက်စီးမှု (Stratospheric Ozone Depletion)

Stratospheric Ozone Depletion ဆိုတာ လူသားတွေ အသုံးပြုတဲ့ဓာတုပစ္စည်းတွေကြောင့် အိုဇုန်းလွှာလျော့နည်းပျက်စီးသွားခြင်းကို ဆိုလိုပါတယ်။ အိုဇုန်းလွှာကတော့ နေရဲ့အန္တရာယ်ရှိတဲ့ ခရမ်းလွန်ရောင်ခြည် (UV Radiation) တွေကို ကမ္ဘာကြီးဆီ မကျရောက်စေဖို့ နေ့စဉ်ကာကွယ်ပေးနေတဲ့ ထီးတစ်စင်းသဖွယ် ဖြစ်တယ်။ ၁၉၈၇ ခုနှစ်က စခဲ့တဲ့ Montreal Protocol ကြောင့် အိုဇုန်းကို ပျက်စီးစေတဲ့ ဇြိပ်ပစ္စည်းတွေ အသုံးပြုမှုကို ကမ္ဘာ့နိုင်ငံတွေက လျော့ချခဲ့တာကြောင့် ယနေ့ အိုဇုန်းလွှာဟာ တဖြည်းဖြည်းပြန်လည် ကောင်းမွန်လာနေပါတယ်။ ဒါဟာ လူသားတို့ရဲ့ ပူးပေါင်းဆောင်ရွက်မှုနဲ့ ကမ္ဘာလုံးဆိုင်ရာ ပတ်ဝန်းကျင်ပြဿနာတစ်ခုကို ဖြေရှင်းနိုင်ကြောင်း ပြသတဲ့ အကောင်းဆုံး ဥပမာ ဖြစ်ပါတယ်။ အိုဇုန်းလွှာရဲ့ အထူကို Dobson Unit (DU) နဲ့တိုင်းတာပါတယ်။ နယ်နိမိတ်စည်းအရ ကမ္ဘာပေါ်ရှိမည် သည့်ဒေသမဆို 276 DU အောက် မကျသင့်ဘဲ လက်ရှိ ၂၈၃ DU ရှိပြီး နယ်နိမိတ်စည်းကို မကျော်တဲ့ အခြေအနေ ဖြစ်ပါတယ်။



PDF Compressor Free Version

ဖော်ပြခဲ့တဲ့ နယ်နိမိတ်စည်း (၉) ခုအနက် အိုဇုန်းလွှာနဲ့ လေထုအမှုန်မျှားမှအပ ကျန်တဲ့ နယ်နိမိတ်စည်း (၇) ခုဟာ လုံခြုံစွာလည်ပတ်နိုင်တဲ့ နယ်နိမိတ် (Safe Operating Space) ကို ကျော်လွန်ခဲ့ပြီ ဖြစ်ပါတယ်။ ကမ္ဘာမြေရဲ့ သဘာဝစနစ်တွေမှာ နယ်နိမိတ်တွေကို ကျော်လွန်ပါက လူသားတွေရဲ့ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုနဲ့သဘာဝဧေဟာစနစ်တွေအတွက် အန္တရာယ်တွေတိုးလာမယ်ဆိုတာကို သတိချပ်ဖို့လိုအပ်ပါတယ်။ ကမ္ဘာမြေဟာ အကန့်အသတ်ရှိတဲ့ အိမ်တစ်လုံးဖြစ်ပြီး အဲ့ဒီအိမ်ရဲ့ စည်းမျဉ်းတွေအတွင်း နေထိုင်တတ်ဖို့ လိုအပ်ပါတယ်။ ကမ္ဘာမြေရဲ့နယ်နိမိတ်စည်းဆိုတာ ကမ္ဘာပျက်ကိန်း မဟုတ်ဘဲ လူသားတွေ မှီခိုနေရတဲ့ ကမ္ဘာမြေအတွက် ကျန်းမာရေးစစ်ဆေးမှုရလဒ်တစ်ခုဖြစ်ပါတယ်။ စစ်ဆေးမှုရလဒ်တွေအရ ကမ္ဘာမြေရဲ့အရေးကြီးတဲ့ စနစ်တွေဟာ အန္တရာယ်အဆင့်ကို ရောက်ရှိနေတဲ့အတွက် လူသားတို့ကဘဲ ပြုပြင်ပြောင်းလဲရန် လိုအပ်နေမှုကို နယ်နိမိတ်စည်းတွေက သတိပေးနေပါကြောင်း....။



ကိုးကားချက်

- Planetary boundaries - Stockholm Resilience Centre
- Planetary Boundaries – defining a safe operating space for humanity -Potsdam Institute for Climate Impact Research
- Rockström, Johan, Will Steffen, Kevin Noone, Åsa Persson, F. Stuart Chapin, Eric F. Lambin, Timothy M.Lenton,etal.2009. 'A Safe Operating Space for Humanity. Nature 461 (7263):472–75.https://doi.org/10.1038/461472a.

****

စာမျက်နှာ (၂၄) မှ အဆက်

လူ့အဖိုးတန်များ ဖြစ်အောင် ကြိုးစားကြပါ

နိဂုံးချုပ်အနေဖြင့် လူငယ်မောင်မယ်များအား ''လူ့အဖိုးတန်'' ဖြစ်အောင် ကြိုးစားကြပါ ဟု တိုက်တွန်းပြောကြားခဲ့ပါသည်။

စွမ်းရည်ရှိရုံနှင့် မလုံလောက်ပါ။ စွမ်းရည်ပြည့်ဝသကဲ့သို့ နှလုံးလည်းလှရန် လိုအပ်ပါသည်။ အသိပညာရှိရုံနှင့်မလုံလောက်ဘဲ ထိုအသိပညာကို မိမိအတွက်သာမက အခြားသူများနှင့် လူ့အဖွဲ့အစည်းအတွက် အကျိုးရှိအောင် အသုံးချတတ်ရန် လိုအပ်ပါသည်။

မိမိဘဝ တိုးတက်အောင် ကြိုးစားကြပါ။ စာဖတ်ကြပါ။ တစ်သက်တာ သင်ယူကြပါ။ ကိုယ်ပိုင်စည်းကမ်းရှိကြပါ။ ရိုးသားကြပါ။ ကြင်နာကြပါ။ တာဝန်သိ၊ တာဝန်ယူတတ်ကြပါ။ မိမိတတ်နိုင်သည့်နေရာမှ မိမိမြို့ရွာ၊ မိမိပတ်ဝန်းကျင်နှင့် မိမိနိုင်ငံအတွက် အကျိုးပြုကြပါ။



လူငယ်များ တိုးတက်လျှင် မိသားစုတိုးတက်မည်။ မိသားစုများ တိုးတက်လျှင် မြို့ရွာများတိုးတက်မည်။ မြို့ရွာများတိုးတက်လျှင် နိုင်ငံတော်လည်း တိုးတက်မည်။ ထို့ကြောင့် ယနေ့လူငယ်များသည် မိမိကိုယ်ကိုယ်တည် ဆောက်ရင်း ''စွမ်းရည်ပြည့်ဝ နှလုံးလှပြီး တာဝန်သိ တာဝန်ယူတတ်သော လူ့အဖိုးတန်များ'' ဖြစ်အောင် ကြိုးစားကြစေလိုကြောင်း အမှာစကား ပြောကြားခဲ့ပါသည်။

****

တို့တိတာဆင့်ဆင့် နိုးထိခြင့်လည်း၊
ဝန်းနှင့် သစ်ဝင် ဓတ္တုခြင်တာ၊
ဝန်းကျင်ခြောတ်ခန်း စိတ်ဝင်ဝန်းစား။

PDF Compressor Free Version



မျက်စိလည်သည့် မိုးသူတော်

အုန်းလွင်လေး

''မင်းဆရာ ဦးစီးကလည်းလေ တစ်ခါလာလည်း ဒီဘိနယ် တစ်ခါလာလည်း ဒီဘိနယ် ငါလည်းဖမ်းဆီးသစ်တွေလိုက်သိမ်းရတဲ့စရိတ်က မိန်းမနားကပ် အပေါင်ဆိုင်က ပြန်ရတယ်မရှိဘူး''

''ကျုပ်ဆရာဆို ခင်ဗျားဆရာရော မဟုတ်လို့လား၊ ခင်ဗျားဘိနယ်တင်မဟုတ်ဘူး သူကိုယ်တိုင်ရတဲ့သတင်းတွေ အပေါ်စိစစ်ပြီး ဦးဆောင်ဖမ်းနေတာ၊ ခင်ဗျားဘိနယ်ထဲ အဖမ်းမခံစေချင်ရင် သူ့အရင် ခင်ဗျား ကိုယ်တိုင်ဖမ်းလိုက်၊ ဖမ်းဆီးသစ်သယ်စရိတ်တင်တောင်း ဒါဆို ခင်ဗျား မိန်းမနားကပ်လည်း အပေါင်ဆိုင်ရောက်စရာမလိုတော့ဘူး''

''ငါ့ဘိနယ်က သစ်သူခိုးလမ်းကြောင်းပေါ်ကျနေပြီး ငါနဲ့တောခေါင်းတစ်ယောက်နဲ့နှစ်ယောက်ရှိတာ လူအင်အားလိုတယ်ကွ၊ နောက်သစ်သူခိုးတွေက တို့မသိအောင် လုပ်ကြတာကွ''

''သူခိုးဆိုတာ မသိအောင်လုပ်မှာပဲ၊ သိအောင် လုပ်ရမှာ ကိုယ်အလုပ်လေ''

''ဟ လူတစ်ယောက် မျက်လုံးနှစ်လုံးပဲပါတာ၊ နေရာအနှံ့ မျက်စိဒေါက်ထောက်လိုက်ကြည့် မနေနိုင်ဘူးကွ၊ ဟာတဲ့နေရာလည်း ဟာမှာပေါ့''

''အေး အဲ့လို လိုက်လည်းမကြည့် ဘယ်မှာ ဘယ်လိုနားမစွင့်တော့ ဗေထိဆို ခင်ဗျားဘိနယ်ထဲမှာပဲ အဖမ်းခံနေရတာပေါ့''

''ဟေ့ ဟေ့ မင်းတို့တွေ စကားကောင်းမနေကြနဲ့၊ ဟိုက အိပ်ရာနိုးရော့မယ်၊ နံနက်စာပြင်ဆင်ထားကြဦး''

''ပြင်နေပါပြီ တောအုပ်ကြီး''

''ဘိနယ်စခန်းရှေ့ကွက်လပ်တွင် မနက်စောစော အိပ်ရာနိုးပြီး မီးဖိုဘေးမီးလှုံရင်း ဘိနယ်တောအုပ်နှင့်ဦးစီးအရာရှိရုံးက တောခေါင်းတို့ပြောသည့်စကားသံများကို ကျွန်တော်က စောင်ခေါင်မိုးခြုံအတွင်းမှ အတိုင်းသားကြားနေရ၏၊ စောင်ခြုံထဲမှာ ခေါင်းပြူပြီးကြည့်မိတော့ ဆောင်းကာလ နံနက်ခင်း၏သရုပ်သဏ္ဌာန် မြူနှင်းများက ဘိနယ်စခန်းလေးကို အလွှာလိုက် ရစ်ပတ်ထားဆဲ၊ အိပ်တန်းထပြီးတဲ့ သစ်ပင်ထက်ကဉ်ကတွေ ဘာသာဘာဝတီတီတာတာအသံ ခပ်သဲ့သဲနဲ့မီးဖိုထဲမှထင်းမီးတောက်သံ တဖြောက်ဖြောက် အသံတွေလည်းကြားရ၏၊ လတ်လတ်ဆတ်ဆတ် ဖျော်ထားသည့် ကော်ဖီမစ်အနံ့က ကျွန်တော့်နှာခေါင်းထဲသို့ တိုးဝင်လာသည်။ ကျွန်တော်စောင်ကို အသာခွာပြီး အိပ်ရာမှ ထထိုင်လိုက်မိသည်။

ဘိနယ်တောအုပ် ဘကျော်နှင့် ကျွန်တော့်ရုံးက တောခေါင်းမင်းလွင်တို့ ယူနီဖောင်းအပြည့်အစုံ ဝတ်ဆင်ထားပြီး မီးဖိုဘေးမှာ ရေနွေးကြမ်းသောက်ရင်း စကားပြောနေခြင်းဖြစ်၏၊ တောအုပ်ကြီး ဦးတင်မြင့်က တောစီးဘိနပ်ကြိုးချည်နေရင်း သူတို့စကားကို ဟန့်တား သတိပေးခြင်းဖြစ်၏၊ သစ်ဖမ်းဆီးရေးပါလာသည့် တခြားတောအုပ်တောခေါင်းသုံးဦးကလည်း တောသွားဖို့ ဝတ်ဆင်ထားပြီး နံနက်စာပြင်ဆင်နေကြ၏။

ကျွန်တော်လည်း အမြန်ဆုံး ကိုယ်လက်သန့်စင်ကာ တောဆင်း ယူနီဖောင်းဝတ်ဆင်ပြီး အသင့်ပြင်ဆင်လိုက်၏၊

''ဆရာ နံနက်စာအဆင်သင့်ပါပဲ ဆရာ''

''အေး စားကြတာပေါ့၊ တို့တောသွားမည့် အဖွဲ့သားတွေ အတူတူစားရင်း ဒီနေ့လုပ်မယ့် အလုပ်အကြောင်း ပြောကြတာပေါ့''

အဖွဲ့သားများအားလုံး နံနက်စာစားပြီးကြသော် ကျွန်တော်က–

ဒီဘိနယ်ထဲမှာ တရားမဝင်သစ်နဲ့ပတ်သက်လို့

PDF Compressor Free Version

သတင်းရတာတွေကို တို့တစ်တွေ မနေ့ကညမှောင်သည်ထိ ဖမ်းဆီးပြီးပြီ၊ ဒီနေ့က ရုံးပိတ်ရက်၊ ထိုသစ်တောဝန်ထမ်းဆိုတာကက ရုံးပိတ်ရက်ပေမဲ့ အလုပ်ပိတ်ရက် ဖြစ်ချင်မှဖြစ်မှာ၊ ဒါကြောင့် ဒီမှာရောက်တုန်း အင်အားစုမိချိန် ကျန်တဲ့ နေရာတွေလည်း နယ်မြေ ရှင်းလင်းရေးဆက်လုပ်မယ်၊ တောအုပ်ကြီးဦးဆောင်တဲ့အဖွဲ့က မနေ့က ဖမ်းဆီးသစ်တွေ ဒီဘိုနယ်စခန်းဆီ တာဝန်ယူအပြီးသယ်မယ်၊ စနစ်တကျ စုပုံမယ်၊ ကျွန်တော့်အဖွဲ့က တခြားနေရာတွေမှာ နယ်မြေ ရှင်းလင်းရေး ဆက်လုပ်ဖို့ သွားမယ်''



''ဟုတ်ကဲ့ပါဆရာ၊ ဆိုင်ကယ်ဘီးပေါက်တာဖာနေတုန်းမို့ ပြီးအောင်စောင့်ရင်း ဆရာလည်း ကော်ဖီမစ်သောက်လိုက်ပါဦး''

''ဟုတ်ကဲ့ ကောင်းပါတယ် တောအုပ်ကြီး၊ အော်–ဒါနဲ့ ဟိုဘိနယ်တာဝန်ခံတောအုပ် ဘကျော်၊ မင်းရောကျန်ဝန်ထမ်းတွေရောကို ပြောချင်တယ်၊ ဘာတဲ့ ဦးစီးဖြစ်တဲ့ ငါကတစ်ခါလာလည်း ဒီဘိနယ်တစ်ခါလာလည်း ဒီဘိနယ်ပဲ ဖမ်းတယ်လို့ မင်းပြောတယ်၊ အေး ငါလာပြီးမဖမ်းစေချင်ရင် မင်းဘိနယ်ထဲမှာ တရားမဝင်သစ်မရှိစေရေး မင်းကိုယ်တိုင် ကြိုတင်တားဆီးကာကွယ်ပါ၊ တရားမဝင်သစ်ရှိလာလို့ ဖမ်းရမယ်ဆိုလည်း အင်အားနည်းရင် အင်အားဖြည့်ပေးမယ်၊ ဘာမှ မရှိရင် ဘာမှဖမ်းစရာ မလိုတော့ဘူး''

''သစ်တောအလုပ်တွေလုပ်ရင်း အခွန်တော်လည်း ကောက်ရ မြို့ပေါ်နဲ့ ရွာတွေကို ဟိုပွဲ ဒီပွဲတွေတွက်သွားလာနေရလို့ နယ်မြေထိန်းသိမ်းရေးဖက် လစ်ဟာသွားရပါတယ်ဆရာ''

''ဘာတုန်းကွ၊ ဟိုပွဲ ဒီပွဲဆိုတာက''

''ဟို နွေဆို သင်္ကြန်ပွဲမဏ္ဍပ်ပြင်ဆင်ရေး၊ မိုးဆိုသစ်ပင်စိုက်ပွဲ၊ ပွင့်လင်းရာသီဆို ဟောပြောပွဲတွေကို ပြောတာပါ ဆရာ''

''ဒါက မင်းတစ်ယောက်ထဲမှ မဟုတ်တာ၊ မခိုင်လုံတဲ့ဆင်ခြေတွေ မပေးနဲ့၊ မင်းတို့ တောအုပ်တွေ ကိုယ့်တောအုပ်တာဝန်ဝတ္တရား သိရှိလိုက်နာရသလို ခေတ်အခြေအနေအရတာဝန်ပေးရင် အကြောင်းကြောင်းသော တခြားအလုပ်တွေလည်းလုပ်နေရမှာပဲ၊ ကိုယ်က နိုင်ငံ့ဝန်ထမ်းဆိုတာကိုယ့်ကိုကိုယ် သဘောပေါက်ကြ၊ မိုးလင်းစမှာ ငါဘယ်သူကိုမှ မဆူမငေါက် ပါရစေနဲ့၊ နယ်မြေထိန်းသိမ်းရေးအလုပ်အကြောင်းပြောရရင် မင်းတို့ကို ဖိုးသူတော်ထုံးနှလုံးမူတတ်အောင် ကြုံတုန်းပြောပြချင်တယ်''

''တပည့် ဆင်ခြေပေးသလိုပြောမိတာ တောင်းပန်ပါတယ် ဆရာ၊ ဆရာ့ စကားနားထောင်ပါ့မယ်''

''အေး ဒီလိုကွ၊ ရှေးအခါတုန်းက ရွာတစ်ရွာရှိ ဘုန်းကြီးကျောင်းနှစ်ကျောင်းမှာ ဖိုးသူတော်တစ်ပါးစီရှိကြတယ်၊ တောင်ကျောင်းဖိုးသူတော်က မြောက်ကျောင်းဖိုးသူတော်ဆီသွားပြီး စကားစမြည်ပြောကြရင်း တစ်ဦးနဲ့ တစ်ဦးလည်း ဉာဏ်စမ်းကြသတဲ့''

''အသင် မြောက်ကျောင်းဖိုးသူတော်၊ စိန္တေသီဟူသောပါဠိကို အနက်ပြန်ပါ'' လို့ စ မေးတယ်။

မြောက်ကျောင်းဖိုးသူတော်လည်း အဲ့ပါဠိကိုအနက်စဉ်းစားနေတုန်းမှာ တောင်ကျောင်းဖိုးသူတော်က ''မြောက်ကျောင်းဖိုးသူတော်၊ အနက်ပေးနိုင်လျင်ပေးပါ၊ ပုစ္ဆိဟူသောပါဠိကလေး ထပ်မေးဖို့ ရှိသေးတယ်၊ အဖြေပေးရမှာတယ် နှေးသကိုး'' လို့ ခနဲ့တဲ့တဲ့ ထပ်ပြောပါရော။ အဲတာကို မြောက်ကျောင်းဖိုးသူတော်က တစ်ခုမပြီးသေးခင် တစ်ခုထပ်မေးရပါ့မလားလို့ ''စိန္တေသီဆိုတာ ဘာပါလိမ့် စဉ်းစားကြံဆနေတာ ပုစ္ဆိပါဠိကမေးပြီ'' လို့ စိတ်ဆိုးမာန်ဆိုးပြန်ပြောတော့ တောင်ကျောင်းဖိုးသူတော်က ''မြောက်ကျောင်းဖိုးသူတော်သည် ငါ၏ အမေးပုစ္ဆာများကို တစ်ပြိုင်တည်း ကောင်းစွာဖြေစွမ်းနိုင်ပါလားလို့ ချီးမွမ်းပြီးသူ့ကျောင်းပြန်သွားသတဲ့''

ကျွန်တော် ဖိုးသူတော်ပုံပြင် ပြောပြနေချိန်မှာ နံနက်စာစားပြီး မီးဖိုဘေးထိုင်နေတဲ့ တောအုပ် ဘကျော်၊ မင်းလွင်တို့က ကျွန်တော့်စကားကို စိတ်ဝင်တစားအာရုံစိုက်နားထောင်နေ၏။ ကျွန်တော်က–

''မြောက်ကျောင်းဖိုးသူတော်က သူအဖြစ်မှန်ကို စိတ်ထဲရှိတာပြောတာ အဖြေနဲ့ကွက်တိ ဝင်တတ်သလို မင်းတို့လည်းအလုပ်တစ်ခုမပြီးသေးဘူး နောက်ထပ်အလုပ်တွေထပ်လာနေတယ်လို မငြီးငြူကြနဲ့ကိုယ်ဘိနယ်ထဲအလုပ်တစ်ခုအတွက်သွားရင်းလာရင်း ဘိနယ်ထိန်းသိမ်းရေးအလုပ်လုပ်လို့ရတယ်၊ ဥပမာ အသိပညာပေးဟောပြောပွဲလုပ်ဖို့ သွားတဲ့ရွာမှာ ဘယ်သူတွေတရားမဝင်သစ်လုပ်တတ်တယ်၊ အခု သူတို့ ဘာလုပ်နေတယ်ဆိုတာတွေ စုံစမ်းပြီး အချိန်မီကြိုတင်တားဆီး ကာကွယ်နိုင်မယ်''

''ဆရာ ဆိုင်ကယ်တွေ အသင့်ဖြစ်ပါပြီ''

PDFCompressor Free Version

တောအုပ်ကြီးဦးတင်မြင့်က ကျွန်တော့်ကိုပြောအပြီး လက်ဖက်ညှစ်ပြီးခွက်ကို ပေးသောကာကိုင်၏။ ကျွန်တော် လည်း–

''အော် အေး အေး ဖိုးသူတော်အကြောင်းပြောမိ တော့သတိရတာလေး ထပ်ပြောလိုက်ပါဦးမယ်၊ တို့သစ်တော ဝန်ထမ်းဆိုတာ ကိုယ်တာဝန်ယူရတဲ့ ဇရိယာအတွင်း မျက်စိ လည်တဲ့ ဖိုးသူတော်လိုဖြစ်နေရမယ်၊ မင်းလွင်မျက်စိလည် တဲ့ ဖိုးသူတော် ဘယ်လိုရလဒ်ရလဲ သိလား''

''ခြေ ခြေ ညောင်း ပါတယ် ဆရာ''

''ဟာ ဒီကလေးနှယ်၊ ပြောလိုက်မှဖြင့် သောက်တ လွဲချည်းပဲ၊ ဖိုးသူတော်မျက်စိလည်လေ ဆန်ရလေပေါ့ကွ''

မင်းလွင် စကားအဆုံး တောအုပ်ကြီးက ဒါလေး ကို မသိရကောင်းလားလို့ပြောပြီး ကျွန်တော်အမေးကိုအမှန် ဖြေပေး၏။

''အင်း မင်းလွင် မင်းကတော့လေ လုပ်ချလိုက်ပါ ပေါ့၊ တောအုပ်ကြီးပြောသလိုပဲ ဖိုးသူတော် ဆန် အလျှံခံ ထွက်တာ ရွာစဉ်တွေမှေ့၊ မျက်စိလည် လမ်းတွေမှားကာ လမ်းများများသွားရတော့ ဆွမ်းဆန်ပိုရသလို တို့သစ်တော ဝန်ထမ်းတွေလည်း ကိုယ့်ဘိနယ် ကိုယ့်နယ်မြေထဲ မကြာ မကြာ များများသွားလာနေနိုင်လေ ခြေရာခြင်း ထပ်နေ အောင်သွားနိုင်လေ ကိုယ်တာဝန်ယူတဲ့ဇရိယာအကြောင်း လက်တွေ့ တွေ့မြင်ပြီး နယ်မြေထိန်းသိမ်းရေးပိုလုပ်နိုင်လေ ဖြစ်မယ်၊ တို့သစ်တောဝန်ထမ်းအလုပ်သဘာဝကိုက တော ထဲမှာ၊ ရာထူးအမည်တွေကလည်း တောကြပ်၊ တောခေါင်း၊ တောအုပ်၊ တောအုပ်ကြီးတဲ့ တောတောင်တွေထဲ ကျင် လည်ကြနေရမှာ၊ မလိုအပ်ပဲ မြို့ပေါ်မှာ ဆိုင်ကယ်တဝီဝီစီး သွားလာနေရမှာ တို့အလုပ်မဟုတ်ဘူး။ တို့အလုပ်နဲ့တို့သွား လာနေတာကိုက သစ်တောဝန်ထမ်းတွေကို တောတောင် အနှံ့ နေရာစုံမှာ တွေ့မြင်နေတဲ့ သစ်သူခိုးတွေလည်း တော်တန်ရုံဆိုကြောက်ရွံ့ ဆင်ခြင်သွားတာပေါ့''

ကျွန်တော်က 'ဖိုးသူတော် မျက်စိလည်လေ ဆန် ရလေ' ဆိုတဲ့အချက်ကို အလုပ်နဲ့နှိုင်းယှဉ်ပြီး ရှင်းပြလိုက် တဲ့အခါမှာတော့ သူတို့မျက်နှာတွေမှာ တစ်ခုခုကို သဘော ပေါက်တဲ့ အရိပ်အယောင်တွေ မြင်လိုက်ရ၏။ တောအုပ် ဘကျော်ရဲ့ မျက်ခုံးတွေက ပြေလျော့သွားပြီး ခေါင်းလေးငုံ့ ကာ ငြိမ်သက်သွားပြီး စောစောက ဆင်ခြေပေးချင်တဲ့ မျက်နှာပေးမျိုးမရှိတော့ဘဲ လေးလေးနက်နက် စဉ်းစားနေ ပုံရပါတယ်။ ကျွန်တော်နဲ့ အနီးကပ်နေတဲ့ ကျွန်တော်သွား လေရာ လိုက်နေရတဲ့ မင်းလွင်ကတော့ ကျွန်တော့်ကို ကြည့်ရင်း'' ခြော်.... ဒါကြောင့် ဆရာက အမြဲတမ်း တောထဲပတ်နေတာကိုး'' ဆိုတဲ့ အသိမျိုးနဲ့ မျက်လုံးလေး တွေ ဝင်းပလို့နေတယ်။ ကျွန်တော်တို့ သစ်တောဝန်ထမ်း တွေရဲ့ တာဝန်သိစိတ်ကို ဒီဖိုးသူတော်ပုံပြင်လေးက သူတို့ ရင်ထဲကို အတော်လေး ထိုးဖောက်သွားပုံရပါတယ်။ တော အုပ်ကြီး ဦးတင်မြင့်လည်း ခေါင်းကို တစိမ့်စိမ့် ညိတ်ရင်း ကျွန်တော့်ကို ကြည့်တဲ့ အကြည့်တွေထဲမှာ လေးစားမှုတွေ ခိုဝင်လာတာကို တွေ့လိုက်ရပါ၏။ နှုတ်မှလည်း–

''ဆရာကလေ စကားပြောပြီဆို နားထောင်သူ ရင်ထဲ တန်းကနဲဝင်အောင် သံစွဲသလို စွဲသွားအောင် ထိထိမိမိပြောတတ်ပါပေ့၊ မှတ်သားရပါတယ် ဆရာရယ်'' လို့ ပြောလိုက်သေး။

''ကဲ့ – ကဲ့ – တောအုပ်ကြီးနဲ့ဖမ်းဆီးသစ်သယ်ဖို့ ခေါ်သွားမယ်သူ၊ ကျွန်တော်နဲ့နယ်မြေရှင်းလင်းရေး လိုက် မယ့်သူ လူခွဲပြီး အလုပ်စကြရအောင်''

''ဟုတ်ကဲ့ပါ ဆရာ''

သစ်တောနယ်ဝန်ထမ်းဟူသည်ကား အလုပ်သဘာဝ အရ တောတောင်တွေထဲမှာ ကျင်လည်ရချိန်များပြီး ရာထူး ကြီးသောလုပ်ငန်းအတွေ့အကြုံများသော သစ်တောဝန်ထမ်း ကြီးများက ရာထူးငယ်သောလုပ်ငန်းအတွေ့အကြုံနည်းသော လက်အောက် သစ်တောဝန်ထမ်းငယ်များအား အလျဉ်း သင့်သလို သွန်သင်ဆုံးမပြောဆိုလမ်းညွှန်ပြသသည်ကား အစဉ်အလာပင်။



ကျွန်တော် ဦးစီးအရာရှိရာထူးနဲ့ သစ်တောဝန်ထမ်း ဘဝ အလုပ်တာဝန်ထမ်းဆောင်စဉ်က အမှတ်တရလေးပါ။ အခုတော့ ကျွန်တော်လည်း သစ်တောဝန်ထမ်းဘဝအငြိမ်း စားခဲ့လေပြီ၊ သက်ကျားအိုပင်စင်စားကြီး ဖြစ်တည်မှုက သိလို၍မေးရင် ကိုယ်သိတာမျှဝေပေးရင်း ဗုဒ္ဓဘာသာတွင် လူသားတို့ လိုက်နာကျင့်သုံးအပ်သည့်မြတ်သော နေထိုင် ခြင်းဟု ခေါ်ဆိုသော ပြဟ္မစိုရ်တရား (၄) ပါး (မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ) ပွားများနိုင်သမျှ ပွားများနေ ရမည်သာ–

****

PDF Compressor Free Version

သစ်ပင်နှင့် ကုသိုလ်ရေး



''ကုသိုလ်သည်အပြစ်ကင်းပြီး ကောင်းကျိုးပေးခြင်း လက္ခဏာရှိသည်၊ အကုသိုလ်သည် အပြစ်နှင့်တကွ မကောင်းကျိုးကိုပေးခြင်း လက္ခဏာရှိသည်'' မြတ်ဗုဒ္ဓ

သစ်ပင်တစ်ပင်စိုက်သည့် ကုသိုလ်သည် အလွန်ပင်ကျေနပ်အားရဖွယ်ကောင်းလှပါသည်။ သစ်ပင်များစွာ၊ စိုက်ခင်းဧကများစွာကို တည်ထောင်စိုက်ပျိုး ထိန်းသိမ်းခွင့် ရသူဆိုလျင်မူ ပြောဖွယ်မရှိ။ ထိုသူကို အတိုင်းအဆမဲ့ ကံထူးသူ ဟုပင် ဆိုရပါမည်။ သစ်ပင်နှင့်ပတ်သက်သော ဗုဒ္ဓတရားတော် (အဆုံးအမ) များကို ကြိမ်ဖန်များစွာ နာကြား/ဖတ်ရှု မှတ်သားရဖူးပါသည်။ ညောင်ပင် (မဟာဗောဓိပင်) သည် ဘုရားလောင်းသိဒ္ဓတ္ထမင်းသားနှင့်အတူ ဖွားဖက်တော်အနေဖြင့် တစ်ပြိုင်တည်း မွေးဖွားရှင်သန်လာသည့် အရာဖြစ်ပါသည်။ မြတ်စွာဘုရား ဘဝတစ်လျှောက်လုံးတွင်လည်း သစ်ပင်အောက်၌ သီတင်းသုံးခြင်းကို ကြိမ်ဖန်များစွာတွေ့ရတတ်ပါသည်။ ဘုရားလောင်း သိဒ္ဓတ္ထမင်းသား မွေးဖွားချိန်ပင်လျင် ဘုရင့်မင်းသားဖြစ်သော်ငြားလည်းနန်းတော်ပေါ်၌ မွေးဖွားခြင်းမျိုးမဟုတ်ဘဲ လုမ္ဗိနီဥယျာဉ်အတွင်းမှ သစ်ပင် (အင်ကြင်ပင်) အောက်တွင် ဖွားမြင်ခဲ့ခြင်းသာဖြစ်ပါသည်။ တောထွက်သည့်အချိန်ကာလ တစ်လျှောက်မှာလည်း သစ်ပင်များအောက်၌သာ နေသည်ကများနေပြန်ပါသည်။ တရားကျင့်ကြံပြီး တရားရ၍ ဘုရားဖြစ်သို့ ရောက်ရှိခဲ့သည်မှာလည်း သစ်ပင် (ညောင်ပင်) အောက်၌ပဲ ဖြစ်နေပြန်ပါသည်။ ဘုရားရှင်၏ဒုတိယသတ္တာဟ (အနိမိသသတ္တာဟ) ၌ကား ဘုရားရှင်သည် ရပ်တော်မူလျက် မမှိတ်သောမျက်လုံးတော်ဖြင့် ပလ္လင်တော်၊ သစ်ပင် (မဟာဗောဓိညောင်ပင်) ကို (၇) ရက်တိုင်တိုင် ကြည့်ရှုခဲ့သည်မှာလည်း ထူးဆန်းမှတ်သားဖွယ်ပင် ဖြစ်ပါသည်။ ပထမဆုံး တရားဟောရာနေရာသည်လည်း မိဂဒါဝုန်တောအတွင်းရှိ သစ်ပင်ကြီးများ၏ အောက်တွင်ပင်ဖြစ်နေပြန်ပါသည်။ နောက်ဆုံးပရိနိဗ္ဗာန်စံတဲ့အချိန်မှာလည်း ကုသိနာရုံပြည် သစ်ပင် (အင်ကြင်းပင်) အောက်၌ပင်ဖြစ်ပါသည်။ ထို့ပြင် ဗုဒ္ဓသည် သစ်ပင်စိုက်ပျိုးခြင်းကြောင့် ရရှိနိုင်မည့် ကုသိုလ်များစွာကိုလည်း ဟောပြောခဲ့ပါသည်။ သို့ပါ၍ ဗုဒ္ဓသည် သစ်ပင်စိုက်ပျိုးခြင်းကို မြတ်နိုးနှစ်သက်တော်မူသည်ဟု ယူဆမိပါသည်။

ဗောဓိပင်ကုသိုလ်

''ဗောဓိပင်'' ဆိုသည်မှာ ဘုရားရှင်၏ဗောဓိဉာဏ် ရရှိချိန်၌ သီတင်းသုံးသည့် အပင်ဖြစ်သည်။ ဥပမာ ညောင်ပင်သည် ဂေါတမမြတ်စွာဘုရားမဖြစ်ခင်တရားကျင့်နေသည့်အချိန်တွင် ညောင်ပင်သာဖြစ်သည်။ ဗောဓိဉာဏ်ရသွားတဲ့အချိန်တွင်မူ ထိုညောင်ပင်ကိုပင် ဗောဓိပင်ဟုခေါ်ခြင်းဖြစ်သည်။ ညောင်ပင်အမျိုးအစား ညောင်ကုတ်ဟဲ၊ ညောင်ကျည်း၊ ညောင်ကြက်ပေါင်း၊ ညောင်ကြပ်၊ ညောင်ချယား၊ ချောချဉ်၊ ညောင်ခြေထောက်/ပညောင်/ပြည်ညောင်၊ ညောင်စကား၊ ညောင်နီ၊ ညောင်ပိန္နဲ၊ ညောင်ဖြူ၊ ညောင်ဗောဓိ၊ ညောင်ဗုဒ္ဓဟေ၊ ညောင်သပြေ၊ ညောင်ဖန်ခါး၊ ညောင်သားများ/ညောင်သများ၊ ညောင်အုပ် ဟူ၍ (၁၇) မျိုးခွဲခြားလေ့ရှိသည့်အနက် ယခုဘုရားရှင်၏ ညောင်ပင်သည် ညောင်ဗုဒ္ဓဟေပင် (Ficus religiosa) ဖြစ်ပါသည်။ ဗောဓိပင်များသည် ဘုရား တစ်ဆူနှင့်တစ်ဆူမတူနိုင်ပေ။

PDF Compressor Free Version

ဤကမ္ဘာ၏ ပထမဆုံးပွင့်သော ကကုသာန်ဘုရား၏ ဗောဓိပင်သည် ကုက္ကုဋပဒေဖြစ်သည်။ နောက်ယပွင့်သော ''ကောဏဂုံ'' ဘုရား၏ ဗောဓိပင်သည် ရေသဖန်းပင်ဖြစ်သည်။ တတိယပွင့်သော ''ကဿပ'' ဘုရား ဗောဓိပင်သည် ညောင်ပိန္နဲဖြစ်သည်။ ဗောဓိပင်ဆိုသည်မှာ သီးသန့်ရှိသည့်သစ်ပင်တစ်မျိုးမဟုတ် တရားထူးတရားမြတ်ရသည့် အပင်အနေဖြင့် ခေါ်ဆိုခြင်းဖြစ်သည်။ ယခုခေတ်အနေဖြင့်တော့ ဗောဓိပင်ဟုဆိုလျှင် ညောင်ပင် (ညောင်ပုဒ္ဓဗောပင်) ကိုသာဆိုကြခြင်းဖြစ်ပါသည်။ သမ္မာသမ္ဗုဒ္ဓဘုရားရှင်တို့မည်သည် ဗောဓိဉာဏ်ကို အပင်တစ်ပင် ပင်အောက်၌သာ ရကြသည်ဖြစ်ပါသည်။ ထိုသို့ အပင်တစ်ပင်အောက်၌ အသိဉာဏ်ရရှိခြင်းသည် သမ္မာသမ္ဗုဒ္ဓဘုရားရှင်တို့၏ ဓမ္မတာပင်ဖြစ်ပါသည်။ သမ္မာသမ္ဗုဒ္ဓဘုရားရှင်တို့မှာ ဖြစ်ရိုးဖြစ်စဉ် ဓမ္မတာပေါင်း (၃၀) ရှိပါသည် (ပုဒ္ဓဝံသ၊ ၅၊ ၃၅၁)၊ ဓမ္မတာအမှတ်စဉ်တစ်ခုဌ ဗောဓိပင်၌ပင် တရားရသည်ဟု ဆိုပါသည်။ (ဓမ္မတာ ၃၀ လုံးဖော်ပြနေပါက စာအလွန်ရှည်မည်စိုး၍ မဖော်ပြတော့ပါ)

ဗောဓိပင်သည် စေတီတစ်ခုလည်းဖြစ်ပါသည်။ ဘုရားရှင်ပရိနိဗ္ဗာန်ပြုပြီးနောက် တည်လေ့ရှိသော စေတီလေးမျိုးရှိပါသည်။ ပရိဘောဂစေတီ၊ ဥဒ္ဒိဿစေတီ၊ ဓာတုစေတီနှင့် ဓမ္မစေတီတို့ဖြစ်ပါသည်။ ဗောဓိပင်သည် မြတ်စွာဘုရားရှင်ကိုယ်တိုင် သီတင်းသုံးအမှီပြုခဲ့သောနေရာ ဖြစ်သဖြင့် ပရိဘောဂစေတီအဖြစ် သတ်မှတ်ပူဇော်ခြင်း၊ ရေလောင်းလှူခြင်းများဖြင့် ကုသိုလ်ပြုလုပ်လေ့ရှိပါသည်။ ကဆုန်လပြည့်နေ့ညောင်ရေသွန်းပွဲများသည် အထင်အရှားပင်ဖြစ်ပါသည်။ ငွေကုန်ကြေးကျများစွာ အကုန်အကျမခံရဘဲ တည်ရသောပရိဘောဂစေတီသည် ဗောဓိပင်ဖြစ်ပါသည်။ ဗောဓိပင်ကို ပူဇော်ခြင်းကို ဘုရားရှင်ကို ပူဇော်ခြင်းပင်ဖြစ်သည်။ ဗောဓိပင်ကို စိုက်ပျိုးပူဇော်ခြင်းနှင့်ပတ်သက်၍ အသန ဗောဓိယမထေရ်လောင်းသည် တိဿဘုရားရှင်၏ ဗောဓိပင်ကို စိုက်ပျိုးပူဇော်ရသောကုသိုလ်ကြောင့် နတ်ပြည်၌ နတ်သားဖြစ်ရခြင်း၊ စကြာမင်း ဖြစ်ရခြင်း၊ အပါယ်ဘေးမှလွတ်ကင်းရခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိခဲ့ပါသည်။ ဂန္ဓောဒကတိဿ မထေရ်လောင်းအနေဖြင့် ပဒုမုတ္တရ ဘုရားရှင်တို့၏ ဗောဓိပင်ကို နံ့သာရည်နှင့်သွန်းလောင်းသော ကုသိုလ်ကြောင့် နတ်ပြည်၌ နတ်ဖြစ်ရခြင်း၊ အနာရောဂါကင်းရှင်းခြင်း၊ ကျန်းမာသုခပြည့်စုံခြင်း စသောအကျိုးများရရှိပါသည်။

စာဖတ်သူများအနေဖြင့်လည်း ဗောဓိပင်များစွာကို စိုက်ပျိုးခြင်း/ပြုစုခြင်းများဖြင့် ကုသိုလ်များ ယူဖူးခဲ့ကြပါလိမ့်မည်ဖြစ်ပါသည်။ နှစ်ကျိပ်ရှစ်ဆူသောဘုရားတို့၏ ဗောဓိပင်များကို အောက်ဖော်ပြပါအတိုင်း ဖော်ပြလိုက်ရပါသည်–

စဉ်	ဘုရားရှင်အမည်	ဗောဓိပင်	စဉ်	ဘုရားရှင်အမည်	ဗောဓိပင်
၁	တဏှင်္ကရာဘုရား	ကံကော်ပင်	၁၅	သုဇာတဘုရား	ဝါးပင်
၂	မေဓင်္ကရာဘုရား	သရက်ဖြူပင်	၁၆	ပိယဒဿီဘုရား	ရေတမာပင်
၃	သရဏင်္ကရာဘုရား	ညောင်ကြတ်ပင်	၁၇	အတ္ထဒဿီဘုရား	စကားပင်
၄	ဒီပင်္ကရာဘုရား	ညောင်ကြတ်ပင်	၁၈	ဓမ္မဒဿီဘုရား	အင်ကြင်းပင်
၅	ကောဏ္ဍညာဘုရား	ကြောင်လျှာပင်	၁၉	သိဒ္ဓတ္ထဘုရား	သခွတ်ပင်
၆	မင်္ဂလ ဘုရား	ကံကော်ပင်	၂၀	တိဿဘုရား	ဝိတောက်ပင်
၇	သုမနဘုရား	ကံကော်ပင်	၂၁	ဖုဿဘုရား	သပြေပင်
၈	ရေဝတဘုရား	ကံကော်ပင်	၂၂	ဝိပဿီဘုရား	သခွတ်ကသ်
၉	သောဘိတဘုရား	စကားပင်	၂၃	သိခီဘုရား	သရက်ပင်
၁၀	အနောမဒဿီဘုရား	အင်းကြင်ပင်	၂၄	ဝေဿဘုဘုရား	အင်ကြင်းပင်
၁၁	ပဒုမဘုရား	မဟာလေ့ကားပင်	၂၅	ကကုသန်ဘုရား	ကုက္ကိုလ်ပင်
၁၂	နာရဒဘုရား	ပေါက်ပင်	၂၆	ကောဏာဂုံဘုရား	ရေသဖန်းပင်
၁၃	ပဒုမုတ္တရဘုရား	သရက်ပင်	၂၇	ကဿပဘုရား	ညောင်ပိန္နဲ
၁၄	သုမေဓဘုရား	မအူပင်	၂၈	ဂေါတမဘုရား	ညောင်ဗုဒ္ဓဟောပင်

ရာဂမူဓုတင် ကုသိုလ်

''ဓုတင်'' ဆိုသည်မှာ ကိလေသာကို ခေါင်းပါးစေသည့် အကျင့်တရားများဖြစ်သည်။ အကျဉ်းအားဖြင့် ပံသကူဓုတင်၊ တိစီဝရိတ်ဓုတင်၊ ပိဏ္ဍပါတိတ်ဓုတင်၊ သပဒါနစာရိကဓုတင်၊ ဧကာသနိက်ဓုတင်၊ ပတ္တပိဏ်ဓုတင်၊ ခလုပစ္ဆာဘတ်ဓုတင်၊ အာရညကင်ဓုတင်၊ အဗ္ဘောကာသိကဓုတင်၊ သုသာန်ဓုတင်၊ ရာဂမူဓုတင်၊ ယထာသန္ထတိဓုတင်၊ နိသဇ္ဇိဓုတင်ဟူ၍ ဓုတင် (၁၃) ပါး ရှိပါသည်။ ထိုကိလေသာခေါင်းပါးအောင်ကျင့်သည့် ဓုတင်များအနက် ရာဂမူ ဓုတင်ကျင့်သောရဟန်းသည် သစ်ပင်အား မဖြစ်မနေလိုအပ်ပါသည်။ သစ်ပင်မရှိက ရာဂမူဓုတင် ဆောင်နိုင်ခြင်းမရှိပါ။ ရာဂမူဓုတင်ကို ရဟန်းတို့သည် မိုးတွင်းလေးလကိုဖယ်၍ တစ်နှစ်လျှင် (၈) လဆောက်တည် နိုင်ပါသည်။ အဆောက်အဦ အကာကွယ်ထဲမနေဘဲ သစ်ပင်အောက်မှာနေခြင်းသည် သစ်ပင်အောက်နေခြင်းကြောင့် အကာအကွယ်မရှိသဖြင့် မြွေအပါအဝင် အခြားအန္တရာယ်အမျိုးမျိုးကြောင့် သတိပိုထားသဖြင့် သတိထားတတ်တဲ့အလေ့အကျင့် ပိုမိုရလာကာ သတိအားကောင်းလာခြင်း၊ လူအများစုသည် ဆိတ်ကွယ်ရာမှာ မကောင်းတာလုပ်လေ့ရှိသည့်အတွက် သစ်ပင်အောက်မှာ လူတကာမြင်တဲ့နေရာဖြစ်သည့်အလျောက် မိမိကိုယ်ကိုထိန်းချုပ်ပြီး ကောင်းတဲ့ဘက်ကို ဦးလှည့်ပေးခြင်း၊ ကိလေသာများ လျော့နည်းလာနိုင်ခြင်းဆိုသော အကျိုးတွေရရှိနိုင်သည်ဟု ဖတ်ရှုဖူးပါသည်။

ရာဂမူဓုတင်ဆောင်သော ရဟန်းသည် အုတ်ကြွပ်၊ ကျောက်ပြား၊ အင်တေ၊ သက်ကယ်၊ သစ်ရွက်တို့ တစ်ခုခုဖြင့်မိုးထားသော အရိပ်အာဝါသ၌မနေရဘဲ သစ်ပင်အောက်၌သာနေရသည်။ ဓုတင်ဆောင်ရဟန်းသည် သစ်ပင်ကောင်း/သစ်ပင်သန့်မရွေးချယ်ဘဲ မည်သည့် သစ်ပင်အောက်၌မဆို

PDF Compressor Free Version

သစ်ရွက်ပုံများကို ကိုယ်တိုင်ခြေဖြင့် ဖယ်ရှင်း၍နေလျင် အမြတ်စားဝုိင်ဝုိင်ဝန်းကြီးပမ်း၊ သစ်ပင်အောက်ရှိသို့ ရောက်လာသူများကို ရှင်းခိုင်းပါက အလတ်စားဝုတင်ဟုလည်းကောင်း၊ ကျောင်းသား/သာမဏေတို့ကို ခေါ်၍ သစ်ရွက်ရှင်း၊ သဲခင်း၊ တံတိုင်းကာ၊ တံခါးတပ်စေပါက အညံ့စားဝုတင်ဟုလည်းကောင်း ခေါ်ဝေါ်လေ့ရှိကြသည်။ မည်သို့ပင်ဆိုစေကာမူ သစ်ပင်သည်မရှိမဖြစ် ဖြစ်ပါသည်။ စာဖတ်သူများအနေဖြင့် ရုက္ခမူလေ ဝုတင်ဆောက်တည် နိုင်မည့် အပင်များစွာကို စိုက်ပျိုးခြင်းကုသိုလ်များကို ရယူဖူးကြမည်သာ ဖြစ်ပါသည်။

ထာဝရကုသိုလ်

ကုသိုလ်တို့တွင် အစဉ်မပြတ်စီဆင်းနေတတ်သော ထာဝရကုသိုလ် (၆) ပါးရှိပါသည်။ ထာဝရကုသိုလ် (၆) ပါးအနက် နှစ်ပါးသည် သစ်ပင်စိုက်ပျိုးခြင်းနှင့်သက်ဆိုင်နေသည်ကိုထူးခြားဖွယ် ဖြစ်ပါသည်။ ထို (၆) ပါးမှာ အာရောမရောပဒါန– ပန်းဥယျာဉ် သို့မဟုတ် သစ်သီးခြံများ စိုက်ပျိုးလှူဒါန်းခြင်း၊ ဝနရောပဒါန–အရိအာဝါသကောင်း သောသစ်ပင်ကြီးများကို စိုက်ပျိုးလှူဒါန်းခြင်း၊ သေတုကာရကဒါန – ခရီးသွားများအတွက်တံတားခင်းခြင်း၊ လမ်း ဖောက်လုပ်ခြင်း၊ ဥဒပါနဒါန–ရေတွင်း၊ရေကန်များ တူးဖော်လှူဒါန်းခြင်း၊ ပေါက္ခရဏီဒါန – ရေကန်များ ဆောက်လုပ်လှူဒါန်းခြင်း၊ အာဝသထဒါန – ခရီးသွားများ အနားယူရန် ကျောင်း၊ တည်းခိုခန်း၊ ဇရပ် စသည်တို့ ဆောက်လုပ်လှူဒါန်းခြင်းပင် ဖြစ်ပါသည်။ အဆိုပါ ကုသိုလ် (၆) မျိုးထဲမှ တစ်ခု (သို့မဟုတ်) တစ်ခုထက်ပိုလှူသူသည် နေ့ရော ညပါ ကုသိုလ်တွေ တိုးနေသည်လို့ဆိုပါသည်။

ရှေးဆရာတော်ကြီးများသည် သစ်တစ်ပင်စိုက်ရင် ကျောင်း ဆောက်လှူတာနဲ့အတူတူပါပဲလို့ ဩဝါဒပေးလေ့ရှိပါသည်။ ကျောင်းဆောက်လှူရန် ငွေကြေး အခြေအနေ ကြောင့် အခက်အခဲရှိနိုင်သော်လည်း သစ်ပင်ကတော့လူ တိုင်း စိုက်နိုင်ပါသည်။ သစ်တစ်ပင် ကျောင်းတစ်ဆောင်ဟု အာရုံပြုလိုက်ရရင် အမှန်ပင်စိုက်ချင်စရာပင်ဖြစ်ပါသည်။

ကုသိုလ်ကို အမျိုးအစားခွဲခြားပြလျင် ပုညကြိယာ ဝတ္ထု (၁၀) ပါးဖြင့် ခွဲခြားပြလေ့ရှိပါသည်။ ထိုကုသိုလ် (၁၀) မျိုးသည် ပေးကမ်းလှူဒါန်းခြင်း၊ ကုသိုလ်အမျှပေး ဝေခြင်း၊ သူတစ်ပါးပေးဝေသော ကုသိုလ်အဖို့ကို သာဓုခေါ် ဆိုခြင်း၊ သီလဆောက်တည်ခြင်း၊ အရိုအသေပြုခြင်း၊ ဝေယျာဝစ္စ ဆောင်ရွက်ပေးခြင်း၊ တရားနာကြားခြင်း၊ တရားဟောကြားခြင်း၊ ကမ္မဋ္ဌာန်းဘာဝနာပွားများခြင်း၊ ဖြောင့်မတ်စွာ အယူရှိခြင်းတို့ပင်ဖြစ်ပါသည်။ သစ်ပင်စိုက် ပျိုးခြင်းကြောင့်ရသည့် ကုသိုလ်သည် တွေးဆ မျော်ရည်ရ ယူတတ်ပါက တစ်မျိုးထက်မက ရရှိနိုင်သော ကောင်းမှု ကုသိုလ်ပင်ဖြစ်ပါသည်။

သစ်ပင်တစ်ပင်စိုက်ပျိုးခြင်းသည် သက်ရှိလောက အတွက်လိုအပ်သော အောက်စီဂျင်ကို စဉ်ဆက်မပြတ် အချိန်နှင့်အမျှ ထုတ်ပေးခြင်း၊ မလိုအပ်သော ကာဗွန်ဒိုင် အောက်ဆိုဒ်ကို အချိန်နှင့်အမျှ လျော့ပါးသက်သာစေသော ကုသိုလ်၊ သတ္တဝါတွေ အသက်ရှင်သန်ရေးအတွက် အရေးကြီးလှသည့် ရေ၊ လေ၊ အစားအစာ တို့ကို ထောက်ပံ့ပေးခြင်း၊ လူတို့အတွက်လိုအပ်သော သစ်၊ တိုင်၊ မျော၊ ဝါး၊ ထင်း၊ မီးသွေးလောင်စာများကို ထောက်ပံ့ပေး ခြင်း၊ အနှံ့/အဆင်းကောင်းမွန်သော အပင်များဖြင့် လူသား ပတ်ဝန်းကျင်စိတ်ရွှင်လန်းစေခြင်း၊ နားခိုရာအရိပ်ရစေခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများအတွက် နေရာဒေသကောင်းများ ဖန်တီး ပေးခြင်း၊ ရာသီဥတုမျှတစေခြင်း၊ သဘာဝဘေးအန္တရာယ် အမျိုးမျိုးမှ ကာကွယ်ပေးခြင်း၊ ကျန်းမာရေးအတွက် ဆေးဝါးဖော်စပ်ရာတွင် လိုအပ်သလို အသုံးပြုနိုင်ခြင်း စသည့် မရေမတွက်နိုင်သော အကျိုးများကို ရရှိအောင် ကောင်းမှုကုသိုလ်ပြုနေခြင်းသာဖြစ်ပါသည်။ သစ်ပင်စိုက်နေ သည့်မြင်ကွင်းကို တွေ့မြင်ရသူများ အလွန်ပင်ဝမ်းမြောက် သာဓုခေါ်ချင်စဖွယ်ပင်ဖြစ်ပါသည်။ ထို့ကြောင့် သစ်ပင် စိုက်ပျိုးခြင်းကို တစ်နေ့ထက်တစ်နေ့ ထပ်တိုး အားထုတ် ကြပါဟု တိုက်တွန်းလိုက်ရပါသည်။

ကိုးကားထုတ်နုတ်ချက်များ

- Wikipedia
- ဘဒ္ဒန္တ ကုဏ္ဍလ (မဟာသုတဒီပနီကျမ်း– ဒုတိယတွဲ)
- ပါမောက္ခချုပ်ဆရာတော်၏ သစ်ပင်နှင့်ပုဒ္ဓတရားတော်
- တည်တောဆရာတော်ဘုရား (ယနေ့ပုဒ္ဓဝါဒဆိုင်ရာ အမေး အဖြေများ–၂)
- ရဝေန္တယ် (အင်းမ) ဆုတောင်းတွေပြည့်ဖို့

****

အဝတိလိုတိစားသူ ရှောင်ရှားရန်

"ကိုယ်ကျင့်တရား
ကောင်းမွန်မှု၊
အနာဂတ်မျိုးဆက်
လှမရ"

ဖရုံစုပ်ကျပိုး (သို့မဟုတ်) ဒေသအခေါ် ကျောက်ကျပိုး

PDF Compressor Free Version

(Stink Bug/ Water Melon Bug)

အယ်လ် . ကေဒီယွန်
ကေအုပ်ကြီး
ဝန်းကျင်/သားငှက်ဌာနခွဲ

ကမ္ဘာပေါ်ရှိအင်းဆက်ပိုးမွှား (Insecta) အုပ်စုတွင် အခွံမာပိုးတောင်မာအုပ်စု (Beetles)၊ ယင်ကောင်အုပ်စု (Flies)၊ လိပ်ပြာနှင့်ပိုးဖလံအုပ်စု (Butterflies and Moths)၊ ပျားပိတုန်း၊ နကျယ်ကောင်နှင့် ပုရွက်ဆိတ်အုပ်စု (Ants, Bees & Wasps)၊ ကျပိုးအုပ်စု (True Bugs)နှင့် ပုရစ်၊ နှံကောင်အုပ်စု (Crickets & Grasshoppers) စသဖြင့် ဂေဟစနစ်အရအရေးပါသောမျိုးစိတ်၊ အာဟာရနှင့်ဆေးဖက်ဝင်သော အင်းဆက်ပိုးမွှားမျိုးစုံမျိုးပေါင်းများစွာ ပေါက်ပွားရှင်သန်လျက်ရှိပါသည်။

မြန်မာနိုင်ငံမြောက်ဖျားပိုင်းဒေသ၏ သဘာဝတော များတွင်လည်း ဝတ်မှုန်ကူးပေးသောအင်းဆက် (Pollinators)၊ အင်းဆက်ဖျက်ပိုးများအား စားသုံးသောအင်းဆက် (Predators)၊ လက်ခံကောင်တွင် ကပ်ပါးစားသောက်နေထိုင်သော အင်းဆက် (Parasitoids)၊ အဆွေးစား၍ မြေဆီလွှာအားဖြည့်ပေးသော အင်းဆက် (Decomposers & Soil Builders) နှင့်စေးကွက် ဝင်ထွက်ကုန်များ ထုတ်လုပ်သည့်အင်းဆက် (Commercial Producers) စသည့် အကျိုးပြုအင်းဆက် (Beneficial Insects) ပိုးမွှားမျိုးစုံလင်စွာ ပေါက်ပွားရှင်သန် ကျက်စားလျက်ရှိပါသည်။ ကချင်ပြည်နယ်၊ ပူတာအိုဒေသ စေးများတွင်ရောင်းချ လျက်ရှိသော အာဟာရနှင့်ဆေးဖက်ဝင် (Food & Medicinal Values) အင်းဆက်မျိုးများစွာ ရှိသည့်အနက် ဖရုံစုပ်ကျပိုး (သို့မဟုတ်) ကျောက်ကျပိုး (Stink Bug) များသည် ဒေသခံများ၏လူမှုဘဝဖူလုံရေးအတွက် များစွာအထောက်အကူပြု လျက်ရှိပါသည်။ အဆိုပါကျောက်ကျပိုး (Stink Bug) များသည် ရာသီဥတုနှင့်အမြင့်ပေအလိုက် တောင်ပေါ်တောင် တန်းဒေသများမှ မြေပြန့်ဒေသများသို့ ရာသီဥတုဆိုးဝါးမှု ဒဏ်ကို ကျော်လွန်နိုင်ရန် ၎င်းတို့၏ ဇီဝကမ္မဖြစ်စဉ်ဖွံ့ဖြိုးမှု ပြောင်းလဲနိုင်ရေး ကြိုတင် ပြင်ဆင်သည့်အနေဖြင့် ကချင် ပြည်နယ်မြောက်ဖျားပိုင်း ချီဖွေ၊ ခေါင်လန်ဖူးဒေသနှင့် ပူတာအိုဒေသများရှိ ထူထပ်သော အမြဲစိမ်းတောများ၊ မြစ် ချောင်းကမ်းပါးတစ်လျှောက် သဲသောင်ခုံများ၊ ကျောက် ဆောင်ကျောက်တုံးများအောက်နှင့် သီးနှံစိုက်ခင်းများတွင် ဆောင်းရာသီကာလ (နိဝင်ဘာ–ဖေဖော်ဝါရီ) လများ၌ ရွှေ့ပြောင်းပျံသန်းလာကြပါသည်။ ဒေသခံတိုင်းရင်းသား ကျောက်ကျပိုးစာဆောင်းဖမ်းယူသူများသည် နှစ်စဉ်နှစ်တိုင်း ပူတာအိုဒေသရှိ မလိခမြစ်၊ မူလာချောင်း၊ နမ်စေချောင်းနှင့် အခြားမြစ်ချောင်းများတစ်လျှောက်၊ နေမဝင်ခင် ညနေစောင်း အချိန်ကာလများတွင် ရွှေ့ပြောင်း ပျံသန်းလာကြသော ထောင်သောင်းမကသော ဖရုံစုပ်ကျပိုး (သို့မဟုတ်) ကျောက် ကျပိုး (Stink Bug) အုပ်များကို ကျောက်ကျပိုးဖမ်းကိရိယာ များပြုလုပ်၍ ဖမ်းယူစုဆောင်းကြပါသည်။ အပြာရောင် ဇကာပိုက်များကို ကျောက်ကျပိုးများ ပျံသန်းလာရာလမ်းကြောင်း တစ်လျှောက် ထောင်၍သော်လည်းကောင်း၊ ဝါးလုံးတွင် ဇကာတပ်ဆင်၍သော်လည်းကောင်း၊ ကျောက်တုံးများကို ဖယ်ရှား၍လည်းကောင်း ရှာဖွေ စုဆောင်းလုပ်ကိုင်ကြပါသည်။

ပူတာအိုဒေသမနက်ခင်းစေးများတွင် ရောင်းဝယ် ဖောက်ကားနေကြသော ဒေသခံစေးသည်များနှင့် ဒေသခံ တိုင်းရင်းသားများအား ဆွေးနွေးမေးမြန်းချက်များအရ ကျောက်ကျပိုး (Stink Bug) အင်းဆက်များအား အောက်တို ဘာလမှမတ်လအထိ ဖမ်းဆီးရရှိနိုင်ကြောင်း၊ တရုတ် ကုန်သည်များမှ စေးကောင်းပေး၍ဝယ်ကြကြောင်း၊ နို့ဆီပူး (၁) ပူးလျှင် မြန်မာငွေ (၇၀,၀၀၀/–) ထိ ပေးဝယ်ကြကြောင်း၊ အထူးသဖြင့် ကျောက်ကျပိုး (Stink Bug) များ ဖမ်းယူစု ဆောင်းကြရာတွင် မျိုးမတူညီကွဲပြားသောမျိုး (၃) မျိုးရှိပြီး အရွယ်အစားသေးငယ်၍ အမည်းရောင်ရှိသည့် မျိုးစိတ် သည် အခြားသောမျိုးစိတ်များထက် တရုတ်ကုန်သည်များ စေးကောင်းပေးဝယ်သောမျိုးဖြစ်ပါကြောင်း၊ မေးမြန်းဆွေး နွေးချက်များအရ လေ့လာသိရှိရပါသည်။ ရိုးရာအစားအစာ တစ်ခုအနေဖြင့် ကြော်လှော်၍ ဟင်းရည်သောက်များတွင် ထည့်ခတ်ခြင်း၊ ငရုတ်သီး၊ ကြက်သွန်ဖြူ၊ ဟင်းခတ်အမွှေး အကြိုင်အရွက်များနှင့်ရောနှော၍ ထောင်းစားခြင်းဖြင့် ချက် ပြုတ်စားကြကြောင်း၊ ရင်ခေါင်းအတွင်းရှိ လိမ္မော်ရောင် အရည်များအား ညှစ်ထုတ်ဖယ်ရှား၍ ချက်ပြုတ်စားမှာသာ လျှင် အန္တရာယ်ကင်းကြောင်း၊ ၎င်းအရည်သည် အဆိပ်ရှိ သောအရည်တစ်မျိုးဖြစ်ပါကြောင်း၊ ဒေသခံတိုင်းရင်းသား များအတွက် ရာသီပေါ်အစားအစာနှင့်ရာသီပေါ်အသက်မွေး ဝမ်းကျောင်း လုပ်ငန်းတစ်ခုဖြစ်ပါကြောင်း ဒေသန္တရဗဟု သုတတစ်ရပ်အနေဖြင့် လေ့လာသိရှိရပါသည်။ ကျောက်ကျပိုး (Stink Bug) များ၏ ဂေဟဗေဒဆိုင်ရာအချက်အလက် များအား စုံစမ်းလေ့လာရာတွင် တချို့သော ကျောက်ကျပိုး

PDF Compressor Free Version

ဖမ်းသူများမှ ဆောင်းရာသီကာလ မိမိတို့ဒေသသို့မိတ်လိုက်ရာသီချိန် (Mating Season) နှင့် ဥ ပေးသောရာသီချိန် (Breeding Season) များတွင် အခြားဒေသမှရွှေ့ပြောင်းလာကြကြောင်း၊ တချို့သောဒေသခံများ၏ ပြောကြားချက်များအရလည်း မိမိတို့ဒေသရှိ မြစ်ချောင်းများ၏ မြစ်ကမ်းနံဘေးရှိ သဲသောင်ပြင်များနှင့်ကျောက်တုံးများအောက်၌ ဆောင်းတွင်းကာလတွင် လာရောက်နားခိုကြပြီး၊ ၎င်းတို့၏နေရင်းဒေသများသို့ ဥ အု သားပေါက်ရောက်ချိန်တွင် ပြန်လည်ပြောင်းရွှေ့သွားခြင်း ဖြစ်နိုင်ပါကြောင်း မတူညီသော ထင်မြင်ယူဆချက်များအား ဆွေးနွေးပြောကြားချက်များအရ လေ့လာမှတ်သား သိရှိရပါသည်။ သို့ရာတွင် ကျောက်ကျိုး (Stink Bug) အင်းဆက်မျိုးစိတ်နှင့်ပတ်သက်၍ ဂေဟဗေဒဆိုင်ရာအချက်အလက် မှတ်တမ်းတင်မှုအားနည်းနေသေးသည့်အတွက် တိကျခိုင်လုံသော အချက်အလက် ရရှိမှုများမှာလည်း အားနည်းနေဆဲဖြစ်ပါသည်။

သုတေသနစာတမ်းများအရ ကျောက်ကျိုး (Stink Bug) များ၏ ဘဝစက်ဝန်းမှာ ဥ (Egg Stage)၊ ပိုးတုံးလုံး(Nymph Stage) နှင့် သက်ကြီးကောင် (Adult Stage) ဟူ၍ အဆင့် (၃) ဆင့်ရှိပြီး သက်တမ်းမှာ (၁) နှစ် (ရက်ပေါင်း ၃၂၀ မှ ၃၅၀ ရက်) ခန့်ရှိပါသည်။ ကျောက်ကျိုးမျိုးစိတ်များသည် ရာသီအလိုက် တောင်ပေါ်တောင်အောက် ရွှေ့ပြောင်းကျက်စားကြသော (Sesonal Altitutional Migration) အင်းဆက်မျိုးစိတ်များဖြစ်ပါသည်။ နွေရာသီကာလ တောင်ပေါ်ဒေသတွင် ရှင်သန်ကြပြီး ဆောင်းရာသီအချိန်ကာလရောက်လျှင် ခြောက်သွေ့သော မြေနိမ့်ပိုင်းဒေသ မြစ်၊ ချောင်းများတစ်လျှောက်ရှိ ကျောက်တုံးကျောက်ဆောင်များအောက်တွင် ဆောင်းခိုနေထိုင်ကြပါသည်။ ဘူး၊ ဖရုံ၊ ဖရဲနှင့် သခွားပင်များသည် ဥ အု သားပေါက်ရန်နှင့် ခိုအောင်းနေထိုင်ရန် ၎င်းတို့ကြိုက်နှစ်သက်သော လက်ခံပင်မျိုး (Host Plants) များဖြစ်ကြပြီး ဘူး၊ ဖရုံ၊ ဖရဲနှင့် သခွားအပင်များပေါ်တွင် တွေ့ရလေ့ရှိသောကြောင့် ဖရုံစုပ်ကျိုး (Water Melon Bug) ဟု အမည်ခေါ်ခြင်းဖြစ်ပါသည်။ အကြိမ်ကြိမ်မိတ်လိုက်သည့်အလေ့အထရှိ၍ အမတစ်ကောင်သည် အကြိမ်ကြိမ် ဥ အု ချကြပါသည်။ အမတစ်ကောင်သည် တစ်ကြိမ်လျှင် ဥပေါင်း (၁၆–၂၀) လုံးခန့် လက်ခံပင် (Host Plants) များ၏ အရွက်အောက်ခြေတွင် ဥချကြပါသည်။ သက်တမ်း (၁) နှစ်၏ နွေရာသီကာလ (မေမှ သြဂုတ်) လများတွင် ဥ အု သားပေါက်မျိုးပွားကြပြီး ဆောင်းရာသီကာလများတွင် ဥ အု သားပေါက်မျိုးပွားနိုင်ဖို့ရန်အတွက် ဆောင်းခိုအနားယူကြခြင်းဖြစ်ပါကြောင်း သုတေသနစာတမ်းများအရ လေ့လာမှတ်သား သိရှိရပါသည်။

ကျောက်ကျိုး (Stink Bug) များသည် မြန်မာ့အိမ်နီးချင်းနိုင်ငံများဖြစ်သော တရုတ်၊ အိန္ဒိယ၊ နီပေါ၊ ဘူတန်နိုင်ငံများတို့တွင် ဒေသတွင်းအစားအစာနှင့် ဟင်းခတ်မှုန့်များပြုလုပ်ခြင်းစသည့် သဘာဝမှထွက်ရှိသော စားသုံးနိုင်သည့် အင်းဆက်မျိုးစိတ်အဖြစ် အသုံးဝင်လျက်ရှိပါသည်။ ချက်ပြုတ်စားသုံးနိုင်သော အင်းဆက်မျိုးစိတ်ဖြစ်သော်လည်း စားသုံးသူများအတွက် သတိမပြုမိပါက အဆိပ်အတောက်ဖြစ်စေနိုင်ပါသည်။ တချို့သောအင်းဆက်ပိုးမွှားမျိုးစိတ်များတွင် ရန်သူ၏အန္တရာယ်အား ကာကွယ်ရန်နှင့် အချင်းချင်းအချက်ပြရန်အတွက် ဆိုးဝါးသောအနံ့သို့မဟုတ် ရန်ထွက်သောအရည်များ ထုတ်လွှတ်တတ်ပါသည်။ ကျောက်ကျိုး (Stink Bug) မျိုးစိတ်များ၏ တတိယရင်ခေါင်းပိုင်းမှ ထုတ်လွှတ်သော လိမ္မော်ရောင်အရည် ဂလင်းတစ်မျိုး (Metathoracic glands) သည် အစာအဆိပ်သင့်စေနိုင်သောဓာတ် (Semiochemicals) များပါဝင်နေသောကြောင့် အခန့်မသင့်လျှင် မူးဝေအော့အန်ခြင်း၊ ဝမ်းပိုက်နာကျင်ခြင်းများဖြစ်ပေါ်နိုင်ပါကြောင်း၊ ၎င်းအရည်များအား ဦးစွာညှစ်ထုတ်ဖယ်ရှားပြီးမှသာ ချက်ပြုတ်စားသုံးရပါသည်။ အဆိုပါ အရည်ဂလင်းကြောင့် အစာအဆိပ်သင့်ပါက အစာအိမ်၊ အသက်ရှူလမ်းကြောင်းတို့အား ထိခိုက်စေပြီး အကျိုးဆက်အားဖြင့် အာရုံကြောအဖွဲ့အစည်း (Nervous System) ကိုပါ ထိခိုက်လာစေနိုင်သောကြောင့် အာရုံကြောများ ကစဉ့်ကလျားဖြစ်လာ၍ ကယောင်ကတမ်းနှင့် အမြင်အာရုံထင်ယောင်ထင်မှားဖြစ်ခြင်းစသည့် ရောဂါလက္ခဏာများ ဖြစ်ပွားလာတတ်ပါသည်။ ထိုသို့ အစာအဆိပ်သင့်မှုဖြစ်ပွားပါက ဆရာဝန်၏ညွှန်ကြားချက်ကိုခံယူ၍ အင်းဆက်ပိုးမွှားများဆိုင်ရာ ဆေးဝါးကုထုံးများဖြင့် ကုသခံယူရပါသည်။

ကျောက်ကျိုးမျိုးစိတ်ဆိုင်ရာ ဒေသခံတိုင်းရင်းသား ကျောက်ကျိုးကောက်သူများ၊ ရောင်းဝယ်ဖောက်ကားသူများနှင့် စားသုံးသူများအား ဆွေးနွေးမေးမြန်းချက်နှင့် မှတ်တမ်းဓာတ်ပုံများအရလည်းကောင်း၊ သုတေသနစာတမ်းများကို ဖတ်ရှုလေ့လာသုံးသပ်ခြင်းအားဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံမြောက်ဖျားပိုင်း၊ ပူတာအိုဒေသတွင် ကျရောက်သည့် ကျောက်ကျိုးမျိုးစိတ်များသည် မြန်မာနိုင်ငံ၏အိမ်နီးချင်းနိုင်ငံများဖြစ်သော တရုတ်၊ အိန္ဒိယနိုင်ငံများတွင် ကျက်စားရှင်သန်သည့်မျိုးစိတ်များဖြစ်သော Coridius chinensis၊ Coridius nepalensis နှင့် Coridius singhalanus စသည့် မျိုးစိတ် (၃) မျိုး ကျရောက်ကျက် စားနိုင်ပါကြောင်း၊ မိမိအနေဖြင့် စုဆောင်းရရှိသော နမူနာမျိုးစိတ်များနှင့်

PDF Compressor Free Version

မှတ်တမ်းတင်ခြင်းအားဖြင့် သေသေချာချာ လေ့လာနိုင်ခဲ့ကြသည်။ ထိုသို့ လေ့လာခဲ့ရာတွင် ပိုးမွှားများ၏ ခန္ဓာဗေဒဆိုင်ရာ လက္ခဏာ (Morphological Characteristics) များကို ရှုမြင်သုံးသပ်ခြင်းအပြင် ဓာတုဗေဒဆိုင်ရာ အရေသော်လည်းကောင်း၊ ဒေသတွင်းရောင်းဝယ်ဖောက်ကားမှု အဆင့်အတန်းနှင့်ဒေသခံများ၏ ဆွေးနွေးပြောကြားချက်များအား အခြေခံ၍ သော်လည်းကောင်း၊ ကျောက်ဂျိုးနှင့်ပတ်သက်၍ ပြည်ပသုတေသနပညာရှင်များ၏ သုတေသနစာတမ်းရလဒ်များအရ သော်လည်းကောင်း မျိုး (၂) မျိုးကိုသာ မျိုးခွဲခြားလေ့လာ မှတ်သားဖော်ပြထားပါသည်။

အစားအစာ (Food) သည် သက်ရှိများ၏ အသက်ရှင်သန်မှုအတွက် အရေးအကြီးဆုံး အခြေခံလိုအပ်ချက်ဖြစ်ပါသည်။ လူသားများ၏အသက်ရှင်သန်မှုအတွက် အစာအရင်းအမြစ် (Food Source) များကို သဘာဝတောအတွင်းမှ အပင်မျိုးစိတ်များ (Plant Species)၊ မှိုမျိုးစိတ်များ (Mushroom Species) နှင့်တောရိုင်းတိရစ္ဆာန် (Wildlife) များအား တိုက်ရိုက် (Directly) သုံးစွဲခြင်းအားဖြင့်သော်လည်းကောင်း၊ သွယ်ဝိုက် (Indirectly) သုံးစွဲ၍သော်လည်းကောင်း စဉ်ဆက်မပြတ် ထောက်ပံ့ပေးလျက်ရှိပါသည်။ ၎င်းအစာ အရင်းအမြစ်များအပြင် အင်းဆက်ပိုးမွှားများသည် လူသားများအတွက် အစားအစာနှင့် ထွက်ကုန်များထုတ်လုပ်ပေးခြင်း (Food Production)၊ စိုက်ပျိုးရေးလုပ်ငန်းများတွင် ပံ့ပိုးပေးခြင်း (Agriculture Support)၊ အာဟာရနှင့်ကျန်းမာရေးအတွက် ပံ့ပိုးပေးခြင်း (Nutrients & Heaths) နှင့် သဘာဝတောများနှင့်ဂေဟစနစ်များအား ညီညွတ်ကောင်းမွန်စေရန်ပံ့ပိုးပေးခြင်း (Healthy Natural & Ecosystems) များဖြင့် များစွာအထောက်အကူပြုလျက်ရှိပါသည်။ ဖော်ပြပါ ကျောက်ဂျိုး (Stink Bug) များသည် အထောက်အကူပြု အင်းဆက်မျိုးတွင် ပါဝင်ပြီး ပူတာအိုဒေသရှိ ဒေသခံများအတွက် ရာသီစာ (သို့မဟုတ်) ရာသီကာလအတွင်း အသက်မွေးဝမ်းကျောင်းလုပ်ငန်းတစ်ခုအဖြစ် လူနေမှုဘဝဖူလုံရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုပေးလျက်ရှိပါကြောင်း ကျောက်ဂျိုး (Stink Bug) အင်းဆက်ပိုးမွှားများမှ ရရှိသော ဂေဟစနစ် ဝန်ဆောင်မှု အကျိုးကျေးဇူးအကြောင်းအား ဗဟုသုတတစ်ရပ်အနေဖြင့် ရေးသားပြုစုလိုက်ရပါသည်။



မှီငြမ်းကိုးကားချက်။

- Original Research Article Species of Tari in Arunachal Pradesh: Morphology, Ecology and Toxicity of Entomophagy
- Ethno-entomotherapeutic and metabolite profiling of Coridius chinensis (Dallas), a traditional edible insect species of North-East India

****

သစ်တောကြေးမုံ စာမူများ ဖိတ်ခေါ်ခြင်း

သစ်တောဦးစီးဌာနမှ သစ်တောကြေးမုံစာစောင်အား လစဉ် ပုံမှန်ဖြန့်ချိလျက်ရှိပါသည်။

စာစောင်တွင် ဖော်ပြနိုင်ရန် အထိမ်းအမှတ်နေ့၊ သစ်တောပညာ၊ သစ်တောလုပ်ငန်းများ၊ သုတေသန၊ စီမံကိန်းများ၊အခြားကဏ္ဍဆိုင်ရာ သိမှတ်ဖွယ်ရာ ဆောင်းပါး၊ ကဗျာ၊ ကာတွန်း စာမူများအား မြန်မာ သို့မဟုတ် အင်္ဂလိပ်စာဖြင့် ရေးသား၍ တိုးချဲ့ပညာပေးရေးဌာနခွဲ အီးမေးလ် fdextension39@gmail.com သို့ ရေးသားပေးပို့နိုင်ပါသည်။

An Old Forester Looks Back. (50) – Introduction of Vetiver Grass in Myanmar

PDF Compressor Free Version

By

U Sein Thet, B.Sc (For), M.Sc (ANU), MIFA.
Director (Retired), Ex-Chairman, FREDA.

Vetiver is an Asian plant, probably native to a lowland, Swampy area. For several centuries Vetiver has been commercially cultivated for the scented oil that can be distilled from its roots. Thailand in a very short time, is moving very fast in its use of Vetiver Grass for soil and moisture conservation. In the past few years Thailand has made significant progress in the use of Vetiver Grass Technology (VGT). On the request of HDI - E Watershed Project (MYA/96/007) through FAOR Office, Bangkok, three members Vetiver Grass Introduction Mission, Dr, Narong Chomchalow (Pacific Rim Vetiver Network, Office of the Royal Development Project Board), Dr. Weerachai Nanakorn (Queen Sirikit Botanical Garden) and Dr. Uthai Charanasri (Doi Tung Development Project) visited Myanmar form 12 June 1999 to 19 June 1999, for introduction of Vetiver Grass Technology.

Vetiver Grass Plantlets are delivered to Watershed Project (MYA/96/007) from Doi Tung Development Project Co-ordination Centre, Mae Fah Lung Foundation, Chiang Rai, Thailand. On 7 June 1999, at about 13;00 p.m., Mr. Chot Thungpure delivered to National Consultant (U Sein Thet), 100 bags of 170,000 larger size plantlets (FOB Maesai – 255,976.00 Bahts) to be ship by car and 10 bags of 20,000 smaller size plantlets (FOB Maesai – 30,050.00 Bahts) to be shipped by air. At Custom House Compound, Maesai, the plantlets are transferred form Doi Tung Project Truck to rented truck. For crossing the border, Mr. Chot helped at Thai side and U Win Naing, Township Forest Officer, Tachileik gave help for formalities at Myanma Side. Rented truck with 100 bags of larger size plantlets left Tachileik, the same day and arrived Taunglaylone (Taunggyi) on 12 June 1999 (5 days journey). 20 bags of smaller size plantlets shipped by air arrived Taunglaylone on 8 June 1999. Leven varieties of Vetiver grass (20 plantlets each) and smallest size 10,000 plantlets, carried by Mission arrived Taunglaylone on 13 June 1999.

One day Vetiver Grass Technology Training and Demonstration was organized at Taunglaylone Nursery on 14.06.99, followed by slide show at Taunggyi Project Office. Twenty-Five Senior Project Officials including CTA attended the training and UNDP - ARR shown up as observer. Training outline included the following topics.

1. Introduction

- 1.1 Historical Background
- 1.2 The Role of the World Bank
- 1.3 The Role of His Majesty the King of Thailand
- 1.4 The Role of the Royal Development Projects Board (of Thailand)

2. Basic Knowledge on Vetiver

- 2.1 Origin and Distribution
- 2.2 Botany of Vetiver
- 2.3 Species, Varieties and Ecotypes of Vetiver

3. Multiplication of Vetiver

- 3.1 Conventional Methods
- 3.2 Tissue Culture Technique
- 3.3 Bare Root Technique
- 3.4 Dibbling Tube Technique
- 3.5 Strip Technique

4. Large-scale Production of Plantation Materials

- 4.1 On the Upland Areas
- 4.2 On the Paddy Fields

PDF Compressor Free Version

5. *Special Features of Vetiver*

5.1 Unique Root System

5.2 Drought Tolerance

5.3 Tolerance to Toxic Substances

5.4 Living Nail

5.5 Living Wall or Barrier

5.6 Living Dam

6. *Utilization of Vetiver*

6.1 Soil Erosion Control

6.2 Soil Moisture Conservation

6.3 Maintenance and Improvement of Water Quality

6.4 Slope Stabilization

6.5 Gully Stabilization

6.6 Prevention of Sedimentation

6.7 Reclamation of Deteriorated / Contaminated Soils

6.8 Breaking through Hardpan Soils

6.9 Improvement of Soil Fertility

6.10 Food Erosion Control

Vetiver Grass Introduction Mission also advise and oversee the introduction of 200,000 Vetiver grass plantlets in the fie project townships with the following itinerary.

13 June 1999 Yangon – Heho By Yangon Airways (HK 001) (07:00 – 8:00)

Heho/Taunggyi By Car

* Demonstration and Training at Lwenyeint, Nyaung Shwe Township.

Nightstop at Taunggyi.

14 June 1999 Taunggyi – Taunglaylone – Taunggyi By Car

* Demonstration and Training at Taunglaylone Nursery

Nightstop at Taunggyi.

15 June 1999 Taunggyi – Thegone – Pindaya By Car

* Demonstration at Thegone, Kalaw Township.

Nightstop at Pindaya.

16 June 1999 Pindaya – Kalaw By Car

* Demonstration at Htetun and Pawnu, Pindaya Township.

Nigthtstop at Kalaw.

17 June 1999 Kalaw – Ywangan – Kalaw (Group 1) By Car

* Demonstration at Ywangan

Kalaw – Pinlaung – Kalaw (Group 2)

* Demonstration at Pinlaung.

Nightstop at Kalaw.

Two types of Trial Planting are carried out according to the instruction of the Mission at Taunglaylone Nursery. One of trial planting is following (11) varieties of Vetiver, 20 plantlets each to test the performance.

1. VETIVERIA ZIZANIDIODES INDIA FROM H.M THE KING
2. VETIVERIA ZIZANIDIODOES PROVINANCE KOH PA – NGAN SURATTHANI PROVINCE
3. VETIVERIA ZIZANIDIODES
4. VETIVERIA ZIZANIDIODES PROVINANCE HUAYKHAKAUNG UTHAITHANI PROVINCE
5. VETIVERIA ZIZANIDIODES SRILANKA
6. VETIVERIA NEMORALIS PROVINANCE PIMAI NAKORNRAJASIMA PROVINCE
7. VETIVERIA ZIZANIDIODES PROVINANCE PA – YAO PROVINCE
8. VETIVERIA ZIZANIDIODES KHAO -KHO SELECTION
9. VETIVERIA ZIZANIDIODES SURATTHANI SELECTION
10. VETIVERIA ZIZANIDIODES PROVINANCE RATBURI PROVINCE
11. VETIVERIA ZIZANIDIODES PROVINANCE

Total of Ks.307,680/- are spent of Vetiver Grass Project as follows: -

PDF Compressor Free Version

		Kyats
1.	Site Preparation	9200
2.	Transportation of Vetiver Grass	198000
3.	Training and Demonstration	49670
4.	Introduction of Vetiver Grass in Project Nursery	7060
5.	Daily Subsidence Allowances	43750
	TOTAL	**307680**

All distributed Vetiver Plantlets planting were done in project nurseries and field sites within the five project townships. The following follow up, and recording had been done regularly.

- ✓ Observe growth of each treatment of spacing trial plots at the end of every month.
- ✓ Observe growth and performance of variety trial plots at the end of every month.
- ✓ Observe the growth and performance of planting out plantlets planted on contour bunds within the five project townships.
- ✓ Data collection on number of tillers per plots of each treatment of spacing trial plats after 6 months of planting.
- ✓ Collect the plantlets and tillers when ever available from propagation beds and transplant the plantlets in the gullies within the project area before the rainy season ends.
- ✓ Multiplication of plantlets after 6 months of planting (i.e. November) in Nursery for following planting season.
- ✓ Regular check and encourage farmers to do multiplication of Vetivers planted on Contour bunds withing the five project townships.



အာဘိုးလေးပြောတဲ့ မှတ်စရာ

''ဘိုးလေးတို့ငယ်ငယ် တစ်ခေတ်တစ်ခါက ကျေးရွာဥက္ကဋ္ဌတစ်ယောက်ဟာ ရွာမှာ တော်တော်လေးအာဏာပြတော့ ရွာသားတွေက သူ့ကိုသိပ်မကြည်ကြဘူး။ ချစ်လို့ကြောက်တာ မဟုတ်ဘဲ ရွံလို့ကြောက်နေကြမှန်း ဥက္ကဋ္ဌကိုယ်တိုင်လည်းသိပုံရတယ်ကွဲ့။ တစ်နေ့ ရွာမှာ အစည်းအဝေးလုပ်တော့ ဥက္ကဋ္ဌက ရွာအကြီးအကဲလုပ်ရတာ ချစ်သူထက် မုန်းသူများကြောင်းပြောရင်း– 'ခုချိန်ခါငါသေရင် မုန်းတဲ့သူတွေက ငါ့မြေပုံမှာ တံတွေးလာထွေးမလား မသိဘူး' လို့ ညည်းတွားပြသတဲ့။ အဲဒီနောက် လူအုပ်အစွန်မှာထိုင်နေတဲ့ ချက်ဖောင်းကို အမည်ခေါ် လက်ညှိုးထိုးပြီး 'ဟေ့ကောင် ချက်ဖောင်းမင်းလည်း... ငါ့စကားဆို အမြဲပေယျာလကန်လုပ်၊ လစ်ရင်လစ်သလို တောအရက်ခိုးချက်နဲ့။ မင်းလည်း ငါ့မြေပုံမှာ ဘယ်လိုလာလုပ်လေမလဲ' လို့ မေးလိုက်ရော။ အဲဒီမှာ ချက်ဖောင်းက...''

''ဦးချက်ဖောင်းက ဘာပြန်ပြောလို့လဲ ဘိုးလေး'' လို့ ကျွန်တော်ကမေးတော့ အဘိုးလေးက ပြုံးပြီး ဆက်ပြောပါတယ်။

''ချက်ဖောင်းက– 'အမတော်ကြေးလေးရဖို့လည်း တန်းစီရ၊ တာဝန်ကျစပါးသွင်းဖို့လည်း တန်းစီရ၊ ဝမ်းစာကြိတ်ဖို့လည်း တန်းစီရ၊ သမဆိုင်မှာလည်း တန်းစီရ၊ ရေဘေးထမင်းထုပ်ဝေရင်လည်း တန်းစီရနဲ့ အင်း... ဒီလောက်တန်းစီရတဲ့အလုပ်တွေများတာ စိတ်ကုန်လွန်းလို့ ဥက္ကဋ္ဌမြေပုံမှာ တံတွေးထွေးမယ့် လူအုပ်ကြီးထဲ ကျုပ်တန်းမစီချင်တော့ပါဘူးဗျာ' လို့ ပြန်ပြောလိုက်သတဲ့။ အဲဒီစကားနဲ့ တင် ဥက္ကဋ္ဌလည်း ဘာမှဆက်မပြောနိုင်တော့သလို အစည်းအဝေးလည်း အဆုံးသတ်သွားတော့တာပဲ''

ကျွန်တော့်အဘိုးရဲ့ညီ၊ အဘိုးလေးဆီ ရောက်တဲ့အခါတိုင်း အခုလို ဥပမာပေးပြီး မှတ်သားစရာစကားကောင်းတွေကြားရတတ်ပါတယ်။

''အင်း... မောင်ရင်လည်း သစ်တောဌာနက တောအုပ်ကြီး၊ သစ်တောဝန်ထမ်းဆိုတော့ မလွဲမသွေ အများနဲ့ဆက်ဆံရမှာ။ အများအကျိုးဆောင်ရွက်လည်း လူအများကို ကိုယ်လိုရာ စီမံခန့်ခွဲရာမှာ ကိုယ့်သမိုင်းကြောင်းကောင်းဖို့– **'အများအကျိုး၊ ရွက်သယ်ပိုးက၊ ခနိုးခနဲ၊ ဆိုကဲ့ရဲ့လည်း၊ မဖဲ့မစောင်း၊ ကိုယ့်လမ်းကြောင်းကို၊ စိတ်ကောင်းနဲ့ယှဉ် ရှေ့ရှုနှင်လော'** ဆိုတဲ့ ရွှေကျင်နိုကာယဥက္ကဋ္ဌသာသနာပိုင် ရွှေဟင်္သာဆရာတော်ဘုရားကြီးရဲ့ အဆုံးအမကို အမြဲနှလုံးသွင်း လိုက်နာရမယ်ကွဲ့''

ဒါကတော့ ကျွန်တော်တောအုပ်ကြီးဖြစ်၊ အဘိုးလေးဆီက ကြားနာခဲ့ရတဲ့၊ ယနေ့တိုင် အလုပ်ခွင်မှာ လက်ကိုင်ထားဆဲဖြစ်တဲ့ အဘိုးလေးရဲ့ မှတ်သားစရာ စကားလက်ဆောင်ပဲ ဖြစ်ပါတယ်။

အုန်းလွင်လေး ရေးသားပေးပို့သည်။

****

PDF Compressor Free Version

သဘာဝစိတ်ဝင်းစားဖွယ် အောင်းတျိုးဖြူသော ခရုစုပ်ငှက်များ အကြောင်း



ဇသန်းလွင် (ဝဋ္ဌာရေး)

ခရုစုပ်ငှက်များကို မြန်မာနိုင်ငံအနှံ့အပြားရှိ အင်း၊ အိုင်များ၊ အမျိုးသားဥယျာဉ်များ၊ သဘာဝထိန်းသိမ်းရေးနယ်မြေများနှင့် ရေဝေဒေသများနှင့်ကမ်းရိုးတန်းများတွင် တွေ့ရလေ့ရှိသည်။ ခရုစုပ်ငှက်များသည် အင်း၊ အိုင်များတွင် အုပ်စုလိုက်နေထိုင်ကျက်စားလေ့ရှိကြသည်။ မြန်မာနိုင်ငံတွင် အင်းတော်ကြီး ဘေးမဲ့တော၊ အင်းလေးကန်၊ မိုးယွန်းကြီးအင်းဘေးမဲ့တောများ ဖြစ်သည့် ရေဝပ်ဒေသထိန်းသိမ်းရေး နယ်မြေများ၌ ခရုစုပ်ငှက်နှင့် အခြားရေပျော်ငှက်များ ကျက်စားကြသည်။

ခန္ဓာကိုယ်ပုံသဏ္ဌာန်

ခရုစုပ်ငှက်ကို ခရုတုတ်ငှက်ဟုလည်း ခေါ်ဆိုကြပြီး နှုတ်သီးကြီးများကာ နှုတ်သီးအလယ်ပိုင်းတွင် ဟ နေသည်။ ခန္ဓာကိုယ်အလျား ၃၀ မှ ၃၂ လက်မခန့်အထိရှိသည်။ ရေချိုခရုများကို ကြိုက်နှစ်သက်သည့်ငှက်ဖြစ်သောကြောင့် ခရုစုပ်ငှက်ဟုခေါ်ခြင်းဖြစ်သည်။ ခရုစုပ်ငှက်သည် ကြာရှည်စွာ ပျံသန်းနိုင်သော ဆောင်းခိုငှက်တစ်မျိုးလည်းဖြစ်သည်။



ခရုစုပ်ငှက်၏သဘာဝ

ခရုစုပ်ငှက်သည် ပျံသန်းနေစဉ် ဖြူဖွေးသော နောက်ပိုင်းကို ထင်ရှားစွာ တွေ့မြင်နိုင်သည်။ အသံမှာ ကျယ်လောင်၍ သာယာပေသည်။ တေးလည်း ဆိုတတ်သည်။ သို့သော် မြန်မာနိုင်ငံ၌ကား ထိုငှက်သည်တေးကို တစ်ပိုင်း တစ်စသာ ဆိုတတ်၍ ထိုတေးသံကို ညဖက်တွင်သာ ကြားရတတ်သည်။ ''ကွပ်၊ ကွပ်'' ဟုလည်းကောင်း၊ ''ကရူး၊ ကရူး'' ဟုလည်းကောင်း အော်တတ်သည်။ ဤခရုစုပ်ငှက်များသည် မြစ်ကမ်းခြေတစ်လျှောက်ရှိ လဟာပြင်တွင် ကျက်စားလေ့ရှိသည်။ ပျံသန်းရာတွင် လျှင်မြန်သည်။ သို့သော် တောင်ပံချင်း ဖြည်းညင်းစွာရိုက်၍ ပျံတတ်သည်။ ရေတိမ်ထဲတွင် လမ်းလျှောက်၍ အစာရှာဖွေသည်။ ယင်းတို့သည် အုပ်သင်းဖွဲ့၍ နေမြဲဖြစ်သော်လည်း၊ တစ်ကောင်ချင်း နေသည်ကိုလည်း မကြာမကြာ တွေ့ရတတ်သည်။ ရေကောင်းစွာ ကူးနိုင်သည်။ သို့သော် ချောင်းမြောင်းကိုဖြတ်သည့်အခါမှာ ရေကူး၍ သွားလေ့ရှိသည်။ အဆိုပါ ခရုစုပ်ငှက်မျိုးသည် အခြားနိုင်ငံ၌ သားပေါက်၍ မြန်မာနိုင်ငံသို့ ဆောင်းရာသီကျမှ လာရောက်ကျက်စားလေ့ရှိသည်။

မြန်မာနိုင်ငံတွင်တွေ့ရသော ခရုစုပ်ငှက်များ

မြန်မာနိုင်ငံတွင် ခရုစုပ်ငှက် (၂) မျိုးကို တွေ့ရှိရသည်။ ၎င်းတို့မှာ-

(၁) ခရုစုပ်ငှက်အဖြူနှင့်

(၂) ခရုစုပ်ငှက်အနက်တို့ဖြစ်သည်။

PDF Compressor Free Version

(၁) ခရုစုပ်ငှက်အဖြူ

ခရုစုပ်အဖြူ(ကြီး) အလျားလက်မ ၃၆ မှ ၄၂ ခန့် ရှိ၍ တောင်ပံဖျားပိုင်းက အနက်ရောင်ရှိသည့် အဖြူရောင် ငှက်မျိုးဖြစ်သည်။ အကောင်ကြီးလာလျှင် ဦးခေါင်းနှင့် လည်တိုင်တွင် အမွေးမရှိတဲ့ ပြောင်နေသည်။ ငှက်ငယ်များသည် ဦးခေါင်းနှင့် လည်ကုပ်ညို၍ လည်တိုင်၌ အမွေးဖြူအတို ကလေးများ ပေါက်နေသည်။ ခရုစုပ်အဖြူသည် လယ်တော၊ စိမ့်တောနှင့် ရွှံ့ပေါသော မြစ်ကမ်းပါးများတွင် ကျက်စား၍ အထူးသဖြင့် ရေဝပ်၍ သစ်ပင်ချုံပုတ်ထူပြောသည့် နေရာမျိုးကို နှစ်သက်သည်။ မကြာမကြာလည်း ပင်လယ်ကမ်းစပ်သို့ သွားရောက်တတ်ရာ တစ်ခါတစ်ရံ အကောင် ၁၀၀ နီးပါးပါသော ခရုစုပ်ငှက်အဖြူအုပ်ကြီးကို တွေ့မြင်ရတတ်သည်။



ယင်းတို့သည် ခြေတံရှည်ဖြင့် ရေထဲ၌လျှောက်၍ ပုစွန်၊ ကဏန်း၊ ခရုနှင့်ငါးများကို ရှာဖွေစားသောက်ပြီးနောက် အစာဝသည့်အခါ ရေတိမ်တွင်ဖြစ်စေ၊ ကမ်းစပ်တွင်ဖြစ်စေ၊ ရေဝပ်ရှုံ့ပေါ်တွင်ဖြစ်စေ နားနေတတ်သည်။ ခရုစုပ်ငှက်အဖြူ၏ အသံမှာ လှိုက်သံပါ၏။ ခရုစုပ်ငှက်သည် ပျံသောအခါ ရှေ့တွင် နှုတ်သီးနှင့် လည်ကိုဆန့်၍ နောက်တွင် ခြေနှစ်ချောင်းကိုတန်းပြီးပျံတတ်သည်။ အုပ်လိုက်ပျံသန်းလျှင် မြွားဦးသဏ္ဌာန် ပျံသန်းတတ်သည်။ ခရုစုပ်အဖြူသည် မိုးဥတုအတွင်း သားပေါက်၍ အသိုက်ကို သစ်ပင်ပေါ်၌ တုတ်ချောင်းများဖြင့် ပြုလုပ်တတ်သည်။ တစ်မြို့လျှင် ရှည်မြောလ်ထိပ်ခွန်သော ဥ ၂ လုံးမှ ၄ လုံးအထိ ရှိတတ်ပြီးလျှင် ဥအရွယ်မှာ အလျား ၂.၅၀ လက်မနှင့် ပြက် ၁.၇၀ လက်မခန့်ရှိသည်။ ဤငှက်မျိုးကို အိန္ဒိယ၊ မြန်မာ၊ တရုတ်နှင့် ဂျပန်နိုင်ငံတို့တွင် တွေ့ရသည်။

(၂) ခရုစုပ်ငှက်အနက်

ခရုစုပ်အနက်ကို တွေ့မြင်ဖူးသူနည်းပေလိမ့်မည်။ အလျားလက်မ ၃၀ ခန့်ရှိပြီး ခရုစုပ်အဖြူနှင့် ရွယ်တူပင်ဖြစ်သည်။ သို့သော် တစ်ကိုယ်လုံးမည်းနက်နေသည်။ ဦးခေါင်းတွင် အမွေးမရှိဘဲပြောင်နေ၍ နှုတ်သီး၌ အပြာရောင်သန်းနေပြီးလျှင် ခြေထောက်များမှာ သန္ဓာရောင်ခပ်ဖျော့ဖျော့နီလျက်ရှိသည်။ ငှက်ငယ်များမှာ ခရုစုပ်အဖြူကလေးများနှင့် ဘာမျှမခြားပေ။ ခရုစုပ်အနက်သည် အအုပ်အသင်းနှင့်မနေဘဲ တစ်ကောင်ချင်း သော်လည်းကောင်း၊ ဖိုမနှစ်ကောင်တွဲသော်လည်းကောင်း နေတတ်သည်မှလွဲ၍ ယင်းတို့၏ အလေ့အကျင့်နှင့် အစာမှာ ခရုစုပ်အဖြူနှင့် အတူတူလိုပင်ဖြစ်သည်။ ရွှံ့မွှက်တောနှင့် ချောင်းကမ်းပါးများတွင် ကျက်စား၍ နွေရာသီတွင် မီးရှို့ပြီး လယ်ကွင်းများ၌ အနေများသည်။ ဤငှက်သည် မြေကြီးပေါ်၌ အပူတပြင်းအစာရှာဖွေလေ့ရှိ၍ အခြားမျိုးတူငှက်များကဲ့သို့ အေးဆေးစွာ နေတတ်သောငှက်မဟုတ်ချေ။ သစ်ပင်ပေါ်၌ အိပ်တန်းနားတတ်သည်။ တစ်ကွဲတစ်ပြားစီ အစာရှာဖွေရာမှ အိပ်တန်းသို့ပြန်သောအခါ အအုပ်အသင်းနှင့်ပျံတတ်သည်။ လှည်းထောက်ခွသဏ္ဌာန် ပျံသန်းလေ့ရှိသည်။ မြေမှပျံတက်စဉ် မသာမယာအသံအောဖြင့် အော်မြည်တတ်သည်။ သားပေါက်ချိန်တွင် အော်သံမှာမူထူခြားပြီးလျှင် ၂ မိုင်ခရီးလောက်မှကြားနိုင်လောက်အောင် ကျယ်လောင်လှုပ်လေသည်။ ဤငှက်မျိုး၏ သားပေါက်ချိန်မှာ ဖေဖော်ဝါရီလနှင့် မတ်လဖြစ်သည်။

အသိုက်မှာ ကြိုးများ၍ ယင်းတို့ကို တုတ်ချောင်းများဖြင့် ပြုလုပ်ထားကာ အတွင်းဘက်၌ မြက်၊ ကောက်ရိုး၊ အမွေးအတောင် အဝတ်စများဖြင့် ခံထားသည်။ အသိုက်ကိုများသောအားဖြင့် မြင့်မားသောသစ်ပင်ထိပ်ဖျားတွင် ထီးတည်းဆောက်လုပ်လေ့ရှိသည်။ တစ်ခါတစ်ရံတွင် စွန်နှင့်သိမ်းတို့၏ အသိုက်ဟောင်းများကိုပြုပြင်၍ သုံးစွဲလေ့ရှိသည်။ လက်ပံပင်ပေါ်၌ အသိုက်လုပ်တတ်သည်။ တစ်မြို့လျှင် ဥ ၃၊ ၄ လုံးရှိတတ်သည်။ ဥများမှာ ရှည်မျောကြွင်းတမ်း၍ အစိမ်းရောင်သန်းနေသည်။ တစ်ခါတစ်ရံ ဥတချို့တွင် အဝါရောင် သို့မဟုတ် ဝါညိုအစက်အပြောက်များသော်လည်းကောင်း၊ အစင်းများသော်လည်းကောင်း ပါတတ်သည်။ ဥအရွယ်မှာ ပျမ်းမျှအလျား ၂.၄၀ လက်မ၊ ပြက် ၁.၃၀ လက်မရှိသည်။ ခရုစုပ်ငှက်အနက်ကို အိန္ဒိယ၊ မြန်မာနှင့် ထိုင်းနိုင်ငံတို့တွင်တွေ့ရသည်။



PDF Compression Free Version

ငှက်ကျားမျိုးဝင် ခရုစုပ်ငှက်များ

အခြားငှက်မျိုးစုများနှင့် မတူသောအချို့ ပါဝင်သည့် ခရုစုပ်ငှက်ဟူ၍ ရှိသေးသည်။ ဤငှက်၏ ထူးခြားချက်မှာ အပေါ်နှုတ်သီးရိုးနှင့် အောက်နှုတ်သီးရိုးနှစ်ခုတို့သည် အရင်းနှင့်အဖျားထိ၍နေသော်လည်း အလယ်တွင် နှုတ်သီးမစေ့ဘဲ တိုးရိုပေါက် မြင်ရသည်။ ထို တိုးရိုပေါက်ကို ပုံသန်းရာ၌ပင် ကောင်းစွာမြင်နိုင်သဖြင့် ထိုငှက်ကို အခြားငှက်များနှင့်မှားရန် ခဲယဉ်းလှပေသည်။



ဤငှက်သည် မြစ်ချောင်း၊ ရေအိုင်နှင့်စိမ့်မြေများတွင် ကျက်စားသည်။ အုပ်သင်းဖွဲ့နေတတ်၍ မြင့်မားစွာ ပျံဝဲနေတတ်သည်။ အဓိကအစာမှာ ရေချိုခရုမျိုးဖြစ်၍ ခရုကိုချေပြီးမှ မျိုချသည်။ သစ်ပင်များပေါ်တွင်လည်း နားနေတတ်၍ တစ်ကောင်နှင့်တစ်ကောင် နှုတ်သီးချင်းရိုက်ကာ ကျီစယ်မြူးထူးနေလေ့ရှိသည်။

သားပေါက်ခြင်း

ခရုစုပ်ငှက်မျိုးသည် မိုးရာသီအတွင်း သားပေါက်ကြသည်။ မောင်နှံစုံ ၄၀၀ မှ ၅၀၀ အထိ တစ်နေရာတွင် စုရုံးသားပေါက်ကြသည်။ အသိုက်ကို တုတ်ချောင်း၊ မြက်၊ သစ်ရွက်တို့ဖြင့် ဆောက်လုပ်ကြ၍ သစ်ပင်တစ်ပင်၌ အသိုက်ပေါင်း ၆၀ ခန့်မျှ ရှိတတ်သည်။ တစ်မြို့လျှင် ၃၊ ၄ ၅ လုံးခန့် ရှိတတ်သည်။ ဥသည် ရှည်မျောရ၍ ဥ အုခါစ၌ ဖြူဖွေးပြီး နောက်တွင် တဖြည်းဖြည်း ညိုမည်းသွားသည်။ ဥအရွယ်မှာ ပျမ်းမျှအလျား ၂.၃၀ လက်မနှင့် ပြက် ၁.၆၀ လက်မ ရှိလေသည်။

လယ်သမားများအတွက် အကျိုးပြုပုံ

ခရုစုပ်ငှက်များသည် လယ်သမားများအတွက် တိုက်ရိုက်အကျိုးပြုသောငှက်များဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ယနေ့ခေတ်တွင် စပါးစိုက်တောင်သူများ၏ စပါးစိုက်ခင်းများကို ပိုးမွှားရောဂါများထက် ရွေ့ခရုပို၍ ဒုက္ခပေးကြသည်။ တချို့စပါးပျိုးခင်းများဆို ရွေ့ခရုကိုက်သဖြင့် အခင်းလိုက် ပျက်စီးဆုံးရှုံးမှုများရှိသည်။ ရွေ့ခရုများ လယ်ထဲရောက်လာလျှင် နှိမ်နင်းဖို့ခက်သည်။ သို့သော်လည်း ခရုစုပ်ငှက်များက ရွေ့ခရုကို ကောင်းကောင်းနိုင်သည်။ ခရုစုပ်ငှက်အုပ်စုလိုက် လယ်ကွင်းထဲဆင်းပြီး ယင်းတို့၏နှုတ်သီးပြားများနှင့် ရွေ့ခရုများကို တစ်ကောင်ချင်းစားသောက်ပစ်ပြီး နှိမ်နင်းပေးသည်။ ခရုစုပ်ငှက်များမှာ လယ်ကွင်းထဲမှ ရွေ့ခရုများကို ရှင်းပေးပြီးကတည်းက ယင်းငှက်များမှာ လယ်သမားများကို အကျိုးပြုသောငှက်၊ တစ်နည်းအားဖြင့် ကျေးဇူးရှင်ငှက်ဆိုသည်ကို လယ်သမားများ ကောင်းကောင်းသိသွားကြသည်။

ကာကွယ်ထိန်းသိမ်းခြင်း

ခရုစုပ်ငှက်မျိုးစိတ်များသည် လယ်ကွက်အတွင်းရှိ စပါးဖျက်ခရုများကို စားသောက်ဖျက်ဆီးပေးသဖြင့် တောင်သူဦးကြီးများအတွက် အကျိုးပြုသည့်ငှက်များဖြစ်သည့်အပြင် လူနှင့်ရင်းနှီးပြီး အနီးကပ်သွားလာနေထိုင်မှုများရှိနေသဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနမှ ခရုစုပ်ငှက်အပါအဝင် ရှားပါးငှက်မျိုးစိတ်များကို ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်စေရေးအတွက် ၎င်းငှက်များ လာရောက်ကျက်စားရာဒေသများတွင် ဖမ်းဆီးသတ်ဖြတ်ခြင်း မပြုရန်နှင့် ပြည်သူများ ပိုမိုသိရှိနိုင်ရန်အတွက် ပညာပေးပို့နိုင်းပိုစတာများ စိုက်ထူခြင်းနှင့် ပညာပေးဟောပြောခြင်းများကို ဆောင်ရွက်လျက်ရှိသည်။



အချုပ်အားဖြင့် ဆိုရသော်–

ခရုစုပ်ငှက်များသည် မြန်မာနိုင်ငံ၌ အတော်အသင့် ကျန်ရှိနေပါသေးသည်။ ခရုစုပ်ငှက်များ အကောင်ရေများလေလေ လယ်သမားများကို ဒုက္ခပေးနိုင်သည့် ခရုများကို ပိုမိုနှိမ်နင်းနိုင်လေဖြစ်သဖြင့် လယ်သမားများကို အကျိုးပြုသည့် ခရုစုပ်ငှက်များကို ဝိုင်းဝန်းကာကွယ်ကြဖို့ တိုက်တွန်းရေးသားလိုက်ရပါသည်။

****

သစ်တစ်ဝင်ကောင်း၊
ငှက်တစ်သောင်း နားရီရာ

ရှင်သန်ကြွင်း

PDF Compressor Free Version





အစေ့အညှောက်၊ အပင်ပေါက်ဖွာ
ဘဝသစ်ဝင်၊ တောင်ဖိုးပြို
ရာသီကိုန်၊ မြေဆီကိုစား
ငိုးမွားရွေ့ကျော်၊ နိုးကြွေ့ကြော်လျှက်
အခြေခံတက်ကာ၊ ရွက်ဝေဆောပြီး
ကြီးထွားဝင်ရည်၊ သစ်ဝင်ခဲညှိနှိ
အချိန်တဲ့ကား၊ ရက်များ လချီ
အလီလီနှစ်၊ တိုးဖွံ့ကြာညောင်း
စုပေါင်းသမျှ၊ ရှည်ကြာလှပေါ့။





သစ်တစ်ဝင်ချင်း၊ သူ့အချင်းနဲ့သူ
လောကကျဉ်း၊ ပေါင်းစုခဲ့ကာ
အလွှာဆင်ဖါသည့်၊ လူ့ရွာဇွဲပြည့်
သာယာစည်ရေး၊ အရေးပေါင်းစုံ
အဖုံဖုံအတွက်၊ အသက်ရှင်သန်
ရုန်းကန်ကြိုးစား၊ တစ်တပ်အားဖို့။





ရှင်သန်ခြင်းအတွက်၊ ခက်ခဲများစွာ
ကျော်ဖြတ်လာရ၊ သဘာဝအတွင်း
ဝင်ရင်းမှလွဲ၊ ငုတ်ကိုခွဲထုတ်
လူနုတ်အသတ်၊ တစ်ရက်မကြာ
ခေတ္တာဖျဉ်နဲ့ ဝေးဖို့ရာ။
ရှင်သန်အခွင့်အရေး၊
စောင့်ရှောက်ပေးဖို
လောကသာစဖဲ့ အရေးကိုဖို။





အိမ်အတွင်း
(ဆောက်လုပ်)

****

သစ်တောကြွယ်ဝ
လုပချမ်းသာ၊ အနာဂတ်ကမ္ဘာ။

ကာတွန်းကဏ္ဍ



သဘာဝပတ်ဝန်းကျင်ကို
ထိန်းသိမ်းတဲ့ နလုံးသားနဲ့
ပျော်ရွှင်မှုအစစ်ကို ရှာပါ။

ရေကို နေရာမျိုးစုံမှာ
လူတွေ အသုံးပြုတယ်။



အသေးအဖွဲ ဆိုပြီး
မသိသင့်တာ တစ်ခုမှမရှိဘူး။
ကြီးမားလွန်းလို့ ဆိုပြီး
လက်လျော့သင့်တာ တစ်ခုမှမရှိဘူး။



သူ့ရဲ့ မြေဆီလွှာတွေကို
ဖျက်ဆီးတဲ့ နိုင်ငံဟာ
သူကိုသူ ဖျက်ဆီးနေတဲ့ နိုင်ငံဘဲ၊



ကမ္ဘာမြေကို ချစ်ခြင်းဖြင့်
တစ်ဦးကို တစ်ဦး
အမှန်တကယ် ချစ်ကြောင်း
သက်သေပြပါ။



APK

****



အညာအငွေ့အသက်တွေနဲ့ ခြောက်သွေ့ဖုန်ထူပြီး ပူပြင်းလှတဲ့ ရှင်မတောင်ဒေသရဲ့ လေထုထဲမှာဖုန်နုံတွေက ထောင်းထောင်းထနေလေသည်။ ရွာက်ကြွေတောတွေက အရိုးပြိုင်းပြိုင်းထနေပြီး၊ မော့ကြည့်လိုက်တဲ့ မိုးကောင်းကင်ကြီးကလည်း အပြာရောင်ဖျော့ဖျော့တိမ်တောက်တောက်နဲ့အမိုးပွင့်နေအိမ်ကြီးတစ်ခုလို ပူလောင်လွန်းလှပါတယ်။

သို့သော် ဤပူပြင်းခြောက်သွေ့မှုသည် ရှင်မတောင်ဒေသ ဧရိယာ ၁၄,၉၉၅ ဇော စိမ်းလန်းစိုပြည်ရေးအတွက် ကွင်းဆင်းဦးဆောင်နေသည့် စာရေးသူ (တောအုပ်ကြီး) ၏စိတ်ဓာတ်ကိုမူမယိမ်းယိုင်စေနိုင်ခဲ့ပါ။ ဤကြီးမားလှသော စိန်ခေါ်မှုကိုကျော်ဖြတ်ရန် စာရေးသူနှင့်အတူ စွမ်းစွမ်းတမံဆောင်ရွက်ပေးမည့်သူများဖြစ်သောတောအုပ်ကိုချစ်၊ တောခေါင်းဦးကျော်၊ တောကြပ်မောင်တင် စသည့် ညီအစ်ကိုအရင်းသဖွယ် အဖွဲ့လည်း ရှိနေသည်။

တောအုပ်ကိုချစ်ကတော့ မြေပုံညွှန်းတွေ၊ စိုက်ခင်းဧရိယာသတ်မှတ်ချက်တွေကိုကြည့်ပြီး စိုးရိမ်တကြီး ခေါင်းကုတ်နေရှာတယ်။ ''ကိုကျော်ခိုင်ဌေး... မိုးကလည်း လုံးဝရွာမယ့်ပုံမပေါ်ဘူးဗျာ။ အပူချိန်ကလည်း နေ့တိုင်း ၄၀ ဒီဂရီဆဲလ်စီးယပ်ကျော်နေတော့ ဒီနှစ်စိုက်ခင်းအသစ်တွေ အခြေအနေ မဟန်ဘူးဗျာ''

တောခေါင်းဦးကျော်က နဖူးကချွေးကို ခမောက်ကြီးနဲ့ ယပ်ခတ်ရင်း ဘေးကနေ ထောက်ခံလိုက်တယ်။ ''ဟုတ်ပ အုပ်ကလေးရာ... သဘာဝမိုးကိုပဲ ထိုင်စောင့်နေရင်တော့ ပျိုးပင်လေးတွေ အဖတ်တင်မှာ မဟုတ်ဘူး။ ကျွန်တော်တို့ ရေကို ကိုယ်တိုင်သယ်ပြီး လောင်းမှရမယ်'' စိုက်ခင်းစခန်းတဲဘေးနားက ပျိုးဘောင်တွေကို ပြန်သန့်နေတဲ့ခန္ဓာကိုယ်တောင့်တောင့်၊ အလုပ်လုပ်ရင်သွက်လက်တက်ကြွလွန်းတဲ့ တောကြပ်မောင်တင်ကလည်း ချက်ချင်းပဲ စကားဝိုင်းထဲ ဝင်လာပါတယ်။ ''ဆရာတို့ မပူနဲ့... ကျွန်တော်တို့ ဝန်ထမ်းတွေနဲ့ ဒေသခံတွေကို စည်းရုံးပြီး ရေလောင်းကြတာပေါ့။ ရေရှိတဲ့ချောင်းထဲကနေ ပုံးတွေ၊ ပြွန်တွေနဲ့သယ်ကြမယ်။ ဒီ ၂၅ ဇော စိုက်ခင်းကိုရှင်သန်အောင် ဖြစ်ထွန်းအောင် စိုက်ကြမယ်!''

ထိုနေ့မှစ၍ စာရေးသူဦးဆောင်တဲ့ စိမ်းလန်းစိုပြည်ရေးအဖွဲ့သားတွေဟာ ပူပြင်းလှတဲ့ နေရောင်အောက်မှာ နားရက်မရှိ ရုန်းကန်ကြပါတော့တယ်။ ''စိတ်မပူကြနဲ့... ရေရအောင်နည်းလမ်းရှာမယ်။ ဒေသခံမီးသတ်တပ်ဖွဲ့ဆီကို မီးသတ်ကားကူညီပေးဖို့ အကူအညီတောင်းပြီး ညှိနှိုင်းမယ်။ ပြီးတော့ မြို့နယ်နားချင်း မြိုင်သစ်တောက ရေကားကိုပါ ငှါးရမ်းပြီး အင်တိုက်အားတိုက် ရေလောင်းကြတာပေါ့!'' ဟု အားပေးလိုက်ကာ အစိုးရဌာနအချင်းချင်းညှိနှိုင်းစီမံမှုများကို ချက်ချင်း စတင်လုပ်ဆောင်ခဲ့ပါတော့တယ်။

ဌာနဆိုင်ရာအချင်းချင်း ရိုင်းပင်းကူညီမှုကအလွန်ပင်ဩဇာရလောက်သည် အများကြီးပင် မပြောရသေးကူညီကြသည် ''မီးသတ်ဦးစီးနဲ့က အခမ်းအနားတွေ၊ အစည်းအဝေးတွေမှာကတည်းက ရင်းနှီးပြီးသားဖြစ်သည့်အပြင် မြိုင်သစ်တောဦးစီးက သစ်တောတက္ကသိုလ်မှတစ်ကျောင်းထဲဆင်း ကိုအထက်မှ စိန်ယာဖြစ်၍ပင်'' ကံကောင်းခြင်းဖြစ်သည်။



မြိုင်သစ်တောရေကားဖြင့် ရှင်မတောင်ခြေပျိုးဥယျာဉ် ရေသယ်ယူနေပုံ
ရှင်မတောင်ဒေသစိမ်းလန်းစိုပြည်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့မှု မှတ်တမ်းဓာတ်ပုံများ

သို့သော် လုပ်ငန်းခွင်၌ ထင်သလောက်မချောမွေ့ခဲ့ပါ။ တစ်နေ့တွင် မြိုင်သစ်တောမှ ငှါးရမ်းလာသော ရေကားကြီးသည် ရှင်မတောင်၏မတ်စောက်ပြီး ကျောက်ဆောင်ထူထပ်သော တောင်ခြေလမ်းအတိုင်း ရေအပြည့်ဖြင့် တက်လာစဉ်– ''ဘုန်း... !!!'' ဆိုသည့် အသံကြီးနှင့်အတူ တစ်ကိုယ်လုံး တုန်ခါသွားကာ ရေကားကြီး တစ်စောင်း ဖြစ်သွားခဲ့သည်။

PDF Compressor Free Version

''အုပ်ကြီးရေ... ဒုက္ခပဲဗျာ။ မြိုင်ကင်ပါးလာတဲ့ ရေကားကြီး ဘီးပေါက်သွားပြီ။ လမ်းလယ်ခေါင်မှာ ပိတ်မိနေတယ်'' ဟု တောကြေပ်မောင်တင်က အပြေးအလွှား လာပြောလေသည်။ ပူပြင်းလှသောနေရောင်အောက်တွင် သံချေးတက်နေသော ဂျက်အိုးကြီးများကို မကာ၊ ကားဘီးလဲရန်ရုန်းကန်ရသည့် ဒုက္ခသည် မသေးလှပါ။ မြိုင်သစ်တောက ကားဖြစ်၍ ပိုမိုအားနာမိသလို၊ ရေကားကြီးရပ်တန့်နေစဉ်အတွင်း ပျိုးပင်လေးများ ညှိုးခြောက်သွားမည်ကိုလည်း စိုးရိမ်ရပြန်သည်။ ကျွန်တော်ကိုယ်တိုင် ရှေ့ဆုံးကနေပြီး ဝန်ထမ်းများကို အားပေးကာ၊ ဒေသခံများနှင့်ဝန်ထမ်းများ စည်းလုံးညီညွတ်စွာဖြင့် ကားဘီးကို အမြန်ဆုံးလဲလှယ်နိုင်ခဲ့ပြီးမှ သက်ပြင်းချနိုင်ခဲ့ကြသည်။

ရေကားများစိုက်ခင်းအနီးသို့ရောက်ရှိလာချိန်တွင် ကျွန်တော်သည် ကွပ်ကဲရုံတင်မဟုတ်ဘဲ ဝတ်ဆင်ထားသော ယူနီဖောင်းကို ချွတ်ကာ၊ ပုဆိုးခါးတောင်းကျိုက်ပြီး ကိုယ်တိုင်ကိုယ်ကျ ပျိုးပင်လေးများ၏ အမြစ်ဆီသို့ ရေများကို စိတ်ရှည်လက်ရှည် လောင်းပေးခဲ့သည်။

''အုပ်ကြီး...ကျွန်တော်တို့ ထမ်းပေးပါမယ်'' ဟု တောခေါင်းဦးကျော်က အားနာတကြီး ပြောသော်လည်း ကျွန်တော်က ခေါင်းယမ်း ပြုံးပြလိုက်သည်။ ''ရတယ် ဦးကျော်... ကျွန်တော်တို့ကိုယ်တိုင်စိုက်ပျိုးတဲ့ ပျိုးပင်လေးတွေ အသက်ရှင်ဖို့က ကျွန်တော်တို့အားလုံးရဲ့ တာဝန်ပဲဗျ။ အတူတူလုပ်ကြတာပေါ့'' ဟု ပြောလိုက်သည်။

ကိုယ်တိုင် ချွေးတလုံးလုံးဖြင့် ရှေ့တန်းကနေ ရေလောင်းပျိုးထောင်ပေးနေသည်ကို မြင်ရသောအခါ ကျွန်တော့် အဖွဲ့သားများသာမက ဒေသခံရွာသားများပါ တက်ကြွမှုများ ကူးစက်ကုန်ကြသည်။

တောခေါင်းဦးကျော်က ရှေ့ဆုံးကနေ ရေပုံးတွေ ထမ်း၊ ရေသယ်ယာဉ်တွေနဲ့ ချွေးတလုံးလုံး ဖုန်တထောင်းထောင်းကြား စိုက်ခင်းထဲရေလောင်းပျိုးထောင်မှုကို အားသွန်ခွန်စိုက်ဆောင်ရွက်ခဲ့ပြီး။ တောအုပ်ကိုချစ်ရဲ့ စိုက်ခင်းအနီးကပ်ကြီးကြပ်မှုနဲ့ တောကြေပ်မောင်တင်ရဲ့ လုပ်အားစွမ်းပကားတွေ ပေါင်းစပ်ပြီး ရှင်မတောင်ရဲ့တောင်ခြေက ၂၅ ဇက စိုက်ခင်းလေးဟာ မိမိတို့ကြိုးစားအားထုတ်မှုကြောင့် မကြာမီမှာ စိမ်းလန်းစိုပြည်စပြုလာခဲ့ပါတယ်။



ရှင်မတောင်ခြေပျိုးဥယျာဉ် ရေလောင်းနေစဉ်



စိုက်ခင်းစခန်းတဲအနီး ပျိုးပင်များရေလောင်းနေစဉ်
ရှင်မတောင်ဒေသစိမ်းလန်းစိုပြည်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့မှု မှတ်တမ်းဓာတ်ပုံများ



မီးသတ်ဦးစီးဌာနရေကားခြင့် ရေလောင်းခြင်းဆောင်ရွက်နေပုံ


စိုက်ခင်းစခန်းတဲအနီးရှိ ပျိုးဘောင်များရေလောင်းနေပုံ
ရှင်မတောင်ဒေသစိမ်းလန်းစိုပြည်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့မှု မှတ်တမ်းဓာတ်ပုံများ



၂/၂၀၁၉ အခြားစိုက်ခင်း(၂၅)ဇကအား ရေလောင်းစိုက်ပျိုးနေပုံ



၂/၂၀၁၉ အခြားစိုက်ခင်း(၂၅)ဇကအား ရေလောင်းစိုက်ပျိုးနေပုံ
ရှင်မတောင်ဒေသစိမ်းလန်းစိုပြည်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့မှု မှတ်တမ်းဓာတ်ပုံများ

ဇွန်လနှင့် ဇူလိုင်လများတွင် မိုးမရွာသွန်းသဖြင့် ဩဂုတ်လ (၁) ရက်နေ့မှ စတင်ကာ ရေလောင်းစိုက်ပျိုးခဲ့၍ ပျိုးပင်လေးများအသက်ဆက်နိုင်ခဲ့ပေမဲ့၊ ရေရှည်အတွက် သဘာဝမိုးက မရွာသွန်းဘဲ တိမ်တွေက ကောင်းကင်ထက်မှာတင် ပျောက်ကွယ်နေဆဲ ဖြစ်ပါတယ်။ ကုန်းမြေတွေက ကွဲအက်လာပြီး ရေတွင်း ရေကန်တွေလည်း ခန်းခြောက်လာခဲ့ပါပြီ။ ''မိုးမရွာရင်တော့ ရေလောင်းရတာလည်း ရေရှည်မခံဘူး ဆရာ... ရွာသူရွာသားတွေလည်း စိုးရိမ်နေကြပြီ။ ရိုးရာအရ မိုးခေါ်ပွဲတွေ လုပ်မှထင်တယ်'' လို့ တောခေါင်းဦးကျော်က အကြံပြုလာပါတယ်။

ကျွန်တော်တို့ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဝန်ထမ်းတွေဟာ သဘာဝပတ်ဝန်းကျင်ကို သိပ္ပံနည်းကျထိန်းသိမ်းရုံတင်မက ဒေသခံတွေရဲ့ယုံကြည်ကိုးကွယ်မှုကိုလည်း တလေးတစား ပူးပေါင်းပါဝင်ဖို့ ဆုံးဖြတ်လိုက်ကြပါတယ်။ တစ်ညနေခင်းမှာတော့ ရှင်မတောင် တောင်ခြေက ဘုန်းတော်ကြီးကျောင်းဝန်းထဲမှာ ရွာသူရွာသားတွေ စုဝေးခဲ့ပြီး စိမ်းလန်းစိုပြည်ရေးအဖွဲ့သားတွေဟာ ရှေ့ဆုံးကနေ နေရာယူထားကြပါတယ်။

PDF Compressor Free Version

ညနေခင်း လေပူတွေ တိုက်ခတ်နေချိန်မှာ ဘုန်းတော်ကြီးတွေရဲ့ ဦးဆောင်မှုနဲ့ ဒေသခံတွေက သံပြိုင် ပင်္ဂလိုလိုက်တဲ့ **“ငါးရံမင်း ပရိတ်တော်”** သံက ဟိန်းထွက်သွားပါတယ်။

“သတ္တဝါတွေ ဘေးကင်းပါစေ... သစ္စာတရားရဲ့ စွမ်းအားနဲ့ မိုးနတ်မင်း ကူညီပါစေ... ”

ပရိတ်တရားတော်တွေ ရွတ်ဖတ်အပြီး နောက်တစ်နေ့ မနက်မှာတော့ တောင်ခြေက အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနရဲ့ အခြေစိုက်စခန်းအနီးမှာ **မိုးခေါ်ကန်တော့ပွဲ**ကို ရွာထဲက ရွတ်တတ်ဖတ်တတ်တဲ့ အဘိုးကိုဖိတ်ခေါ်ပြီး ကန်တော့ပွဲထိုးကြပါတယ်။ အုန်းပွဲ၊ ငှက်ပျောပွဲတွေနဲ့ မိုးနတ်မင်းကို ပူဇော်ပသကြပြီးနောက်၊ ရှင်မတောင်ဒေသရဲ့ ပျော်စရာအကောင်းဆုံး ရိုးရာဖြစ်တဲ့ **“မိုးခေါ်လွန်ဆွဲပွဲ”** ကြီးကို စိုက်ခင်းထဲမှာပဲ စတင်ပါတော့တယ်။



စိုက်ခင်းအတွင်းတွင် လွန်ဆွဲပွဲကျင်းပနေပုံ စိုက်ခင်းအတွင်းတွင် လွန်ဆွဲပွဲကျင်းပနေပုံ ကန်တော့ပွဲပေးတဲ့ မိုးခေါ်ခေါ်ပုံများ

ရှင်မတောင်ဒေသစိမ်းလန်းစိုပြည်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့မှု မှတ်တမ်းဓာတ်ပုံများ

“ဆွဲဟေ့... မြအောင်ကိုင်ထား... ရုန်းဟေ့... ရုန်းဟေ့... ဟိုဘက်က အပျော့တွေကွ... ဟေး... !!!”

ရွာတောင်ပိုင်းနဲ့မြောက်ပိုင်း အပြိုင်အဆိုင်ဆွဲကြတဲ့လွန်ဆွဲပွဲကြီးမှာ တောကြပ်မောင်တင်က လွန်ကြိုးကြီးကိုခါးမှာပတ်ပြီး အင်တိုက်အားတိုက် ဆွဲပေးနေသလို၊ တောအုပ်ကိုချစ်နဲ့တောခေါင်းဦးကျော်တို့က လည်း ဒေသခံတွေနဲ့အတူ လက်ခုပ်တီးပြီး ပျော်ပျော်ပါးပါး အားပေးကြပါတယ်။ တောင်ခြေတစ်ခုလုံး ဖုန်လုံးကြီးတွေ ထသွားအောင် လူတွေရဲ့ အော်ဟစ်သံ၊ ရယ်မောသံတွေနဲ့ ဆူညံသွားပြီး ရှင်မတောင်ရဲ့ပူပြင်းခြောက်သွေ့တဲ့အပူရှိန်ကိုတောင် ပျော်ရွှင်မှုတွေက ဖုံးလွှမ်းသွားခဲ့ပါတယ်။

ထူးခြားဆန်းပြားတာကတော့... ရိုးရာ ယုံကြည်မှုတွေ၊ ပရိတ်တရားတော်တွေရဲ့သစ္စာအစွမ်းကြောင့်ပဲ ဖြစ်မလား၊ လူသားတွေရဲ့ စွမ်းစွမ်းတမံ ကြိုးစားအားထုတ်မှုကြောင့်ပဲလား မသိရဘဲ... လွန်ဆွဲပွဲပြီးလို့ သိပ်မကြာခင် ရက်ပိုင်းအတွင်း သြဂုတ်လ (၁၂) ရက်နေ့မှာပဲ ကောင်းကင်ပြာကြီးဟာ တစ်စတစ်စ မည်းမှောင်လာခဲ့ပါတယ်။

ရှေးဦးစွာ... မြေကြီးထဲမှ ပူပြင်းတဲ့ မြေအနှံတွေ ထွက်လာပြီးနောက်၊ ရှင်မတောင်ထက်ကို မိုးစက်မိုးပေါက်တွေက တဖွဲဖွဲစတင် ကျဆင်းလာပါတော့တယ်။ ဖြိုးဖျောက်... ဖြိုးဖျောက်... ဝေါ ဝေါ...!!!

ထို့နောက်မှာတော့ တစ်ခဲနက် ရွာချလိုက်တဲ့ သဲသဲမဲမဲ မိုးကြီးဟာ ပူပြင်းလှတဲ့ ၂၀၁၉ ခုနှစ်ရဲ့ ရှင်မတောင်မြေပြင်ကို အေးချမ်းသွားစေခဲ့ပါတော့တယ်။

ကျွန်တော်နဲ့ အဖွဲ့သားတွေဟာ စိုက်ခင်းထဲမှာ မိုးရေတွေ စိုရွှဲလျက် ရပ်ကြည့်ရင်း ဝမ်းသာအားရ လက်ချင်းဆုပ်ကိုင်ထားမိကြပါတော့တယ်။ အပင်ပန်းခံ ရေလောင်းစိုက်ပျိုးခဲ့ တဲ့ **၂/၂၀၁၉ အခြားစိုက်ခင်း (၂၅) က စိုက်ခင်းလေး** ဟာ အခုတော့ သဘာဝမိုးရေကို ဝဝလင်လင် သောက်သုံးပြီး၊ စိမ်းစိုလန်းဆန်းတဲ့သစ်ရွက်စိမ်းလေးတွေနဲ့ လေထဲမှာ ယိမ်းကစားနေပါတော့တယ်။

“ကျွန်တော်တို့ စိုက်ခင်းလေးကတော့ အိုကေမှာစိုပြေပြီဗျို့အုပ်ကြီးရေ...တောကြပ်မောင်တင်က မိုးရေထဲမှာ ပြုံးလျက် အော်ပြောလိုက်ပါတယ်။ “ဟုတ်တယ် ကိုတင်... ဒါဟာကျွန်တော်တို့ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးအဖွဲ့သားတွေရဲ့ စည်းလုံးမှုနဲ့ ဒေသခံတွေရဲ့ သစ္စာတရားကြောင့် ရလာတဲ့ မိုးပဲဗျ” လို့ ကျွန်တော်က မိုးရေတွေစိုရွှဲနေတဲ့ မျက်နှာထက်က အပြုံးနဲ့အတူ ပြန်လည် ပြောကြားလိုက်ပြီး ရှင်မတောင်ဒေသစိမ်းလန်းစိုပြည်အောင် ဖန်တီးပေးခဲ့တဲ့ ဒီမှတ်တမ်းတင်ထိုက်တဲ့ ၂၀၁၉ ခုနှစ်ကို ဘယ်တော့မှ မေ့နိုင်တော့မည် မဟုတ်ပါ။



ဒိုးရွာသွန်းဒေသအား စိုက်ခင်းစခန်းတဲအတွင်းမှ မှတ်တမ်းတင်ထားပုံ
ရှင်မတောင်ဒေသစိမ်းလန်းစိုပြည်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့မှု မှတ်တမ်းဓာတ်ပုံ



စိုက်ပျိုးပြီး တစ်လအကြာ စိုက်ခင်းဒေသပြည်မှ မှတ်တမ်းဓာတ်ပုံ

PDF Compressor Free Version



မောင်ဖိုးထွန်း အသက် ၂၀ လောက် သစ်တော ဝန်ထမ်းဖြစ်သည်မှစ၍ အမဲပစ်မှဆိုးလုပ်ခဲ့တာပါ။ လက်ဦး ဆရာတွေက တောတွင်းခြေသံမမြည်အောင် လမ်းလျှောက်တာ၊ သားကောင်ခြေရာတွေ့ရင် အသစ်လား အဟောင်း လားခွဲခြားတာ၊ ခြေရာအသစ်ဆိုရင် ဘယ်လောက် ကြာပြီ အခုလိုက်ရင် သားကောင်ကိုမှီ မမှီ၊ ဘယ်လိုနေရာ ကပစ်လိုက်ရင် သားကောင်ကိုမှန်မမှန်၊ နေရာမှာလဲ မလဲ၊ ပြေးသွားတဲ့သားကောင်ကို ခြေရာခံပြီးလိုက်တဲ့ မုဆိုးပညာ အခြေခံတွေသင်ပေးခဲ့ပါတယ်၊ နှစ်ပေါင်း ၃၀ ကျော်အမဲပစ် ခဲ့တာ ယုန် ကြောင်လိုအကောင်သေးအစ စိုင်ပြောင်လို အကောင်ကြီးတွေကို ပစ်ရခဲ့ပါတယ်၊ အထူးသဖြင့် ကျား တစ်ကောင်၊ ကျားသစ်နှစ်ကောင် ပစ်လို့ရဘူးပါတယ်၊ အသက် ၄၀ ကျော်လာတော့ အရင်လို တမင်လိုက်မပစ် ပေမဲ့ တောသွားရင်း ကြုံရင်ကြုံသလို အမဲပစ်ခဲ့ပါသေး တယ်။ မောင်ဖိုးထွန်း အမဲပစ်တဲ့မုဆိုးဘဝကို လုံးဝ ဇာတ်သိမ်းခဲ့တာက ထူးဆန်းလှပါတယ်။

၂၀၀၂ ခုနှစ် သစ်တောဦးစီးဌာန၊ မိုးမိတ်မြို့နယ် ဦးစီးအရာရှိရာထူးနဲ့တာဝန်ကျတယ်။ မိမိမြို့နယ်ထဲမှာ အိမ်နီးချင်းတဖက်နိုင်ငံက တရားမဝင်သစ်ခိုးထုတ်သူတွေ ဝင်ရောက်လာပြီး သဘာဝတောထဲမှာ ကျွန်းပင်တွေကို ရွေးချယ်နေတဲ့ သတင်းရတော့ အထက်အဆင့်ဆင့်တင်ပြ ပြီး တပ်မတော်၏လုံခြုံရေး အကူအညီရယူကာ လိုက်လံ ရှာဖွေဖမ်းဆီးဖို့ဖြစ်လာပါတယ်။ အဲ့မှာ ဗိုလ်မှူးတစ်ယောက် ဦးစီးတဲ့ တပ်မတော်သားတွေနဲ့အတူ ဖမ်းဆီးရေးစစ်ကြောင်း ထွက်ပါတယ်။ စစ်ကြောင်းက ရွှေလီမြစ်ရဲ့ တောင်ဘက် ကမ်း မိုးလိုရွာနားအထိ လိုက်လံရှာဖွေတာ ကျွန်းပင်တွေမှာ ခုတ်လှဲယူမယ့် အပင်ဆို အမှန်သင်္ကေတ၊ သူတို့မကြိုက်လို့ မခုတ်စေလိုတဲ့အပင်ဆို ကြက်ခြေခတ်သင်္ကေတ၊ ဆေးအနီ နဲ့ အမှတ်အသားလုပ်ထားတာတွေ တွေ့ရပြီး တရားမဝင် သစ်ခုတ်သူ၊ သစ်သူခိုးတွေကိုတော့ တစ်ယောက်မှ မတွေ့ ရဘူး။

တရားမဝင်သစ်ဖမ်းဆီးရေးဆောင်ရွက်ရတာ သတ် မှတ်တဲ့ ရက်ကုန်ကာနီးတဲ့ ညနေမှာ သတ်မှတ်တဲ့ နေရာကို ရောက်ပြီး ညအိပ်ရပ်နားပါတယ်။ အဲ့ဒီညမှာ ဂျီ (ချ) တစ်ကောင် စခန်းနား လာဟောက်နေတဲ့အသံက ညအချိန်မှာ သိသာလှတယ်၊ အိပ်ရာထဲလဲနေတဲ့ မောင်ဖိုးထွန်းက ''ဒီ ဂျီတော့သေချင်နေပြီ'' လို့ပြောမိတာ ဗိုလ်မှူးက ''ဦးဖိုးထွန်း သေနတ်ပစ်တတ်လား'' တဲ့၊ မောင်ဖိုးထွန်းက ''ကျွန်တော်က မုဆိုးလေ'' လို့ပြောတော့ ဗိုလ်မှူးက ''ဒါဆို ဟင်းစား ရအောင်သွားပစ်ဗျာ'' ဆိုပြီး ကျည်တစ်ကတ်နဲ့ ဂျီသတီး (G 3) တစ်လက်ပေးပါတယ်။

စခန်းအနီးဖြစ်တာကြောင့် အဖော်မခေါ်ဘဲ မောင်ဖိုးထွန်းတစ်ယောက်တည်း လက်နှိပ်ဓာတ်မီး ထိုးပြီး ခြေသံလုံလုံနဲ့ မုဆိုးချောင်း ချောင်းသွားပါတယ်။ ဂျီကို တွေ့တော့ ဓာတ်မီးလဲထိုး ပစ်လဲပစ်လိုက်ပါတယ်။ အနှစ်နှစ် အလလ သားကောင်ပစ်လာတဲ့၊ မောင်ဖိုးထွန်းလက်က တိကျလှတယ်။ သေနတ်ထိမှန်တဲ့ဂျီက နေရာမှာ ချက်ချင်း လဲ မသွားဘဲ ထွက်ပြေးတာကြောင့် မောင်ဖိုးထွန်းက လက်နှိပ်ဓာတ်မီးအလင်းရောင်နဲ့ သွေးစက်၊ ခြေရာတို့ ကြည့်ပြီး နောက်ကလိုက်ကြည့်တာ ဝါးသုံးပြန်ကျော်လောက် မှာ လိုက်မှီတယ်။ ဓာတ်မီးအရောင်နဲ့ မောင်ဖိုးထွန်း လှုပ်ရှားလာမှုတွေကြောင့် ဂျီက ထွက်ပြေးသွားပြန်ပါတယ်။ ဒီအတိုင်းဆို လိုက်လေပြေးလေ ဝေးလေဖြစ်မှာစိုးတော့ ဆက်မလိုက်ပဲ စခန်းပြန်လာပါတယ်။ စခန်းအရောက် ဗိုလ်မှူးက ''သေနတ်သံတော့ ကြားမိလိုက်တယ်၊ ဘယ်လို လဲတဲ့'' မောင်ဖိုးထွန်းက ''ပစ်တာထိတယ်၊ ချက်ကောင်း မထိတော့ နေရာတင်မလဲဘူး မနက်ကျမှ သွားထမ်း ကြမယ်''လို့ ပြောလိုက်ပါတယ်။

မနက်လင်းလင်းခြင်း သွားရှာလိုက်တော့ဂျီသေကို တွေ့ရပါပြီ။ ရဲဘော်တွေ ဂျီကို ဖျက်နေတုန်း ဗိုလ်မှူးနဲ့

PDF Compressor Free Version

မောင်ဖိုးထွန်းတို့ မြေသားကားလမ်းဟောင်းလေးအတိုင်း ပတ်ဝန်းကျင်ကိုလေးစားလျှက်ပြုပြင်ထားသော နတ်နန်းချောင်းကို ဖြတ်တဲ့တံတားပေါ်ရောက်တော့ခဏရပ်ပြီး ချောင်းရေစီးတာကိုကြည့်နေတုန်း ချောင်းရေထဲမှာ ပုတီးတစ်ကုံးမျှလာတာတွေ့လို့ မောင်ဖိုးထွန်း ရေထဲဆင်းဆယ်ယူလိုက်ပါတယ်။ သစ်တောကြိုးဝိုင်းထဲ ရွာမရှိ၊ လူတွေရှိရင်လဲ ဗုဒ္ဓဘာသာမဟုတ်တဲ့ ကချင်၊ လီဆူး တိုင်းရင်းသားတွေပဲ ရှိတဲ့နေရာဖြစ်တာကြောင့် ခုလိုနေရာမှာ ပုတီးတွေရတာ တော်တော်ထူးဆန်းပါလား. လို့ မောင်ဖိုးထွန်းနှုတ်ကလည်း ရွတ်မိတယ်။ ထူးဆန်းတယ်ဆိုတာထက် ထူးခြားတာလို့ ပြောရပါမယ်။ ပုတီးကိုကိုင်ရင်း မောင်ဖိုးထွန်းစိတ်ထဲလည်း အမည်မဖော်ပြတတ်တဲ့ခံစားမှုတစ်ခုကို ခံစားရသလိုလို ဖြစ်မိတယ်။

မောင်ဖိုးထွန်းနဲ့ပိုလ်မှူးက နှစ်ယောက်လုံး စနေသားတွေ၊ နေရာဖြစ်တဲ့ ချောင်းအမည်က နတ်နန်းချောင်း စနေနံ၊ ရေစီးနဲ့မျှောလာတာက ပုတီး (သက်မဲ့) စနေ၊ ဖြစ်စဉ်ဖြစ်တဲ့နေ့က စနေနေ့၊ စိတ်ထဲမှာထူးခြားလွန်းနေလို့ မောင်ဖိုးထွန်းကစိတ်ထဲမှာတစ်ခုခုတွေးပြီး ''ပိုလ်မှူးရေ ကျွန်တော်စိတ်ထဲ ထူးခြားနေသလိုပဲဗျ၊ ဒီပုတီးကို ပိုလ်မှူးယူမလား'' လို့မေးလိုက်ပါတယ်၊ ပိုလ်မှူးက ခဏစဉ်းစားပြီး ''ကျွန်တော်မယူပါဘူး ဦးဖိုးထွန်းပဲယူပါ'' တဲ့

''ကဲ ဒါဆို ကျွန်တော်ပဲယူလိုက်ပါမယ် ဒီနေ့က စနေနေ့ နေရာက နတ်နန်းချောင်း၊ ကျွန်တော်တို့နှစ်ယောက်က စနေသားတွေ ပုတီးကသက်မဲ့ စနေနံ၊ နောက် လူအရောက်နည်းတဲ့ တောကြီးထဲမှာ တိုက်တိုက်ဆိုင်ဆိုင် ဒီနေရာကို ကျွန်တော်တို့ရောက်ချိန်နဲ့ ပုတီးမျှလာတဲ့ အချိန်ကွက်တိဖြစ်နေတာ အဲဒီတော့ ဒီနေ့ကစပြီး ကျွန်တော့် ဘဝအတွက် ထူးထူးခြားခြားဖြစ်သွားအောင် မှတ်မှတ်ထင်ထင် တစ်ခုခုတော့လုပ်မယ်လို့ခံယူတယ်''

''ဦးဖိုးထွန်းမှာ ဘာအစီအစဉ်ရှိတာလဲ'' လို့ ပိုလ်မှူးကမေးတာ မောင်ဖိုးထွန်းကပြန်မဖြေဘဲ၊ တံတားထပ်အနီးရှိ ကုန်းကမူပေါ်တက်သွားကာ ''ဒီနေ့ဒီအချိန်ကစပြီး ကျွန်တော်မောင်ဖိုးထွန်း အမဲမပစ်တော့ပါခင်ဗျား၊ ကျွန်တော်မောင်ဖိုးထွန်း အမဲမပစ်တော့ပါခင်ဗျား'' လို့ နှစ်ခါဆင့်အော်လိုက်ပါတော့တယ်။ ပိုလ်မှူးက ကျွန်တော့်ကို ငေးကြည့်ပြီးနောက် ''တကယ်ပဲလား ဦးဖိုးထွန်းရာ'' တဲ့။ ''တကယ်ပါ ပိုလ်မှူး နှစ်ပေါင်းသုံးဆယ်ကျော် အမဲပစ်လာတာ အခုကစအဲ့အလုပ်ကိုစွန့်ပြီလို့ ဆုံးဖြတ်လိုက်ပြီ'' လို့ ပြောပြီးချိန်မှာ မောင်ဖိုးထွန်းစိတ်ထဲမှာ လွတ်လပ်ပေါ့ပါးသလို ခံစားလိုက်ရတယ်။ ထူးခြားတာကထပ်လာပါသေး တယ်။ မောင်ဖိုးထွန်းတို့စစ်ကြောင်းအဖွဲ့ စခန်းကိုအပြန် လမ်းဘေးမှာ မီးဖိုလေးနဲ့ လူတယောက်တွေ့လို့ မေးမြန်းတော့ သစ်သူခိုးတွေရဲ့သစ်စက်မှာ သစ်ထမ်းတဲ့သူဖြစ်နေပါတယ်။ သူ့ကျောပိုးအိတ်ကိုဖွင့်ကြည့်ပြီး စစ်ဆေးလိုက်တာ ရေးမှတ်ထားတဲ့ မှတ်စုစာအုပ် တွေ့ရတယ်။ နောက်လူကို စစ်ဆေးမေးမြန်းတော့ သစ်သူခိုးတွေနေတဲ့နေရာအတိအကျ သိရတာကြောင့် သက်ဆိုင်ရာကို ဆက်သတင်းပို့လိုက်တယ်။ မကြာပါဘူး၊ သတင်းဆက်သွယ်ချက်တွေအရ မိုးလို ရွာမှာ စခန်းချနေတဲ့တပ်မတော်ဆီ သတင်းဆက်ပို့ပြီး ဖမ်းခိုင်းလိုက်တာ တစ်ဖက်နိုင်ငံသား သစ်သူခိုး ၁၁ ယောက်ကို မိလာပါတော့တယ်။ သစ်သူခိုးတွေဆီမှာ သစ်ထမ်းသူအမည်က ထွန်းအောင်ကျော် တဲ့။ မိုးကုတ်ဇာတိဖြစ်ပြီး သူအလုပ်လုပ်ရာမှာ နေ့စဉ်မှတ်တမ်းနဲ့တကွ စနစ်တကျ မှတ်တမ်းတင်ထားတာ တွေ့ရတယ်။ စစ်ကြောင်းအဖွဲ့က စစ်ဆေးမေးမြန်းတာကိုလည်း အမှန်အတိုင်း ဝန်ခံထွက်ဆိုပေးတယ်၊ သူ့ကြောင့် တရားမဝင်သစ်ဖမ်းဆီးရေးအလုပ်အဆင်ပြေစွာ လုပ်ဆောင်နိုင်ခဲ့တယ်။

''ခင်ဗျားက ဘာနေ့သားလဲဗျ'' လို့ မောင်ဖိုးထွန်းမေးကြည့်တော့–

''စနေသားပါခင်ဗျား'' တဲ့။

ကဲ စနေသား၊ စနေနံ၊ စနေအမည်တွေ စုစည်းမိနေတာ သာမန်တိုက်ဆိုင်သည်တော့ မဖြစ်နိုင်၊ ထူးခြားသည်တော့ အမှန်ပါ။ မည်သို့ဆိုစေ သစ်တောဝန်ထမ်းဖြစ်သူ မောင်ဖိုးထွန်းတစ်ယောက် အဲ့သည်နေ့ကစ ယနေ့တိုင် သူတစ်ပါးအသက်ထိခိုက်စေတဲ့ မုဆိုးအလုပ်ကိုဖြင့် ဇာတ်သိမ်းခဲ့ပါသည် ခင်ဗျာ–

ဆူညံသံဟာလည်း
သဘာဝ ပတ်ဝန်းကျင်
ထိခိုက်မှု တစ်မျိုးပဲ။။



ဖြိုဟ်ရာသီ တန်ဆောင်မုန်းလဖွဲ့

(ဝါဖြူရှိ)

PDF Compressor Free Version

သစ်တောစကြွေးမုံ

လူကထိန်သင်္ကန်းနှင့်
မင်္ဂလာဆောင်တဲ့ဆုပန်ရွယ်၊
သည်ချိန်ကို ဝတ်မှုန်ကြဲပါလို့ ၊
ဆဲဒေ့ရွာဦးမှာကွယ်၊
သင်းရနံ့ကြွယ်၊
ကောင်းကင်လယ် ထက်ဝယ်ဘုံဦး၊
ငွေလစန္ဒာနှင့်
ကြတ်ကာ ကြယ်ပြောင်ရှုန်းတယ်၊
ဘိုကွယ်...တွန်းထိန်လို့ပြုံး။

ငွေစန်းရယ်တဲ့ဥဿဘီ၊
ရွှေကျီးယော်တာရောနှင့်၊
ကြတ်ကာယှဉ်ပြိုင် လျှမ်းတယ်ကွယ်...
ချစ်စရာသီ။
လူကထိန် ခါတော်မွေ့ယော်နှင့်၊
ဆဲမွှင့်ဝါစီစီ၊
သာကြည့်လို့ပြုံးရင်း။

တန်ဆောင်မုန်းမှာတော့
မြတ်ဘုန်းဝါထိန်ထိန်နှင့်
သန္ဓိရှိန် လူတော်မွေ့မှာလှ၊
ဘဂဝါတစ်ကြိမ်လ အမြဲယော်ကွယ်...
သံ့ခြွံ့ခြွံ့လင်း။

မိုးသူတော် ဦးမင်း



သစ်တောဦးစီးဌာနမှ လစဉ်ထုတ် သစ်တောကြေးမုံစာစောင်များအား https://forestdepartment.gov.mm
Website နှင့် forestry extension facebook account တို့တွင် ဝင်ရောက် ဖတ်ရှုနိုင်ပါသည်။